www.burmeseclassic.com

တံခွန်တိုင်
ဆ ချပ် တိုက်

# ရာဇဝင်ကို

ယခုနှစ်တွင်ရာသီဥတု
ကောင်းမွန်သောကြောင့်
အချစ်များထွက်နှုန်းတိုး၏

BURMESE CLASSIC .com



www.burmeseclassic.com


www.burmeseclassic.com

# ရာဇဝင်ကို

**ယခုနှစ်တွင်...**

ရာသီဥတု **ကောင်းမွန်သောကြောင့်**

**အချစ်များ** ထွက်နှုန်းတိုး၏။



www.burmeseclassic.com

www.burmeseclassic.com








# ၁

BURMESE CLASSIC .com

သူကြီးဦးဘိုလေးရဲ့ မောင်းထုသံထွက်ပေါ်လာပြီး မကြာခင်မှာပဲ သူကြီးရဲ့အိမ်ရှေ့ကို ပန်းသွင်းကြီး ရွာသူရွာသားတွေ စုရုံးရောက်ရှိလာကြတယ်။ ဒါပေမယ့် အများစုကတော့ မကျေနပ်တဲ့ မျက်နှာတွေနဲ့ပါ။

မကျေမနပ်ဖြစ်မယ်ဆိုလည်း ဖြစ်လောက်တယ်လေ။ သူကြီးဦးဘိုလေးက ဒီရွာမှာ သူ သူကြီးဖြစ်ပါပြီ ဆိုကတည်းကိုက အားအားရှိ ဒီမောင်းကြီးကိုပဲ ထုနေတော့တာ။ ဒီလို သူမောင်း ထုပြီးခေါ်တာကို ရွာသူရွာသားတွေက မကျေနပ်ကြဘူးဆိုတာကို လည်း ဦးဘိုလေးက သိတယ်။ ဒီတော့ ဦးဘိုလေးက သူ့မိန်းမ သူကြီးကတော် ဒေါ်ချယ်ရီရဲ့အကြံဉာဏ်နဲ့ အိမ်ရှေ့မှာ အလှူခံ ပုံးကြီးတစ်ခုကို နေ့စဉ် နေထွက်ကနေဝင် ချထားပြီး သူမောင်းတီး လို့ရှိရင် တစ်အိမ်တစ်ယောက်လာရမယ်။ အဲဒီလိုမှ မလာလို့ကတော့ အဲဒီအိမ်ဟာ ဒဏ်ခတ်ခံရတဲ့အနေနဲ့ အလှူခံပုံးထဲကို အလှူငွေ တစ်သောင်းထည့်ရမယ်ဆိုပြီး အမိန့်ထုတ်ထားလိုက်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရွာသူရွာသားတွေက သူကြီးကိုကြောက်လှတယ်မဟုတ်ဘဲ အလျှုံခံပုံးကြီးကို ကြောက်လှစွာနဲ့ သူကြီးမောင်းတီးတိုင်း လုပ်လက်စအလုပ်ကို ပစ်ချခဲ့ပြီး သူကြီးအိမ်ရှေ့ကို လာရတော့တာပဲ။

သူကြီးဦးဘိုလေးကလည်း ရွာသူရွာသားတွေက မောင်းကိုကိုလို့ ခေါ်ရလောက်အောင်ကို မနက်မိုးလင်းပြီဆိုကတည်းက ဒီနေ့ ဘယ်လိုအကြောင်းအရာနဲ့ မောင်းထုရပါ့မလဲလို့ တွေးနေတတ် တာလေ။ ထွေထွေထူးထူးမောင်းထုစရာ အကြောင်းပြချက်ရှာမတွေ့ ရင်တောင် သူ့မိန်းမဒေါ်ချယ်ရီရဲ့ ထမီတစ်ထည်လောက်ကို သူ့ဘာသာ ဝှက်ထားပြီး ရွာသူရွာသားတွေကို မောင်းထုခေါ်ပြီးတော့မှ ဘယ်သူခိုးသလဲမေးတော့တာ။ ဒီတော့ ဘယ်သူကမှ သူကြီးဦးဘိုလေး မောင်းထုတာကို မကျေနပ်ကြဘူး။ သူကြီး ဦးဘိုလေး မောင်းထုပြီဆိုတာနဲ့ တစ်ရွာလုံး မကျေမနပ် ရေရွတ်သံတွေနဲ့ ဆူညံပွက်လောရိုက်သွားတော့တာပဲ။

ဒါပေမယ့် ဘယ်သူမှတော့ မလာဘဲမနေရဲကြဘူး။ သူကြီးကို ကြောက်လို့မဟုတ်ဘဲ အလျှုံခံပုံးကြီးကို ကြောက်လို့လေ။

အခုလည်း သူကြီးဦးဘိုလေးအိမ်ရှေ့မှာ ရောက်နေကြတဲ့ ရွာသူရွာသားတွေက သူကြီးထွက်အလာကို တစ်ယောက်တစ်ပေါက် တိုးတိုးတိုးတိုးနဲ့ မကျေမနပ်ရေရွတ်ကြရင်း သူကြီးဦးဘိုလေး အိမ်ထဲကထွက်အလာကို စောင့်နေကြတယ်။ ဒီထဲမှာမှ အဆိုးဆုံးက ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့နှစ်ယောက်ပဲ။ နာမည်တွေက ကြွက်ဖြူနဲ့ ကြွက်ညို ဆိုလို့ သူတို့နှစ်ယောက်ကို ညီအစ်ကိုတွေလို့ မထင်လိုက်နဲ့ဦး။ ဘယ်လိုမှကို အမျိုးမတော်စပ်ကြတဲ့ သူစိမ်းတွေပါ။ ဒါတင်ပဲလားဆိုတော့လည်း မဟုတ်သေးဘူး။ နှစ်ယောက်စလုံးက ကြွက်မျိုး





တွေသာဖြစ်နေတာ နည်းနည်းလေးမှကို မတည့်ကြ။ မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ဆော်ထည့်လိုက်မယ်၊ ဗျင်းထည့်လိုက်မယ်ဆိုတာချည်းပဲ။

အစတုန်းကတော့ သူတို့နှစ်ယောက်က အရမ်းကို ခင်ကြတဲ့ သူငယ်ချင်းတွေပါ။ ဒါပေမယ့် သူတို့တွေ အသက်အစိတ်လောက်အရွယ်မှာ နုနုထွတ်ထွတ်ဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို အပြိုင်ပိုးကြ ပန်းကြရင်းကနေ ရန်သူတွေဖြစ်သွားကြတော့တာ။ ဒါပေမယ့် နုနုထွတ်ထွတ်ရဲ့အချစ်ကိုတော့ သူတို့နှစ်ယောက်စလုံး ဘယ်သူမှ မရခဲ့ကြပါဘူး။ အခုဆို နုနုထွတ်ထွတ်တစ်ယောက် အိမ်ထောင်ကျလို့ သူကမွေးတဲ့ကလေးတောင် အလယ်တန်း ရောက်နေပြီဖြစ်သလို ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့တွေလည်း အသက်သုံးဆယ်ကျော်လို့ သုံးဆယ့်ငါးနား ကပ်နေကြပြီ။ ဒါပေမယ့် အခုထိ သူတို့နှစ်ယောက်က ကမ္ဘာမကြေတဲ့ ရန်သူတွေဖြစ်နေကြတုန်းပဲ။

"သူကြီးကလည်း အားအားရှိ ဒီမောင်းကြီးကိုပဲ ထုနေတော့တာပဲ၊ ရွာထဲကလူတွေက သူ့လို ဟိုလူ့ငေါက်လိုက် ဒီလူ့ဟောက်လိုက် လုပ်ရုံနဲ့ ထမင်းစားနေရတယ်များ ထင်နေလားမသိဘူး၊ ဒီသူကြီးတစ်ယောက်နဲ့လည်း တယ်ခက်တာပဲ. . ."

ကိုကြွက်ဖြူက ခါးကိုခပ်လျော့လျော့ ထောက်ထားရင်းကနေ စိတ်ပျက်လက်ပျက် ရေရွတ်တယ်။ ကိုကြွက်ညိုကလည်း သူကြီးရဲ့မောင်းကြီးကို မျက်မှောင်ကြီးကုတ်ပြီးတော့ ကြည့်နေတယ်။ ဒါပေမယ့် သူကြီးက အခုထိထွက်မလာသေးဘူး။

"သူကြီး. . . ထွက်ခဲ့တော့ဗျို့. . ."

သည်းမခံနိုင်တဲ့အဆုံး ကိုကြွက်ညိုက ထအော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ တစ်ယောက်ကဦးဆောင်ရင် ကျန်လူတွေကပါ လိုက်လာတတ်တဲ့ ပန်းသွင်းကြီး ရွာသူရွာသားတွေရဲ့ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက်နဲ့ သူကြီးကိုထွက်လာဖို့ အော်ဟစ်သံတွေ ဆူညံသွားတယ်။

"သူကြီးမင်းရေ. . . ထွက်ခဲ့တော့ဗျ၊ ကျုပ်က ယာထဲ ဆင်းရဦးမှာ. . ."

"ဟုတ်တယ်. . . ဟုတ်တယ်. . . ကျွန်မကလည်း အိမ်မှာလူ တစ်ယောက်မှရှိတာမဟုတ်ဘူး၊ ထမင်းအိုးတည်ထားတာကို ဒီအတိုင်းကြီးထားပြီး ထွက်လာရတာ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ထွက်ခဲ့ပါတော့ဗျို့"

ဒီတော့မှ အိမ်ထဲကနေ သူကြီးဦးဘိုလေးက သူကြီးကတော် ဒေါ်ချယ်ရီနဲ့အတူ ထွက်လာတယ်။ ပြီးတော့မှ အိမ်ရှေ့မှာချထားတဲ့ တန်းလျားနဲ့စားပွဲကြားမှာ မတ်တပ်ရပ်လိုက်ပြီး ရွာသူရွာသားတွေကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ကာ. . .

"အဟမ်း. . . အဟမ်း"

လို့ ချောင်းဟန့်တယ်။ ဒီတော့ ရွာသူရွာသားတွေရဲ့ အာရုံက သူကြီးဆီကထွက်ပေါ်လာမယ့် စကားဆီကို စုပြုံရောက်ရှိသွားတယ်။ ဒါပေမယ့် သူကြီးက ဘာမှမပြောသေးဘဲ နောက် တစ်ခါ ချောင်းထပ်ဟန့်တယ်။

"အဟွန်း. . . . အဟွန်း. . . ."

သူကြီးဦးဘိုလေးက ရွာသူရွာသားတွေကို နောက်တစ်ခါထပ်ပြီး ဝေ့ဝဲကြည့်လိုက်ပြန်တယ်။ ပြီးတော့. . .

"အဟမ်း. . . အဟမ်း. . ."





"ဟား. . . သူကြီးကလည်း ချောင်းဟန့်မှာလား၊ စကားပြောမှာလား၊ ပြောစရာရှိတာကို မြန်မြန်ပြောပါဗျ၊ ဒီမှာကျုပ်တို့က အလုပ်တွေရှိသေးတယ်. . ."

"ဟုတ်တယ်. . . ဟုတ်တယ်. . ."

"မြန်မြန်ပြောပါဗျို့. . ."

ပွက်လောရိုက်သွားပြန်တယ်။ ထအော်တဲ့လူကအော် ထိုင်ရာကနေ အော်တဲ့လူကအော်နဲ့။ ဒီတော့မှ သူကြီးကရွာသူရွာသားတွေကို လက်တစ်ဖက် ထောင်ပြလိုက်တော့ အသံတွေက တဖြည်းဖြည်းနဲ့ ပြန်ငြိမ်သွားတယ်။ သူကြီးက ရွာသူရွာသားတွေကို နောက်တစ်ခါ ဝေ့ဝဲကြည့်လိုက်ပြန်ရင်း . . .

"အခုလို ရွာသူရွာသားတွေကို ကျွန်တော်မောင်းတီးပြီး ခေါ်ရတဲ့အကြောင်းကတော့ စောစောက ကျွန်တော်ပြောခဲ့သလိုပေါ့နော်"

သူကြီးရဲ့ စကားအဆုံးမှာပဲ အသံတွေဆူညံသွားပြန်တော့တယ်။

"ဘာမှမပြောရသေးဘူးလေ. . . သူကြီးရဲ့"

"ဘယ်တုန်းကများ ဘာပြောလိုက်လို့တုန်းတော့. . ."

"ဟုတ်ပါ့. . . ဘာမှလည်း မပြောရသေးဘဲနဲ့"

"အေးလေ. . ."

အသံတွေဆူညံနေတာကို မထိန်းဘဲ ရပ်ကြောင်ကြည့်နေတဲ့သူကြီးကို သူကြီးကတော် ဒေါ်ချယ်ရီက ဘေးနားကနေ မသိမသာ လက်တို့တယ်။ ဒီတော့မှ သူကြီးက လက်တစ်ဖက် ထောင်ပြလိုက်ပြန်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးတိတ်ကြပါ. . . အားလုံး တိတ်ကြပါဦး"

အားလုံးတိတ်သွားပြန်တယ်။ ဒီတော့မှ သူကြီးက ချောင်းတစ်ချက်ကို ထပ်ဟန့်လိုက်ပြန်ရင်း. . .

"ကျွန်တော်ပြောချင်တာက အဲသလိုပေါ့နော်"

"ဘယ်လိုကိုပြောတာလဲ"

ဟိုးနောက်နားကနေ ကိုကြွက်ဖြူက အော်မေးပြန်တယ်။ အသံတွေ ဆူညံသွားပြန်တယ်။ သူကြီးက လက်တစ်ဖက် ထပ်ထောင်ပြလိုက်ရင်းမှ. . .

"ဒါက ဒီလိုရှိပါတယ်၊ ဒါက ဒီလိုရှိပါတယ်၊ ဘာလဲဆိုတော့. . ."

သူကြီးက သူ့စကားကို လေးနက်သွားစေဟန်နဲ့ ခဏဖြတ်ထားလိုက်တယ်။ ပြီးမှ ဆက်ပြောလိုက်တာက. . .

"အဲသလိုပေါ့နော်. . ."

"သူကြီးရေ. . . ရှေ့ရောက်ဦးမှာလားဗျို့. . ."

ကိုကြွက်ညိုက ထအော်ပြန်တယ်။ ဒီတော့ အသံတွေက ညံသွားပြန်ရော။

"ဒီသူကြီးနဲ့တော့ ဒီမှာတင် ဝါဆိုတော့မှာပဲ. . ."

"ဟုတ်ပါ့အေ. . . ကျုပ်တော့ ဒီနေ့ ဈေးရောင်းရမှာ မဟုတ်တော့ဘူး. . . ပြောမှာကို မြန်မြန်ပြောပါတော့. . ."

သူကြီးဦးဘိုလေးခင်ဗျာ လက်တစ်ဖက်ထောင်ရုံနဲ့ မလုံလောက်တော့ဘဲ လက်နှစ်ဖက်စလုံးကို ထောင်ပြရတဲ့အဆင့်ထိ ရောက် သွားရတယ်။

"နေကြစမ်းပါဦးဗျာ၊ ခင်ဗျားတို့တွေက တယ်လည်း ဆန္ဒ





တွေက စောကြတာကိုး၊ ကျွန်တော်ပြောချင်တာက ဒီလိုပါ၊ ကျုပ်မောင်းတီးရတဲ့အကြောင်းအရင်းက ဒီလိုရှိပါတယ်၊ ခင်ဗျားတို့ကို ကျုပ် သူကြီး မောင်းတီးပြီးခေါ်ရတဲ့ အကြောင်းကိစ္စက ဘာရယ်တော့ မဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် ပြန်မယ်ဗျို့. . ."

ကိုကြွက်ဖြူက စိတ်မရှည်သလို အော်လည်းအော် ထပြီးတော့လည်း ပြန်မယ်လုပ်တော့ ရွာသူရွာသားတွေ အကုန်လုံးကလည်း ပြန်ဖို့ ထကုန်ကြတယ်။ ဒီတော့ သူကြီးဦးဘိုလေး တစ်ယောက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာပဲ သူကြီးကတော် ဒေါ်ချယ်ရီက သူကြီးဘေးတန်းလျားပေါ်မှာ ထိုင်နေရာကနေ သူကြီးကို တန်းလျားပေါ်မှာ ဆွဲချ ထိုင်စေကာ. . .

"ဖယ်စမ်းပါတော်. . . ကျွန်မပဲပြောတော့မယ်၊ ရှင်ပြောနေရင် ဒီနေ့ မိုးချုပ်တော့မှာပဲ. . ."

ဆိုပြီး သူက မတ်တပ်ရပ်လိုက်ပြီးနောက်. . .

"အားလုံးပဲ နေကြပါဦး၊ ခဏနေကြပါဦး. . ."

သူကြီးကတော်က ထအော်တော့ ပြန်မယ်တကဲကဲ လုပ်နေကြတဲ့ ရွာသူရွာသားတွေအကုန်လုံး ကိုယ့်နေရာမှာကိုယ် ပြန်ထိုင်သွားကြတယ်။ သူကြီးကတော် ဒေါ်ချယ်ရီရဲ့အသံက သူကြီးဖြစ်တဲ့ ဦးဘိုလေးရဲ့အသံထက် ပိုအောင်တာလည်း ပါတာပေါ့လေ။

"အခုလို ကျွန်မယောကျ်ားသူကြီးမင်းက ရွာသူရွာသားတွေကို မောင်းတီးပြီး ခေါ်လိုက်ရတဲ့အကြောင်းက ကျွန်မတို့ရွာမှာ ဆေးခန်းဖွင့်ဖို့အကြောင်း ပြောချင်လို့ပါ. . ."

သူကြီးကတော် ဒေါ်ချယ်ရီက သူ့စကားကိုခဏဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ရွာသူရွာသားတွေက သူ့စကားအပေါ်မှာ စိတ်ဝင်စားမှုရှိမရှိကို တစ်ချက်အကဲခတ်လိုက်တယ်။ ရွာသူရွာသားတွေ အကုန်လုံးက စိတ်ဝင်တစား နားထောင်နေတယ်ဆိုမှ သူကြီးကတော်က ငါကွဆိုတဲ့ အပြုံးမျိုးနဲ့ စကားကိုဆက်ပြောတယ်။

"ကျွန်မတို့ရွာမှာက ဆေးရုံဆေးခန်းမရှိတော့ တစ်ခုခုဆိုရင် မြို့ပေါ်ကိုပဲ ပြေးနေရတာလေ၊ ဒီတော့ အရေးပေါ်အခြေအနေတစ်ခုခု ကြုံလာရင် ကျွန်မတို့ ရွာသူရွာသားတွေအတွက် အရမ်းကိုပဲ အွန္တရာယ်များတယ်ဆိုတာ အားလုံးအသိပါပဲ၊ အဲဒီလို မြို့ပေါ်ဆေးရုံကိုသွားရင်းနဲ့ လမ်းမှာတင် အသက်ဆုံးရှုံးခဲ့ရတဲ့ လူတွေလည်း မနည်းတော့ဘူးလေ၊ ဒီတော့ ကျွန်မတို့ရွာမှာသာ ဆေးခန်းလေးတစ်ခုလောက် ရှိခဲ့မယ်ဆိုရင် တော်ရုံတန်ရုံ ဖျားတာနာတာလောက်တော့ ဘာမှ ပူစရာမလိုတော့ဘူးလေ၊ ကျွန်မပြောတာကို လက်ခံလားမသိဘူး. . ."

သူကြီးကတော်ရဲ့စကားအဆုံး ရွာသူရွာသားတွေဆီက. . .

"ကောင်းတာပေါ့ဗျ"၊ "သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"၊ "လက်ခံတယ်တော်. . . လက်ခံတယ်"၊ "မြန်မြန်အကောင်အထည်ဖော်ပါဗျို့"နဲ့ စသဖြင့် ထောက်ခံသံတွေ ပွက်လောရိုက်အောင်ထွက်ပေါ်လာတယ်။ ဒီအချိန်မှာပဲ သူကြီး ဦးဘိုလေးက ထိုင်ရာကနေ မတ်တပ်ထရပ်လိုက်ရင်း. . .

"ဟုတ်ကဲ့ . . . ကျွန်တော် ပြောချင်တဲ့စကားကလည်း ကျွန်တော့် မိန်းမပြောတာနဲ့ အတူတူပါပဲ. . ."

လို့ဆိုပြီး ပြန်ထိုင်သွားတယ်။ ပြီးမှ သူကြီးကတော်က





စကားကို ဆက်တယ်။

"အားလုံးသိထားပြီးတဲ့အတိုင်း ကျွန်မတို့ရဲ့. . . ဆေးကျောင်းတက်နေတဲ့သမီးလေး ချယ်ရီဘိုက အခုဆိုရင် ကျောင်းပြီးသွားလို့ ရွာကိုပြန်လာတော့မှာပါ၊ ဒီတော့ ကျွန်မစဉ်းစားမိတာက သမီးလေးကို ဒီရွာမှာပဲ ဆေးခန်းလေးဖွင့်ခိုင်းထားလိုက်ရင် ကောင်းမယ်ပေါ့နော်. . . ဒါဆိုရင် ကျွန်မတို့ရွာအတွက်လည်း အများကြီးအထောက် အကူဖြစ်သွားမယ်လေ၊ ဟုတ်တယ်မဟုတ်လား. . ."

သူကြီးကတော်ရဲ့စကားကို အားလုံးက ဝမ်းသာအားရထောက်ခံကြတယ်။ ဝမ်းမသာဘဲရှိပါ့မလား။ ဒီပန်းသွင်းကြီးရွာမှာ "ဆေးရုံဆေးခန်းမရှိခြင်း၊ ဆရာဝန်မရှိခြင်း" ဆိုတဲ့ ကွက်လပ်ကြီးက အတော်ကို ကြီးမားတာလေ့။ ဒီကွက်လပ်ကြီးကြောင့်ပဲ စတေးခဲ့ရတဲ့ အသက်တွေကလည်း နည်းမှမနည်းတော့တာ။ ဒီတော့ အားလုံးက ဝမ်းသာအားရ ထောက်ခံကြတာပေါ့။

အဲဒီလို ဝမ်းသာအားရထောက်ခံသံတွေရဲ့ အဆုံးမှာ သူကြီးဦးဘိုလေးက ထိုင်ရာက ထလာပြန်ရင်း. . .

"ကျွန်တော်ပြောချင်တဲ့ စကားကလည်း ကျွန်တော့် မိန်းမပြောတာနဲ့ အတူတူပါပဲ. . ."

လို့ ဆိုပြန်တယ်။

"ဒါဆို ဆေးခန်းဖွင့်မယ့် ကိစ္စကို အားလုံးက သဘောတူတယ်ပေါ့. . ."

သူကြီးကတော်ရဲ့စကားကို အားလုံးက တညီတညွတ်တည်း ထောက်ခံကြပြန်တယ်။ အားလုံးရဲ့ မျက်နှာကလည်း ဝမ်းသာအားရဖြစ်နေတဲ့ အရိပ်အယောင်တွေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဒါဆိုရင် ဆေးခန်းဖွင့်မယ့်ကိစ္စကို ကန့်ကွက်မဲမရှိ၊ ရာနှုန်းပြည့် ထောက်ခံမဲရတယ်လို့ပဲ သတ်မှတ်လိုက်ပါ့မယ်၊ ကျွန်မပြောချင်တာကတော့ အဲဒီလောက်ပါပဲ၊ အားလုံး ပြန်လို့ ရပါပြီ. . ."

သူကြီးကတော်ရဲ့ စကားအဆုံး အားလုံးက တရှုန်းရှုန်းနဲ့ ထပြန်ကြဖို့ လုပ်တယ်။ ဒါပေမယ့် သူကြီးက ထိုင်ရာက ထလာပြန်ရင်း. . .

"နေကြပါဦး၊ နေကြပါဦး၊ ကျွန်တော့်မှာ ပြောစရာရှိပါသေးတယ်၊ ခဏနေကြပါဦး. . ."

ဆိုတော့ ပြန်တော့မလို့ စိုင်းပြင်းနေတဲ့ ရွာသူရွာသားတွေက သူကြီးကို ဘာများပြောဦးမလို့လဲဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ကြတယ်။ ဒါပေမယ့် သူကြီးက တန်းမပြောဘူး။ ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြတာတွေကို ခဏငြိမ်သွားအောင် စောင့်လိုက်သေးတယ်။ ပြီးတော့မှ အားလုံးကို တစ်ချက်ဝေ့ဝဲကြည့်ပြီး ပြောလိုက်တာက. . .

"ဟုတ်ကဲ့. . . ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့် မိန်းမ ပြောသွားတာတွေနဲ့ အတူတူပဲဆိုတာပါပဲ. . ."





## ၂

"ငပြူးရေ. . . ငါ့ကို သရေကွင်း လေးငါးကွင်းလောက်ကွာ၊ ငါ့လေးခွက မျှော့ပြတ်သွားလို့. . ."

ကိုကြွက်ဖြူရဲ့စကားအဆုံး ငပြူးက သူ့ကုန်စုံဆိုင်ကို သန့်ရှင်းရေးလုပ်နေရာကနေ. . .

"အဲဒီရှေ့နားက နာရီချိတ်ထားတဲ့တိုင်မှာရှိတယ်ကို ကြွက်ဖြူရ၊ ကိုယ်ဘာသာပဲ ယူသွားလိုက်တော့"

လို့ဆိုတယ်။ ဒါနဲ့ ကိုကြွက်ဖြူက နာရီချိတ်ထားတဲ့ တိုင်က သံမှိုမှာချိတ်ထားတဲ့ သရေကွင်းတွေထဲက လေးငါးကွင်းလောက်ကို ဖြုတ်ယူလိုက်တယ်။ ပြီးတော့ အနီးအနားမှာရှိတဲ့ တန်းလျားမှာ ဝင်ထိုင်လိုက်ပြီး သူ့လေးခွကို သရေကွင်းနဲ့ ပြန်တုပ်နေလိုက်တယ်။

"ဒါနဲ့ငပြူး . . . မင်းမိန်းမ မိကောက်ကို မမြင်ပါလား၊ ဘယ်သွားတုန်းကွ. . . မြို့ပေါ်ကို ဈေးသွားဝယ်တာလား. . ."

"မဟုတ်ပါဘူးဗျာ. . . သူကြီးအိမ်သွားတာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးအိမ် ! သူက သူကြီးအိမ်ကို ဘာသွားလုပ်တာတုန်း၊ ငါဖြင့် မောင်းတီးသံလည်း မကြားမိပါလား"

"ကိုကြွက်ဖြူ မသိသေးဘူးလား၊ ချယ်ရီဘို ပြန်ရောက်ပြီလေ၊ အဲဒါသွားကြည့်တာ. . ."

"ဟေ. . . ဟုတ်လားကွ"

"ဒီတစ်ခါတော့ ခင်ဗျားနောက်ကျသွားပြီ ကိုကြွက်ဖြူရေ၊ ကိုကြွက်ညိုတောင် စောစောကလေးတင် သူကြီးအိမ်ဘက် ထွက်သွားတာတွေ့လိုက်သေးတယ်. . ."

ပြေးစကားအဆုံး ကိုကြွက်ဖြူက ထိုင်ရာကနေ ဆတ်ခနဲထကာ သူကြီးအိမ်ဘက်ကို ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်လာခဲ့လိုက်တယ်။ ကိုကြွက်ညိုတောင်သွားပြီဆိုတော့ သူ နောက်ကျနေလို့ မဖြစ်ဘူးလေ။

သူကြီးအိမ်မှာက လူတွေ အများကြီးပဲ။ အရင်နေ့တွေတုန်းကဆိုရင် သူကြီးဦးဘိုလေးက မောင်းတီးပြီးခေါ်ရင်တောင် လာချင်ကြတာမဟုတ်ဘဲ မလာချင့်လာချင် လာရတဲ့လူတွေက အခုကျတော့လည်း စုပြုံပြီး တိုးဝှေ့ကြည့်နေကြတာ မျောက်ပွဲပြနေတဲ့အတိုင်း။

အဲဒီအထဲမှာမှ အဆိုးဆုံးက ကိုကြွက်ညိုပဲလို့ ကိုကြွက်ဖြူက သတ်မှတ်တယ်။ ကိုကြွက်ညိုက ချယ်ရီဘိုလေးကို ခေါ်တော တစ်သိန်းအားနဲ့ ကြည့်နေတာလေ။ ပတ်ဝန်းကျင်တစ်ခုလုံးကိုတောင် မေ့လို့။

ဒါပေမယ့် ကိုကြွက်ဖြူတစ်ယောက်လည်း ချယ်ရီဘိုကို အတွေ့မှာတော့. . .





"ဟင်. . ."

ကိုကြွက်ဖြူတစ်ယောက် ဒီလောက်သာ အသံထွက်လိုက် နိုင်ပြီး ဥမ္မာဒန္တီရဲ့အလှကိုမြင်လိုက်ရတဲ့ သိဝိမင်းကြီးလို ရူးချင်ချင် ဖြစ်သွားတော့တယ်။

ကြည့်စမ်းပါဦး။ ဘယ်လောက်လှလိုက်တဲ့ ကောင်မလေးလဲဆိုတာ။ အရင်တုန်းကပုံစံနဲ့များ တခြားစီ။ အရင်တုန်းက ရွာမှာနေသွားတဲ့ ချယ်ရီဘိုဆိုတာက ချီးပေဒီဖိုင်းနဲ့လေ။ ဘယ်သူကမှ သူ့ကို နှစ်ခါပြန် လှည့်ကြည့်ကြတာမဟုတ်ဘူး။ အခုများကျတော့လည်း ကြည့်စမ်းပါဦး။ ကြည့်လိုက်ကြစမ်းပါဦး။ ဟင်. . . နတ်ရေကန်ထဲ ပစ်ချလိုက်သလို လှလာလိုက်တဲ့ဖြစ်ခြင်း။ ဆံပင်လေးတွေ၊ နှာတံလေးတွေ၊ နှုတ်ခမ်းလေးတွေ၊ မျက်လုံးလေးတွေ၊ ခန္ဓာကိုယ် အချိုးအစား အပါအဝင်. . . အားပါးပါး လှလိုက်တာလို့ ပြောရမှာတောင် အားနာစရာ။ အဲဒီထက်ပိုထိရောက်တဲ့ စကားလုံးတစ်ခုခုကို ထွင်ပြောမှသာ လုံလောက်မှာ။

အတောင်စုံတဲ့ဒေါင်းမလေးဆိုတာ ဒါမျိုးကိုပြောတာဖြစ်မယ်။ ဒေါင်းတွေကမှ ရှေ့ကကြည့်ရင်ပဲလှပြီး နောက်ကကြည့်ရင် ကျက်သရေယုတ်သေးတယ်။ ချယ်ရီဘိုလေးကတော့ ဘယ်နေရာကကြည့်ကြည့်လှနေတာများ. . . အင်း. . . ကြာကြာကြည့်ရင်တော့ ရူးရချည်ရဲ့။

"အမယ်မင်း. . . ကယ်ကြပါဦး. . ."

လို့တောင် ကိုကြွက်ဖြူတစ်ယောက် အော်ချင်သွားတော့တယ်။ ဒီအချိန်မှာပဲ ချယ်ရီဘိုက ကိုကြွက်ဖြူကို မြင်သွားကာ ပြုံး ပြလိုက်တဲ့အခါမှာတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြွက်ဖြူရဲ့ဒူးတွေ ညွတ်ခွေကျသွားတယ်။

"ဟဲ့. . . ကြွက်ဖြူ ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား"

ရင်တွေတအားခုန်ကာ ချွေးဇောတွေပျံ၊ ဒူးတွေညွတ်ခွေကျသွားတဲ့ ကိုကြွက်ဖြူကို ရွာထဲက ပဲပြုတ်သည်ဒေါ်အာကျယ်က ဖမ်းထိန်းထားရင်း မေးတယ်။ ဒီတော့ ချယ်ရီဘိုကို လာနှုတ်ဆက်တဲ့ လူတွေအတော်များများရဲ့အကြည့်က ကိုကြွက်ဖြူဆီကို ရောက်လာတယ်။

ဒီတော့ ကိုကြွက်ဖြူက ရှက်ကိုးရှက်ကန်းနဲ့ သူ့ကိုယ်သူ ပြန်ထိန်းမတ်လိုက်ရင်း. . .

"ဟုတ်. . . ဟုတ်ကဲ့. . . ကျုပ်နေသိပ်မကောင်းချင်လို့ပါ"

"အမလေး. . . ဆရာဝန်မက အခုမှရောက်သေးတယ်၊ လူနာက ပေါ်လာပြီတော်ရေ. . ."

ဒေါ်အာကျယ်ရဲ့ ရုတ်တရက် ထအော်လိုက်တဲ့ အော်သံကြောင့် အနားမှာရှိတဲ့လူတွေအကုန်လုံး ပွဲကျသွားကြတယ်။ ဒီအချိန်မှာပဲ ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့နှစ်ယောက်က အကြည့်ချင်း ဆုံသွားကြတယ်။ နှစ်ယောက်သားက မြွေမြွေချင်း ခြေမြင်တဲ့ အလား တစ်ယောက်နဲ့တစ်ယောက် ပေစောင်းစောင်း ကြည့်ပေးလိုက်ကြတယ်။

ပြောရရင်တော့ အဲဒီမှာ စတွေ့တာပါပဲ. . .။





ကိုကြွက်ဖြူ လယ်ထဲကပြန်အလာမှာပဲ ရွာအဝင်မှာ ချယ်ရီဘိုနဲ့ သွားဆုံတယ်။ ချယ်ရီဘိုဘေးမှာတော့ တစ်လောကမှ ဆယ်တန်းအောင်ထားတဲ့ နုငယ်ဆိုတဲ့ကောင်မလေးက အထုပ်ကလေးတစ်ခုကိုပိုက်လို့။ ချယ်ရီဘိုက ကိုကြွက်ဖြူကိုမြင်တော့ သူ့မှာပါတဲ့ သွားတက်ကလေးတွေပေါ်တဲ့အထိပြုံးပြလိုက်ရင်းက. . .

"ကိုဖြူ. . . လယ်ထဲက ပြန်လာတာလား"

ဆိုတော့ ကိုကြွက်ဖြူရဲ့အမောတွေက ချယ်ရီဘိုရဲ့ အပြုံးအောက်မှာ မီးကို ရေနဲ့ငြိမ်းလိုက်သလို ရှဲခနဲငြိမ်းသွားရရင်း . . .

"အေး. . . အေးဟ၊ ဒါ. . . ဒါနဲ့ ချယ်ရီလေးရော ဘယ်က ပြန်လာ တာလဲ"

"ချယ်ရီက ဟိုဘက်ရွာမှာ လူနာတစ်ယောက်ရှိလို့. . . ဆေးသွားကုပြီး ပြန်လာတာ. . ."

"အေးဟာ. . . ငါတို့ရွာမှာလည်း နင်ဆရာဝန်ဖြစ်တာ တော်တော် အသုံးဝင်တာပဲ၊ ဒါနဲ့ဆေးခန်းက ဘယ်တော့စဖွင့်မှာလဲ. . ."

"ဆေးခန်းကဆောက်လို့မပြီးသေးဘူးလေ၊ ရှေ့အပတ်လောက်မှ ဖွင့်ဖြစ်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ. . . အကူအညီလိုတာရှိလည်းပြောပေါ့၊ ငါ တတ်နိုင် တာမှန်သမျှ လုပ်ပေးပါ့မယ်. . ."

ကိုကြွက်ဖြူရဲ့စကားအဆုံး ဘေးနားကနင်ယ်က တစ်ချက် ရယ်လိုက်ရင်း. . .

"တတ်နိုင်တာပဲ ကူညီမှာလား ကိုကြီးကြွက်ဖြူရဲ့ . . .၊ မတတ်နိုင်တာဆိုရင် မကူညီဘူးဆိုတဲ့ သဘောပေါ့လေ . . . ဟုတ်လား. . ."

"မဟုတ်ပါဘူးဟာ၊ ငါ. . . ငါဆိုလိုတာက"

ကိုကြွက်ဖြူရဲ့စကားမဆုံးလိုက်ခင်မှာပဲ အနားနားကို ရောက်လာတာက ကိုကြွက်ညို။

"ဟေး. . . ချယ်ရီလေး၊ ဘယ်ကပြန်လာတာလဲ. . ."

"ဩော်. . . ကိုညိုပါလား. . . ချယ်ရီက ဟိုဘက်ရွာက ပြန်လာတာလေ၊ ဒီမှာ ကိုဖြူနဲ့စကားကောင်းနေလို့"

ချယ်ရီဘို့စကားအဆုံး ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့ နှစ်ယောက် မျက်လုံးချင်းဆုံသွားကြတယ်။ နှစ်ယောက်စလုံးရဲ့အကြည့်က ပေစောင်းစောင်း။

နင်ယ်က ကိုကြွက်ညိုနဲ့ကိုကြွက်ဖြူတို့ကို တစ်လှည့်စီကြည့်တယ်။ ပြီးတော့ သူမအကြည့်က ကိုကြွက်ညိုဆီမှာ အဆုံးသတ်သွားရရင်း. . .

"ကိုညိုရေ. . . ကိုဖြူကတော့ မမချယ်ရီ အကူအညီလိုရင် သူတတ်နိုင်တာမှန်သမျှ ကူညီမယ်တဲ့၊ ကိုညိုကရော မကူညီတော့ဘူးလား. . ."

နင်ယ်ရဲ့စကားအဆုံး ကိုကြွက်ညိုရဲ့အကြည့်က ကို





ကြွက်ဖြူဆီ ရောက်သွားပြီး သရော်တော်တော် ပြုံးတယ်။

"ဟုတ်လား. . . ငါကတော့ တတ်နိုင်တာကိုမှ မဟုတ်ပါဘူး၊ ချယ်ရီလေးသာ အကူအညီတောင်းကြည့်စမ်းပါ၊ မဖြစ်ဖြစ်အောင် ဖြစ်တဲ့နည်းနဲ့ ကူညီမှာ. . ."

"ဟား. . . ကိုညိုတို့ကတော့ မိုက်တယ်ဟေ့"

နင်ယ်ရဲ့ ကလိတိတိစကားအဆုံး ကိုကြွက်ဖြူက သူ့ရဲ့ရင်ဘတ်ကြီးကို ကော့ထားလိုက်ရင်း. . .

"ချယ်ရီရေ. . . စောစောက ကိုဖြူပြောတဲ့စကားကို မေ့လိုက်တော့၊ ကိုဖြူ ပြင်ပြောမယ်၊ ချယ်ရီသာ အကူအညီတောင်းကြည့်၊ ဟောဒီရင်ဘတ်ကြီး ဗျန်းဗျန်းကွဲသွားပါစေ၊ ရအောင်ကူညီမယ်၊ ဟုတ်ပြီလား. . ."

ချယ်ရီဘိုက ပြုံးစိစိနဲ့ ခေါင်းညိတ်တယ်။ ဒီတော့ ကိုကြွက်ညိုကလည်း အားကျမခံ ထပ်ပြောတယ်။

"ချယ်ရီ. . . ကိုညိုကတော့ ချယ်ရီသာလိုအပ်ရင် သူ့လိုရင်ဘတ်ကြီး ကွဲရုံတင်မဟုတ်ဘူး၊ အသက်ပါ ပါသွားချင်ပါသွားစမ်းပါစေ၊ အရိုးကြေကြေ အရေခန်းခန်းကို ကူညီမယ်. . . ဟုတ်ပြီလား. . ."

"ကိုဖြူက ဒီဘဝမှာရှိတဲ့အသက်တင်မဟုတ်ဘူး၊ နောက်ဘဝကအသက်ပါ ပါသွားပါစေ၊ ကူညီမယ်. . ."

"ချယ်ရီ. . . ကိုညိုက ဆယ်သက်. . . ဆယ်သက်. . ."

"ကိုဖြူက အသက်တစ်ရာကွာ. . ."

"ကိုညိုက အသက်တစ်ထောင်. . ."

"ကိုဖြူက အသက်တစ်သောင်း. . ."



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်တို

ကြွက်နှစ်ကောင်က တစ်ကောင်နဲ့တစ်ကောင်. . . အဲလေ. . . တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံအရှုံးမပေးဘဲ စကားနိုင် လုနေကြတယ်။ နုငယ်နဲ့ ချယ်ရီဘို့ကတော့ ကြားထဲကနေ ဟိုဘက် ကြည့်လိုက် ဒီဘက်ကြည့်လိုက်နဲ့ ပြုံးလို့. . .။





## ၃

ပုဆိုးကို ဒူးနဲ့တပြေးညီတိုတိုဝတ်ထားကာ အပေါ်က စွပ်ကျယ်အင်္ကျီ အစုတ်တစ်ထည်ကို ဝတ်ထားပြီး ခါးမှာလည်း လေးခွတစ်လက်ကို ထိုးထားသေးတဲ့ ကိုကြွက်ဖြူက သူ့ဆီကို လှမ်းလာနေတဲ့ ကိုကြွက်ညိုကို စိတ်မရှည်တဲ့ အမူအယာနဲ့ ခါးထောက်ကာ ကြည့်နေတယ်။

ကိုကြွက်ညိုကတော့ အပေါက်တွေအပြဲတွေ အများကြီးပါတဲ့ အရောင်ဖျော့ ဂျင်းဘောင်းဘီကို အပေါ်က ဘော်ဒီဖစ်ရှပ်အင်္ကျီတစ်ထည်နဲ့ တွဲဝတ်လာတာ။ ပြီးတော့ လှမ်းလာနေပုံက ဘောင်းဘီအိတ်ကပ်နှစ်ဖက်ထဲကို လက်နှစ်ဖက်ထိုးသွင်းကာ စတိုင်(လ်)ပါပါနဲ့ လျှောက်လာနေတာ။ နေကာမျက်မှန်ကလည်း တပ်ထားသေးတယ်။

ကြာတော့ ကိုကြွက်ဖြူ စိတ်မရှည်တော့ဘူး။ ကိုကြွက်ညို သူ့အနားရောက်လာတဲ့အထိ စောင့်မနေတော့ဘဲ သူကပဲ ကိုကြွက်ညိုဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လွှားခနဲ လွှားခနဲ သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ. . .

"မင်းနဲ့ငါ ချိန်းထားတာက မနက်ခုနှစ်နာရီလေကွာ၊ အခု ရှစ်နာရီတောင် ထိုးတော့မယ်. . .၊ ငါတော်တော်ဒေါသ ထွက်နေပြီ နော်၊ ငါက အချိန်ကိုလေးစားမှ ကြိုက်တာကွ"

လို့ဆိုတော့ ကိုကြွက်ညိုက နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်းကို ကော့တက်သွားအောင် ပြုံးလိုက်ရင်း. . .

"ရယ်ချင်လွန်းလို့ ကိုယ့်ကိုကိုယ် ကလိထိုးပြီးတော့တောင် ရယ်လိုက်ချင်သေးတယ်၊ ငါကပဲ မင်းကြိုက်အောင် အချိန်ကို လေးစားပြရဦးမှာလား၊ ပြောစမ်းပါဦး၊ ဘယ်သူမှ ကြိုက်စရာမလိုဘူး၊ ဘယ်သူ မကြိုက်ကြိုက် ဂရုလည်းမစိုက်ဘူး၊ ချယ်ရီဘိုလေး ကြိုက်ရင် တော်ပြီ. . ."

ကိုကြွက်ညို့စကားကြောင့် ကိုကြွက်ဖြူရဲ့မျက်နှာက တင်းမာသွားကာ. . .

"အေး. . . ငါမင်းကို ချိန်းလိုက်တာလည်း အဲဒီချယ်ရီလေးရဲ့ ကိစ္စကိုပြောမလို့ပဲ"

ကိုကြွက်ဖြူက စကားကိုဖြတ်ထားလိုက်ပြီးနောက် ကိုကြွက်ညိုရဲ့မျက်နှာနဲ့ သူ့မျက်နှာကို မနမ်းမိရုံတမယ် တိုးကပ်သွားလိုက်ရင်း. . .

"မင်း. . . ချယ်ရီဘိုလေးနဲ့ ဝေးဝေးနေရင်ကောင်းလိမ့်မယ်. . ."

ကိုကြွက်ဖြူရဲ့ သွားကြားထဲက ထွက်တဲ့လေသံမျိုးနဲ့ ပြောစကားအဆုံး ကိုကြွက်ညိုက ဗိုက်နှိပ်ပြီး အူလှိုက်သည်းလှိုက် ရယ်တယ်။





"ခွစ်. . . ခွစ်. . . ခွစ်(လုပ်ရယ်ခြင်း). . . အဟက်. . . ဟက်. . . ဟက်. . . တော်တော်ရယ်ရတဲ့ကောင်ကွာ၊ မင်းကငါ့ကို ချယ်ရီဘိုလေးနဲ့ ဝေးဝေးနေလို့ပြောရအောင် မင်းက သူ့အဖေမို့လို့လား. . ."

"သူ့အဖေတော့မဟုတ်ဘူး၊ သူ့ရဲ့. . . ယောက်ျားလောင်းကွ . . . ယောက်ျားလောင်း. . ."

"ဩော် . . . ဩော်. . . မင်းက ယောက်ျားအလောင်းလား၊ တော်တော် ပုပ်စော်နံမှာပဲကွာ. . ."

"ဟေ့ကောင်. . . ယောက်ျားအလောင်း မဟုတ်ဘူးကွ၊ ယောက်ျားလောင်း၊ ခင်ပွန်းလောင်းကို ပြောတာ၊ ချယ်ရီလေးကတို့ရွာမှာ တန်ဖိုးအရှိဆုံးနဲ့ အချောဆုံးမိန်းကလေးကွ၊ ဒီတော့ ဒီလိုမိန်းကလေးမျိုးနဲ့တန်တာက ဒီတစ်ရွာလုံးမှာ ငါတစ်ယောက်ပဲရှိတယ်၊ ဒီတော့ မင်းအေးအေးဆေးဆေး ဘေးထွက်ထိုင်နေလိုက်၊ ငါ စကားတွေ ရှည်ရှည်ဝေးဝေး သိပ်မပြောချင်ဘူး"

ကိုကြွက်ဖြူ့စကားအဆုံး ကိုကြွက်ညိုက စောစောကလိုရယ်ပုံမျိုးနဲ့ ရယ်ပြန်တယ်။

"ငါတော့ ဒီနေ့ မင်းစကားတွေကိုကြားရတာနဲ့ အူတက်ပြီးတော့ ချယ်ရီဘိုလေးကိုတောင် ပိုချစ်သွားသလိုပဲ"

"ဟေ့ကောင်. . . ဘာမှ မဆိုင်ဘူး"

"ဆိုင်ဆိုင်မဆိုင်ဆိုင်ကွာ၊ ငါ့စိတ်နဲ့ ငါဖြစ်တာ မင်း အပူပါလို့လား၊ ရာရာစစကွာ. . . မင်းလို ရွှံ့တောထဲမှာ ဖင်ထဲကျွတ်ဝင်တဲ့အထိ နွားနဲ့ဖက်ရုန်းနေရတဲ့ကောင်က တို့ရွာက နှစ်ယောက်မရှိနိုင်တဲ့ ချယ်ရီဘိုလေးကို မှန်းရဲတာ အံ့ဩပါ့၊ ချယ်ရီဘိုလေးက ငါလို



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ခြားပြန်ကြီးနဲ့မှ လိုက်ဖက်တင့်တယ်တော့မှာပေါ့ကွ၊ စဉ်းစဉ်းစားစား လည်းပြောပါဦး"

"ဘာနိုင်ငံခြားပြန်လဲ. . . ဘာနိုင်ငံခြားပြန်လဲ၊ ဒီလောက် အလုပ်ပေါနေတဲ့ ကိုယ့်မြန်မာနိုင်ငံမှာတောင် မင်းလို လက်ကြော မတင်းတဲ့ကောင်ကို ဘယ်သူကမှ အလုပ်မပေးလို့ သူများနိုင်ငံသွားပြီး အိမ်သာဆေးခဲ့ရတာကိုများ နိုင်ငံခြားပြန် နိုင်ငံခြားပြန်လို့ ခဏခဏ မပြောစမ်းပါနဲ့ကွာ၊ ငါရယ်ချင်လွန်းလို့ပါ. . . ဟင်း ဟင်း ဟင်း"

"ဟေ့ကောင်. . . ကြွက်စုတ်. . . မင်းမစော်ကားနဲ့"

"မင်းသာ ကြွက်ပဲ၊ ငါက မှန်တာပြောတာကွ"

တစ်ယောက်နဲ့တစ်ယောက် စကားနိုင်လုရင်း တဖြည်းဖြည်း ရှေ့တိုးလာကြတာဆိုတော့ နောက်ဆုံးမှာ နှစ်ယောက်သားက နှဖူးချင်းထိတဲ့အထိ ပူးကပ်သွားကြတယ်။

"ကြွက်ဖြူ. . . ငါဒေါသမထွက်ချင်ဘူးနော်. . .၊ ကောင်းကောင်းမွန်မွန်နဲ့ ပြောနေတုန်းမှာ နောက်ဆုတ်နေလိုက်ရင် ကောင်းမယ်၊ ငါ့ဒေါသကို မင်းသိတယ်နော်"

"အောင်မာ. . . လာလာချည်သေး၊ ငါ့လက်သီး ဘယ်လောက် ပြင်းတယ်ဆိုတာလည်း မင်းသိပါတယ်. . ."

"မင်းက ဘယ်လောက်မိုက်လို့လဲ"

"မိုက်သလားမမေးနဲ့၊ သူကြီးကတော်ကိုတောင် လုံးဝ မကြောက်လို့ သူကြီးကို နေ့တိုင်းအရက်ဝယ်တိုက်နေတဲ့ကောင်ကွ၊ ရှင်းလား. . ."

ကိုကြွက်ဖြူ့စကားအဆုံး ကိုကြွက်ညိုက ကိုင်းကျိုးနေလို့ ကြေးနန်းကြိုးနဲ့လိမ်ပြီး ပြန်ဆက်ထားရတဲ့ နေကာမျက်မှန်ကို





နဖူးပေါ် ပင့်တင်လိုက်ရင်း. . .

"ဒါဆိုမင်း ငါနဲ့ ယှဉ်ရဲလား"

"ဟား. . . မင်းလိုကောင်ကို ဆယ်ယောက်ပေးတယ်၊ ဆယ်ယောက်. . ."

"သေချာတယ်နော်"

"ဟား. . . အိမ်ကွင်း အဝေးကွင်းမရွေးဘူး၊ ကြိုက်တဲ့နေရာမှာ ကြိုက်သလို ယှဉ်လို့ရတယ်၊ သဘောပေါက်. . ."

"ဒါဆို. . ."

ကိုကြွက်ညိုက စကားကို တန်းမပြောဘဲ ဖြတ်ထားလိုက်ပြီးနောက် ဘောင်းဘီအရှည်ကို ဒူးလောက်အထိ လိပ်တင်လိုက်တော့ ကိုကြွက်ဖြူကလည်း ပုဆိုးကို တိုသထက်တိုအောင် ပြင်ဝတ်လိုက်တယ်။ ပြီးမှ ကိုကြွက်ညိုဆီက ဆက်ထွက်လာတဲ့ စကားက. . .


"မင်းနဲ့ငါ. . . ရွာကို ဘယ်သူအရင်ရောက်မလဲ၊ အပြေးပြိုင်ရအောင်"

တဲ့လေ. . .။



www.burmeseclassic.com

www.burmeseclassic.com







ကိုကြွက်ဖြူက ဗိုက်ဆာဆာနဲ့ မီးဖိုချောင်ထဲ ဝင်လာတဲ့အခါမှာတော့ သူ့ရဲ့အမေဒေါ်တဆုပ်ကို ချွေးတလုံးလုံးနဲ့ ထမင်းချက် နေရင်းတန်းလန်းနဲ့ တွေ့လိုက်ရတယ်။

"ဟာ. . . အမေ. . ထမင်းမကျက်သေးဘူးလားဗျာ. . .၊ ကျုပ်က ဗိုက်ဆာလှပြီ. . ."

"ကျက်တော့မှာပါဟယ်. . . ခဏလေးစောင့်ပါဦး. . ."

ပြောပြီး ဒေါ်တဆုပ်က မီးဖိုပေါ်မှာနှပ်ထားတဲ့ ထမင်းအိုးကို အောက်ချလိုက်ကာ ငါးခြောက်ကြော်ဖို့အတွက် ဆီဒယ်အိုးကို မီးဖိုပေါ်တင်လိုက်တယ်။ ပြီးတော့ ဆီမကျက်သေးခင်မှာ ငရုတ်ဆုံထဲကို စောစောကတည်းက အဆင်သင့်အညှာ ချွေထည့်ထားတဲ့ ငရုတ်သီးတွေကို ထောင်းမလို့လုပ်တယ်။ ဒီမှာတင်ပဲ တစ်ယောက်တည်း အလုပ် နှစ်ခုသုံးခုလောက်ကို တစ်ပြိုင်တည်းလုပ်နေတဲ့ မိခင်ကို စိတ်မရှည်တော့တဲ့ ကိုကြွက်ဖြူက ငရုတ်ဆုံနားမှာ ဧွေ့ခနဲ ဝင်ထိုင်လိုက်ရင်း. . .

"ပေးပါအမေရာ. . . အဲဒီငရုတ်သီး ကျုပ်ပဲထောင်းလိုက်မယ်၊ အမေ ဟိုမှာငါးခြောက်ကြော်မှာ မဟုတ်လား၊ ကြော်. . . ကြော်၊ အမေလုပ်နေပုံနဲ့ ဒီနေ့ထမင်းစားရမှာ မဟုတ်တော့ဘူး ဗိုက်ကဆာပါတယ် ဆိုမှပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုကြွက်ဖြူက ပြောလည်းပြော လက်ကလည်း ငရုတ်ဆုံကို ဗိုက်ဆာဆာနဲ့ တဒုန်းဒုန်းမြည်အောင် အားရပါးရ ထောင်းလိုက်တယ်။ ဒီမှာတင်ပဲ ထောင်းနေတဲ့ငရုတ်သီးက အစိုဆိုတော့ အရည်ထွက်ပြီး အဲဒီငရုတ်သီးအရည်က ကိုကြွက်ဖြူရဲ့ မျက်လုံးထဲကို စင်သွားတယ်။

"အား. . ."

ကိုကြွက်ဖြူရဲ့ အော်လိုက်သံက အလန့်တကြားနဲ့ အကျယ်ကြီး။ ငါးခြောက်ကြော်ဒယ်အိုးကို မွှေနေတဲ့ ဒေါ်တဆုပ်တောင် လက်ထဲကယောင်းမကြီး လွတ်ကျသွားရတယ်။

"အောင်မလေး. . . ပလုတ်တုတ်၊ ဟဲ့. . . ဘာဖြစ်ရတာလဲ"

ကိုကြွက်ဖြူက မိခင်ဖြစ်သူရဲ့စကားကို အရေးမစိုက်ဘူး။ ကြားပုံလည်းမရ။ ပါးစပ်ကနေ "အား!" ဆိုတဲ့အော်သံကြီးကို သံရှည်ကြီးဆွဲအော်ပြီး ထိုင်ရာကနေ ထပြေးတယ်။

"ဟဲ့. . . ဘယ်ကိုလဲ"

မပြော. . .။ ကိုကြွက်ဖြူက သူ့အမေ ဒေါ်တဆုပ်ကို ဘာစကားမှ ပြန်မပြောဘူး။ သူ့ရဲ့ဦးတည်ရာက ချယ်ရီဘိုရှိတဲ့ သူကြီးအိမ်ကို။

ကိုကြွက်ဖြူက မျက်လုံးတစ်ဖက်ကို လက်နဲ့အုပ်ထားရင်းကနေ "အား" ဆိုတဲ့အော်သံကြီးကို တစ်"အား"ပြီး တစ် "အား" ဆက်ကာဆက်ကာအော်ပြီး သူတို့အိမ်ပေါက်ကနေ သူကြီးအိမ်ပေါက်ကို ရောက်တဲ့အထိ မနားတမ်းပြေးတယ်။

ရွာလမ်းတစ်လျှောက် "အား" ဆိုတဲ့အော်သံကြီးနဲ့ အလန့်တကြားပြေးသွားတဲ့ ကိုကြွက်ဖြူကြောင့် ရွာထဲက ရှိတဲ့လူတွေ





က ဘာပါလိမ့်ဆိုပြီး လမ်းဘက်ကို တဝုန်းဝုန်းပြေးထွက်လာပြီးတော့ ကြည့်ကြတယ်။ ဒါပေမယ့် ကိုကြွက်ဖြူက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး။ သူ့ ဦးတည်ရာကိုပဲ ရောက်အောင်ပြေးတယ်။

"အား!"

ဒီလိုနဲ့ သူကြီးအိမ်ကိုရောက်လာတော့ ကိုကြွက်ဖြူက သူကြီးအိမ်ရှေ့မှာ အသံပြဲကြီးနဲ့ အော်နေတော့တယ်။

အိမ်ထဲကနေ အလန့်တကြားပုံစံနဲ့ ပထမဦးဆုံး ပြေးထွက်လာတာက သူကြီးကတော် ဒေါ်ချယ်ရီ။ ဒေါ်ချယ်ရီက ရေချိုးမလို့ လုပ်နေတုန်းမှာ အပြင်ဘက်ကနေ လှိမ့်ဝင်လာတဲ့ ကိုကြွက်ဖြူရဲ့ အော်သံကြောင့် ထမီရင်လျားကြီးနဲ့ ပြေးထွက်လာတာ။

"ဟဲ့. . . ဟဲ့. . . ကြွက်ဖြူ. . . ဘာဖြစ်တာလဲဟဲ့"

ကိုကြွက်ဖြူက ဒေါ်ချယ်ရီကို ဘာစကားမှမပြော။ အိမ်ထဲဘက်ကိုသာ တစ်ချက်လှမ်းကြည့်လိုက်ပြီး ဆက်အော်နေတယ်။

"အား!"

အိမ်ထဲကနေ နောက်ထပ်ပြေးထွက်လာတာက သူကြီး။ သူကြီးက ဒေါ်ချယ်ရီ ရေချိုးတော့မယ်ဆိုလို့ ဒေါ်ချယ်ရီ ရေချိုးပြီးရင် လိမ်းဖို့ဆိုပြီး အိမ်ထဲမှာ သနပ်ခါးသွေးပေးနေရင်းကနေ ပြေးထွက်လာတာဆိုတော့ လက်ထဲက သနပ်ခါးတုံးကြီးကို မချခဲ့မိဘဲ ကိုင်ရက်ကြီးနဲ့ ပြေးထွက်လာတာ။

"ဟေ့. . . ဟေ့ကောင်. . . ကြွက်ဖြူ. . . ဘာဖြစ်လာတာလဲ. . ."

ကိုကြွက်ဖြူက သူကြီးကို တစ်ချက် မျက်လုံးစွေကြည့်တယ်။ ဒါပေမယ့် ဘာမှမပြောဘဲ ထပ်အော်တယ်။ မျက်လုံးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို လက်တစ်ဖက်နဲ့ပိတ်ထားပြီး ကျန်တဲ့တစ်ဖက်နဲ့ အိမ်ထဲဘက်ကိုပဲ ကြည့်ပြီးတော့ အော်နေတာ။ သူမျှော်လင့်တာက ချယ်ရီဘို ထွက်လာဖို့ပဲ။ ဒါပေမယ့် အိမ်ထဲက နောက်ထပ် ဘယ်သူမှ ထွက်မလာတော့ ကိုကြွက်ဖြူက အား. . . အား. . . နဲ့ ဆက်ကာဆက်ကာ အသံကုန်ဟစ်ပြီးအော်နေတော့တယ်။

ရွာထဲကလူတွေ အတော်များများကလည်း ဘာပါလိမ့်ဆိုပြီး လာကြည့်ကြတာ သူကြီးအိမ်ရှေ့မှာ စုပြုံပြီး ပွဲတော်ကြီး ကျနေတာပဲ။

ဒါပေမယ့် တော်တော်ကြာတဲ့အထိ အိမ်ထဲကနေ ကိုကြွက်ဖြူမျှော်လင့်နေတဲ့ ချယ်ရီဘိုက ထွက်မလာဘူး။ ဒီတော့ ကိုကြွက်ဖြူက အိမ်ရှေ့မှာ မတ်တပ်ရပ်ပြီး အော်နေရာကနေ အိမ်ကိုပတ်ပြေးပြီးတော့ အော်တယ်။ သူကြီးနဲ့ သူကြီးကတော်ကလည်း ဘာမှန်းမသိတော့ ကိုကြွက်ဖြူနောက်ကို ပြေးလိုက်ပြီး အကြောင်းရင်းကိုမေးကြတယ်။ ဒီတော့ မသိရင် သုံးယောက်သားက အိမ်ကြီးကို ပတ်ပြီး စိန်ပြေးတမ်းကစားနေတဲ့ အတိုင်းပဲ။

"ဟေ့ကောင်. . . ဘာဖြစ်တာလဲ၊ ငါ့ကိုပြောစမ်းပါကွ၊ ဟေ့ကောင်. . . ကြွက်ဖြူ. . . ဘာဖြစ်လာတာလဲလို့. . . "

"ဟဲ့. . . ကြွက်ဖြူ. . . နင်ဘာဖြစ်လာတာလဲလို့၊ မေးနေတာကို ဖြေဦးလေ. . . ဟဲ့. . . နေပါဦး. . . ဟဲ့. . . "

သူကြီးရော၊ သူကြီးကတော်ရောက ကိုကြွက်ဖြူရဲ့ နောက်ကနေ ပြေးလိုက်ပြီးတော့မေးကြတယ်။ ဒါပေမယ့် ကိုကြွက်ဖြူက ဘာမှမပြောဘူး။ အိမ်ကို တစ်ပတ်ပြီးတစ်ပတ် ပတ်ပြေးပြီး အော်မြဲအော်နေတော့တယ်။ သူကြီးက သနပ်ခါးတုံးကြီးကိုကိုင်လို့။ ထမီ





ရင်လျားနဲ့ သူကြီးကတော်ဆိုရင်လည်း ထမီတွေကိုကျွတ်လို့၊ ကျွတ်နေတဲ့ထမီကိုလည်း ပြန်မဝတ်အားဘဲ ရင်ခေါင်းလောက်ကနေ လက်နဲ့စုကိုင်ထားပြီး ပြေးလိုက်နေတော့တာ။

ကြာတော့ သူကြီးရော၊ သူကြီးကတော်ရော မလိုက်နိုင်တော့ဘူး။ ဖတ်ဖတ်မောပြီး ခြေကုန်လက်ပန်းကျကုန်တယ်။ ဒီတော့ အိမ်ကို ပတ်ပြေးပြီး အော်နေတဲ့ ကိုကြွက်ဖြူကိုပဲ အူကြောင်ကြောင်ပုံစံတွေနဲ့ ဘာလုပ်ရမှန်းမသိစွာ ငေးကြည့်နေတော့တယ်။

"အား. . . "

"အား. . . "

တော်တော်ကြာသွားတော့မှ ခြံပေါက်ဝမှာ စုပြုံနေတဲ့ လူတွေကို အတင်းတိုးဖယ်ပြီး ခြံဝန်းထဲကို ဝင်လာတာက ချယ်ရီဘို။ ချယ်ရီဘိုက ရွာထိပ်က အဖိုးလေးသာခု နေမကောင်းလို့ ဆေးကုပေးပြီးပြန်လာတာ။

ကိုကြွက်ဖြူက အိမ်ကိုပတ်ပြေးပြီး အော်နေရာကနေ ချယ်ရီဘိုကိုလည်း မြင်လိုက်ရရော ချယ်ရီဘို့ဆီကို ပြေးလာတယ်။ ဒါပေမယ့် ပါးစပ်ကတော့ "အား. . . " ဆိုတာကြီးကို ရပ်မပစ်သေးဘူး။ ချယ်ရီဘို့အနားကိုရောက်တော့မှ "အား. . . " အော်တာရပ်သွားပြီး. . .

"ချယ်ရီ. . . ချယ်ရီရယ်. . . ကိုဖြူ. . . ကိုဖြူ့ကို ကယ်ပါဦး၊ ကိုဖြူ. . . ကိုဖြူ့ မျက်လုံး. . . "

ကိုကြွက်ဖြူ့အသံက အဆုံးထိထွက်မလာဘဲ တိမ်ဝင်သွားတယ်။ ဒီတော့ ချယ်ရီဘို့မျက်လုံးတွေက ပြူးကျယ်သွားရပြီး စိုးရိမ်တကြီးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

"ဘာဖြစ်တာလဲဟင်. . . ဘာဖြစ်တာလဲ. . . ကိုဖြူ့ မျက်လုံး ဘာဖြစ်လို့လဲ. . ."

"ကိုဖြူ့. . ကိုဖြူ့မျက်လုံးထဲ. . ."

"အင်း. . . ပြောလေ. . . မြန်မြန်ပြော၊ ကိုဖြူ့မျက်လုံး ဘာဖြစ်လို့လဲဟင်. . ."

"ကိုဖြူ့မျက်လုံးထဲ. . ."

"အင်းလေ. . . ပြောပါဆို. . . ကိုဖြူ့မျက်လုံး. . . ဘာဖြစ်သွားလို့လဲ. . ."

ကိုကြွက်ဖြူက ချယ်ရီဘို့ကို လက်တစ်ဖက်ကမျက်လုံးကိုပိတ်ထားပြီး ကျန်တဲ့တစ်ဖက်နဲ့ အားကိုးတကြီးကြည့်လိုက်တယ်။ ပြီးတော့မှ ဝမ်းပန်းတနည်းအသံကြီးနဲ့ ပြောလိုက်တာက. . .

"င. . . ငရုတ်သီး ဝင်သွားလို့. . ."

"ရှင်. . ."





ကိုကြွက်ညိုတစ်ယောက် စီးကရက်တိုကို လက်ကြားညှပ်ကာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ရင်း ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့တယ်။ ကိုကြွက်ဖြူက သူ့ထက် တစ်ကွက်ပိုသာသွားတာလေ။ အခုဆိုရင် ရွာထဲမှာ ကိုကြွက်ဖြူရဲ့လုပ်ရပ်က နာမည်တွေကိုကြီးလို့။

"တောက်. . . အရှုံးက တစ်မူးသာတယ်ဆိုတာ ဒါမျိုးကိုပြောတာဖြစ်မှာ. . . ခံပြင်းလိုက်တာကွာ. . ."

ပါးစပ်က ပွစိပွစိရေရွတ်ကာ ကိုကြွက်ညိုက လက်ထဲက ဆေးလိပ်ကို ယောင်ပြီး ဒေါသတကြီးနဲ့ လက်ထဲမှာ ဆုပ်ချေပစ်လိုက်တယ်။

"အောင်မလေး. . . ပူလိုက်တာဟ"

ပါးစပ်ကလည်း ရေရွတ်၊ လက်ကလည်း ဆေးလိပ်ကို အလန့်တကြား လွှတ်ချလိုက်ရတယ်။ ပြီးမှ သူ့အဖြစ်ကို ဘယ်သူတွေများမြင်သွားသလဲလို့ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ဝေ့ဝဲကြည့်ရသေးတယ်။ ဘယ်သူမှ ရှိမနေတော့မှ ဟင်းခနဲ သက်ပြင်းချလိုက်ရင်း တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်တယ်။

မဖြစ်. . .။ သူ ဒီလို နောက်ကောက်ကျကျန်နေခဲ့လို့ မဖြစ်။ ပြိုင်ဘက်က တိုက်ကွက်စလာချိန်မှာ သူက ဒီအတိုင်းငြိမ်



www.burmeseclassic.com

www.burmeseclassic.com



နေရင် ခံသွားရမှာပေါ့။ ဒီတော့ ကိုကြွက်ဖြူရဲ့တိုက်ကွက်ထက် ပိုလှတဲ့တိုက်ကွက်မျိုးကိုသုံးပြီး သူလည်း တိုက်စစ်ဆင်မှဖြစ် တော့မယ်ဆိုတာကိုတွေးမိတယ်။

ဒီတော့ ကိုကြွက်ညိုတစ်ယောက် အသည်းအသန်စဉ်းစားတယ်။ ဘယ်လိုတိုက်ကွက်မျိုးကို သုံးရမလဲ။ ဘယ်လိုဗျူဟာမျိုးက ကိုကြွက်ဖြူထက် ပိုထိရောက်မလဲ။

ဒီအခိုက်မှာတင်ပဲ သူ့ခေါင်းထဲမှာ အကြံတစ်ခုက လင်းခနဲ ဖြစ်သွားတယ်။ ဒီလိုနေရာမျိုးမှာဆို သူ့ဦးနှောက်က မာစတာဘာရိန်းလေ။

♥ ♥ ♥





# ၄

"ဟယ်လို. . . ဟယ်လို. . . ဟုတ်ကဲ့. . . ဟယ်လို. . . အဟမ်း ပန်းသွင်းကြီးရွာအတွင်းမှာရှိကြတဲ့ မိဘပြည်သူများခင်ဗျာ၊ ကျွန်တော် မောင်ကြွက်ညိုပါခင်ဗျာ၊ အခု အသံချဲ့စက်နဲ့ ကြေညာနေတာကတော့အမျိုးကောင်းသားလေး. . . ကျွန်တော် မောင်ကြွက်ညိုပါခင်ဗျာ. . . အဟမ်း. . . ဟုတ်ကဲ့"

အသံချဲ့စက်ကနေ ထွက်ပေါ်လာတဲ့ ကိုကြွက်ညိုရဲ့ အသံကျယ်ကြီးကြောင့် ကိုကြွက်ဖြူက အသံထွက်ပေါ်လာတဲ့ လမ်းမဘက်ကို အိမ်ထဲကနေ ထွက်ကြည့်တယ်။ သူ့လိုပဲ လမ်းမပေါ်မှာ ထွက်ကြည့်နေတဲ့ လူတွေကလည်း အများကြီး။ ကိုကြွက်ဖြူက ကိုကြွက်ညိုကို ဒီကောင် ဘာအရူးထတာလဲဆိုတဲ့ အကြည့်မျိုးနဲ့ လှမ်းကြည့်လိုက်တယ်။

ကိုကြွက်ညိုကိုအတွေ့မှာတော့ ကိုကြွက်ဖြူရဲ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရတယ်။ မပြူးပဲ ရှိပါ့မလား။ ကိုကြွက်ညိုရဲ့ပုံစံကိုလည်း ကြည့်လိုက်ဦးလေ။ နွားလှည်းပေါ်မှာ အသံချဲ့စက်



www.burmeseclassic.com

ပစ္စည်းတွေတင်ပြီး နွားလှည်းပေါ်မှာမှ ကုလားထိုင်တစ်လုံးကို ထပ်တင်ပြီး အဲဒီကုလားထိုင်ပေါ်မှာ သူကတက်ထိုင်ကာ မိုက်တစ်လုံးနဲ့ ကြေညာနေတာ။ လှည်းကို ရွာလမ်းမတစ်လျှောက် ခပ်ဖြေးဖြေးလေး မောင်းပေးနေတာက ငပြူး။

"အဟမ်း. . . ဟုတ်ကဲ့ခင်ဗျာ. . . အမျိုးကောင်းသားလေး ကျွန်တော်မောင်ကြွက်ညို အခုလို အသံချဲ့စက်နဲ့ ရွာထဲမှာ လှည့်လည်ကြေညာပေးရတဲ့ အကြောင်းရင်းကတော့ ဒီလိုပါခင်ဗျာ၊ ဒီလိုပါ. . .၊ မနက်ဖြန်ဆိုရင် ကျွန်တော့်တို့ရွာလေးမှာ အနှစ်နှစ်အလလက မက်ခဲ့ရတဲ့ ဆေးခန်းလေးတစ်ခု ဖွင့်ချင်တဲ့ဆန္ဒကို အကောင်အထည်ဖော်နိုင်တော့မှာပါ. . . အဲဒီအိပ်မက်ကို အကောင်အထည်ဖော်ပေးတာကတော့ ကျွန်တော်တို့ရွာကို အေးချမ်းတည်ငြိမ်အောင်. . . သာယာဝပြောအောင်. . . ဖွံ့ဖြိုးတိုးတက်အောင် အုပ်ချုပ်ပေးနေတဲ့ သူကြီးဦးဘိုလေးနဲ့ သူကြီးကတော် ဒေါ်ချယ်ရီတို့ပါပဲ. . . အဟမ်း. . . ဟုတ်ကဲ့ခင်ဗျာ. . ."

ကိုကြွက်ညိုက သူ့ကိုယ်သူ အမျိုးကောင်းသားဆိုတာကို ခဏခဏထည့်ပြောသလို သူကြီးဦးဘိုလေးနဲ့ သူကြီးကတော် ဒေါ်ချယ်ရီတို့ကိုလည်း တစ်ဖက်လှည့်နဲ့ မြှောက်ပြောလေးပြောတယ်။ ပြီးတော့ ရွာလမ်းတစ်လျှောက် ကြေညာနေရာကနေ ကိုကြွက်ဖြူရဲ့ အိမ်ဝိုင်းရှေ့ရောက်တော့ ငပြူးနဲ့ကြိုတင်ဇာတ်တိုက်ထားတဲ့အတိုင်း လှည်းကိုရပ်လိုက်တယ်။

"ဒါကြောင့် မနက်ဖြန်ဆိုရင် သူကြီးတို့ရဲ့သမီးလေး ချယ်ရီဘို. . . အဲ. . . ဒေါက်တာချယ်ရီဘို ပေါ့နော်၊ ဟုတ်ကဲ့. . . ဒေါက်တာချယ်ရီဘိုက မနက်ဖြန်ဆိုရင် ကျုပ်တို့ရွာအတွက် အရမ်းကို





လိုအပ်နေတဲ့ ဆေးခန်းလေးကို စတင်ဖွင့်လှစ်ပါတော့မယ်၊ အဲဒီလို ဖွင့်လှစ်တာကို ကျွန်တော် အမျိုးကောင်းသားလေး မောင်ကြွက်ညိုကလည်း တစ်တပ်တစ်အား ပါဝင်ကူသိုလ်ယူတဲ့အနေနဲ့ ရွာထဲမှာရှိတဲ့ သက်ကြီးရွယ်အိုများကို ဆေးဝါးဒါန ကုသိုလ်ယူမှာ ဖြစ်ပါတယ်. . . အဲဒါကြောင့် မနက်ဖြန် ဆေးခန်းဖွင့်တဲ့နေ့မှာ ရွာထဲက သက်ကြီးရွယ်အိုများကို ဆေးဝါးကုသဖို့ ကျွန်တော် မောင်ကြွက်ညို အမျိုးကောင်းသားလေးက ဖိတ်ခေါ်အပ်ပါတယ်၊ အဲဒီလိုလာရောက်ကုသတဲ့အတွက် ကုန်ကျစရိတ်ကို ကျွန်တော် အမျိုးကောင်းသားလေး မောင်ကြွက်ညိုက တာဝန်ယူမှာဖြစ်ပါတယ် . . . ဟုတ်ကဲ့ခင်ဗျာ. . . . ကျွန်တော် အမျိုးကောင်းသားလေး မောင်ကြွက်ညိုပါခင်ဗျာ. . ."

ကြေညာရင်းနဲ့ ကိုကြွက်ညိုက ကိုကြွက်ဖြူကို ပြုံးစစလှမ်းကြည့်တယ်။ သူ့အပြုံးက အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုး။ ပြီးတော့ ကဲ. . . မင်း ဘာတတ်နိုင်သေးလဲဆိုတဲ့အထာမျိုး။ ကိုကြွက်ဖြူကတော့ ထင်မှတ်မထားတဲ့အကွက်နဲ့ တိုက်ခိုက်ခံလိုက်ရတာမို့ မျက်မှောင်ကြီးကုတ်ပြီး ကြည့်နေတယ်။

ရွာထဲက ကလေးတွေကတော့ ကိုကြွက်ညို ကြေညာနေတဲ့ လှည်းနားကို လာကြည့်ကာ ကလေးတို့ရဲ့ထုံးစံအတိုင်း ဘာရယ်မဟုတ် အသံချဲ့စက်ကြီးနဲ့ ကိုကြွက်ညိုတစ်ယောက် မိုက်ကိုင်ကာ ကြေညာနေတာကို သဘောတကျ လက်ခုပ်တီးကြတယ်။ ကိုကြွက်ညို က အဲဒီကလေးတွေကို ဝေ့ဝဲကြည့်လိုက်ရင်း. . .

"ဟုတ်ကဲ့. . . အားပေးမှုကို ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဟုတ်ကဲ့. . ."

www.burmeseclassic.com



ကိုကြွက်ဖြူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အောင့်သက်သက်နဲ့ အိမ်ဝိုင်းထဲပြန်ဝင်သွားတော့မှ ကိုကြွက်ညိုရဲ့ လှည်းကြီးကလည်း ကိုကြွက်ဖြူရဲ့ အိမ်ရှေ့ကနေ ပြန်စထွက်တယ်။ လှည်းရဲ့ ဦးတည်ရာက သူကြီးတို့အိမ်ဘက်ဆီကို. . .။

"ဟယ်လို. . . ဟုတ်ကဲ့. . . ကျွန်တော် အမျိုးကောင်းသားလေး မောင်ကြွက်ညိုပါခင်ဗျာ. . . . ဟုတ်ကဲ့. . . ကျွန်တော် အမျိုးကောင်းသားလေးပါ. . .၊ ကျွန်တော် အခုလို . . . အသံချဲ့စက်နဲ့ ကြေညာရတဲ့ အကြောင်းရင်းကတော့. . ."

လူကြီးတွေကတော့ ဘယ်လိုနေတယ်မသိ၊ ကလေးတွေကတော့ ကိုကြွက်ညိုရဲ့လှည်းနောက်မှာ အတန်းလိုက်ကြီး တပျော်တပါး ပါသွားကြတယ်။

"ဟုတ်ကဲ့ခင်ဗျာ. . . ကျွန်တော် အမျိုးကောင်းသားလေး မောင်ကြွက်ညိုပါခင်ဗျာ. . . ဟုတ်ကဲ့"





ဆေးခန်းဖွင့်ပွဲက လူတွေရုံးရုံးရုံးရုံးနဲ့ စည်တော့စည်ကားတယ်ပြောရမယ်။ ပန်းသွင်းကြီးရွာထဲကလူတွေတင် မကပဲ အနီးအနားရွာကလူတွေပါ တော်တော်များများလာကြတော့ အသေးစား အလှူလေးတစ်ခုနဲ့တောင် စည်ကားပုံခြင်းသွားတူနေတယ်။

သူကြီးနဲ့ သူကြီးကတော်တို့ကလည်း လာတဲ့လူတွေကို ကြာဆံဟင်းခါးတိုက်တာဆိုတော့ ဆေးခန်းဖွင့်တာကို ဝမ်းသာလို့လာတဲ့လူတွေရှိသလို ကြာဆံဟင်းခါးသောက်ချင်လို့လာတဲ့ လူတွေကလည်း ဒုနဲ့ဒေး။

ဒီထဲမှာမှ ကိုကြွက်ညိုကတော့ ဆေးဝါးဒါနယူထားတာဆိုတော့ မျက်နှာပွင့်တာပေါ့လေ။ ဆေးခန်းကိုလာကြတဲ့ သက်ကြီးရွယ်အိုတွေကို တွဲပို့လိုက်၊ တွဲထလိုက်နဲ့ လုပ်ပေးပြီး ချယ်ရီဘိုရှေ့မှာ အမှတ်ယူသလို၊ သူကြီးအနားသွားပြီး ဖားလိုက်၊ သူကြီးကတော်ကို ဝတ်ထားတဲ့ အဝတ်အစားလေးနဲ့ ဘယ်လို လိုက်ဖက်တယ်၊ ဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ မြှောက်ပြောကာ နေရာယူနေတော့တယ်။

"ချယ်ရီလေး. . . မောနေပြီလား. . ."

"မမောပါဘူး. . . ကိုညိုရယ်၊ ဒီအလုပ်ကို ဝါသနာပါလို့ ရွေးချယ်ထားတာပဲလေ. . ."



www.burmeseclassic.com

www.burmeseclassic.com

"ရေသောက်မလား. . . ကိုယ်ရေခပ်ပေးမယ်လေ"

"ဩော်. . . ရတယ် ရတယ်ကိုညို ၊ ချယ်ရီရေမဆာပါဘူး၊ ရတယ်. . ."

ကိုကြွက်ညိုက ချယ်ရီဘိုအနားကို ကပ်ကပ်ပြီးအမှတ်ယူတယ်။ ချယ်ရီဘိုကတော့ သဘောရိုးနဲ့ပါပဲ။ ပြီးတော့ ကိုကြွက်ညိုကိုလည်း သူမအာရုံထဲမှာ ရှိပုံမရပါဘူး။ သူမဘာသာ လုပ်စရာရှိတာကို လုပ်လိုက်၊ နှငယ်ကိုခိုင်းလိုက်နဲ့ ချာချာလည် နေတော့တာ။

ဒီအချိန်မှာပဲ ဆေးခန်းဆီကိုရောက်လာတဲ့ ကိုကြွက်ဖြူကို ကိုကြွက်ညိုက မြင်သွားတယ်။ ဒီတော့ ကိုကြွက်ညိုက ကိုကြွက်ဖြူ့ရှေ့ကနေ ပိတ်ရပ်ထားလိုက်ရင်း. . .

"ဘာလာလုပ်တာလဲ မင်းက. . ."

ကိုကြွက်ညို့ စကားကြောင့် ကိုကြွက်ဖြူက မျက်နှာထားကို တင်းပစ်လိုက်ရင်း. . .

"ငါ့ဘာသာ ဘာလုပ်ဖို့လာလာပေါ့၊ မင်းနဲ့ဘာမှ မဆိုင်ဘူး. . ."

ကိုကြွက်ဖြူရဲ့ စကားအဆုံး ကိုကြွက်ညိုရဲ့ နှုတ်ခမ်းထောင့်စွန်းတွေက ကော့တက်သွားကာ သရော်တော်တော်ပြုံးလိုက်ရင်း. . .

"ငါက ဒီနေ့ဆေးဝါးဒါနပြုတယ်ဆိုပေမယ့် အဲဒီလူတွေထဲမှာ မင်းမပါဘူးနော်၊ မင်းကိုတော့ ငါ ဘာဒါနမှ မပြုနိုင်ဘူး. . ."

"ဘယ်သူကရော ဆေးလာကုတယ်ပြောနေလို့လဲ၊ ငါ့ကို မင်းလို ဂီလာနမျှားအောက်မေ့နေသလား၊ ကြည့်လိုက်ဦး၊ ကျန်းမာလွန်းလို့ ဒေါင်ဒေါင်မြည်နေတာပဲ. . ."





"ဩော်. . . ဒါဆိုသေချာပြီ၊ မင်း. . . ကြာဆံဟင်းခါး လာသောက်တာပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား. . .၊ အဟင်း. . . ဟင်း. . . အေးပေါ့လေ၊ မင်းလိုကောင်ကဒီလို အလကားရတဲ့နေရာတွေပဲ လိုက်စားနေတဲ့ကောင်ကိုး. . . သွားသွား. . . မြန်မြန်သွားတော့၊ တော်ကြာ ကုန်သွားလို့ ငတ်နေဦးမယ်"

ကိုကြွက်ညို့စကားကြောင့် ကိုကြွက်ဖြူရဲ့ မျက်နှာကြီးက နီရဲတွတ်သွားတယ်။

"ဟေ့ကောင်. . . ငါ့ကို မင်းလို အငတ်မျိုးများ အောက်မေ့နေလားကွ၊ မင်းသာ အညှီနံ့ရတဲ့ခွေးနာကြီးလို အမြီးတစ်နန့်နန့်ဖြစ်နေတာ. . . သိလား၊ ကိုယ့်ကိုကိုယ်လည်း ပြန်ကြည့်ဦး"

"ဟေ့ကောင်. . . ကြွက်စုတ်. . . မင်းမိုက်ရိုင်းလှချည်လား၊ ဟမ်. . . ဘယ်ဥကပေါက်တာလဲ"

"ငါက ဥကပေါက်တာမဟုတ်ဘူးကွ၊ အကောင်လိုက် မွေးလာတာ၊ မင်းသာ ဥကပေါက်တဲ့ကြွက်မျိုး"

ကိုကြွက်ဖြူ့စကားအဆုံး ကိုကြွက်ညို စွေ့စွေ့ခုန်သွားတယ်။ ပြီးတော့ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ရင်းက. . .

"ဟေ့ကောင်. . . မင်းမိုက်ရိုင်းလှချည်လား၊ မင်းလွန်လာပြီနော်၊ ငါသည်းမခံနိုင်တော့ဘူး၊ သည်းမခံနိုင်တော့ဘူး. . ."

ကိုကြွက်ညို့အသံက ဒေါသတကြီးနဲ့ဆိုတော့ တော်တော်လေးကျယ်သွားပြီး အနီးအနားမှာရှိတဲ့လူတွေက သူတို့နှစ်ယောက်ကို အာရုံစိုက်မိသွားကြတယ်။

"အောင်မာ. . . သည်းမခံနိုင်တော့ မင်းကဘာလုပ်ချင်လဲ၊



www.burmeseclassic.com

မင်း ဘယ်လောက်မိုက်လို့လဲပြော ဟေ့ကောင်"

"မိုက်သလားတော့ မမေးနဲ့၊ ဘာလုပ်ချင်သလဲဆိုရင်တော့ ဒါလုပ်ချင်တယ်ကွာ. . ."

ကိုကြွက်ညိုက ကိုကြွက်ဖြူရဲ့မျက်နှာကို ခွပ်ခနဲမြည်အောင် ထိုးချလိုက်တယ်။

"ဟာ. . . မင်းငါ့ကိုထိုးတယ်ပေါ့၊ ဒါမျိုးလာလုပ်လို့ မရဘူးကွ၊ ကြွက်ဖြူ့ကို လာစမ်းတယ်ပေါ့၊ ငါ့လက်သီးလည်း ဘယ်လောက်ပြင်းတယ်ဆိုတာကိုလည်း မြည်းကြည့်လိုက်စမ်းပါဦး. . ."

ကိုကြွက်ဖြူကလည်း ကိုကြွက်ညို့မျက်နှာကို အားကုန်ထုတ်ပြီးတော့ ထိုးချလိုက်တယ်။ နောက်တော့ နှစ်ယောက်စလုံးလုံးထွေးသွားပြီး ဆေးခန်းဖွင့်ပွဲကနေ နပမ်းသတ်ပွဲကြီးဖြစ်သွားတော့တယ်။ သူကြီးအိမ်ဝိုင်းထဲမှာလည်း ဆွဲကြ၊ တားကြနဲ့ ပွက်လောကိုရိုက်လို့။





ပြဿနာရဲ့ နောက်ဆက်တွဲကတော့ ကြွက်နှစ်ကောင်စလုံး သူကြီးအိမ်မှာ ထိပ်တုံးစာမိသွားတော့တာပါပဲ။ ဒါတောင်မှ သူတို့နှစ်ယောက်ရန်ပွဲက ပြီးသေးတာမဟုတ်။ ထိပ်တုံးခတ်ထားရင်းကကို နှစ်ယောက်သားက ရန်ဖြစ်နေကြတာ။ ဒါပေမယ့် လူတွေက ထိပ်တုံးနဲ့ မလှုပ်နိုင်ကြတော့ လှုပ်လို့ရတဲ့ ပါးစပ်နဲ့ပဲ ပါးစပ်စစ်ပွဲဆင်နွှဲနေကြတော့တာလေ။

"ဒီလို ထိပ်တုံးစာမိတာ မင်းကြောင့်. . . ငါ့ဘာသာ ဒီနေ့ချယ်ရီလေးအနားမှာ မင်္ဂလာယူနေတာကို မင်းလာပြီး သာသနာဖျက်လို့ အခုလို ထိပ်တုံးစာမိတာ. . ."

ကိုကြွက်ညိုရဲ့စကားအဆုံး ကိုကြွက်ဖြူက ဘုကြည့်ကြည့်လိုက်ရင်းမှ. . .

"အောင်မာ. . . ငါ့ဘာသာ ချယ်ရီလေးဆီကို လာတာ၊ မင်းကစပြီး ရန်စကားလာပြောတာလေ၊ ပြီးတော့ စထိုးတာကလည်းမင်း"

"ဒါကတော့ မင်းကငါ့ကို မခံနိုင်အောင်ပြောတာကိုကွ၊ ထိုးမှာပေါ့"

"အေး. . . မင်းထိုးတော့ ငါလည်း ပြန်ထိုးမှာပေါ့၊ ငါ့မှာလည်း လက်နဲ့ပဲဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး၊ ငါက မင်းကို အနူအောက်မေ့လို့"

"ငါကအကောင်းကွ၊ မင်းသာ လဗရိုစီ. . ."

"မင်းက အတို"

"အဲဒါမင်း. . ."

"မင်းကွ၊ ငါမဟုတ်ဘူး"

"မင်း. . ."

"မင်း"

နှစ်ယောက်သား ပါးစပ်ကပြောနေရင်းကနေ အားမရဖြစ်လာပြီး လက်တွေပါ ပါလာပြန်တော့တယ်။ နှစ်ယောက်သားက ပူးပူးကပ်ကပ်ရှိနေတာဆိုတော့ လက်သီးနဲ့ထိုးဖို့က အရှိန်ယူလို့မရဘူးလေ။ ဒီတော့ နှစ်ယောက်သားက တစ်ယောက်နဲ့တစ်ယောက် မှီရာကို မလွှတ်တမ်းဖမ်းဆွဲထားကြတယ်။ အဲ မှီရာကိုဖမ်းဆွဲတယ်ဆိုလို့ တစ်မျိုးတော့မထင်ပါနဲ့။ ဆံပင်မွှေးတို့၊ နှာခေါင်းတို့၊ နားရွက်တို့ကို ပြောပါတယ်။

"အား. . ."

"အား. . ."

ပြီးတော့ နှစ်ယောက်သား အသံပြဲကြီးတွေနဲ့ အော်ကြတယ်။ သူတို့တွေအော်တာ ဘယ်လောက်ကျယ်သလဲဆိုရင် အိမ်အပေါ်ထပ်မှာ သူကြီးဦးဘိုလေးကို နင်းပေးနေတဲ့ သူကြီးကတော်ဒေါ်ချယ်ရီတစ်ယောက် ဦးဘိုလေးရဲ့ပေါင်အရင်းနားဆီအရောက်မှာ အောက်ဘက်ဆီက အော်သံကြောင့် ရုတ်တရက်လန့်ဖျန့်ပြီး နေရာလွဲကာ နင်းမိသွားတဲ့ အထိပါပဲ။

"အူး. . ."





သူကြီးခင်ဗျာ အဲဒီလောက်သာ အော်လိုက်နိုင်ပြီးတော့မျက်လုံးကြီးပြူးကာ ဆန့်ငင်ဆန့်ငင်နဲ့ တက်သွားတယ်။

"ကိုဘိုလေး. . . ကိုဘိုလေး. . . ရှင်ဘာဖြစ်သွားတာလဲ၊ အမလေး. . . သေပြီလားမသိဘူး၊ ကိုဘိုလေး. . . ကိုဘိုလေး၊ အမလေး. . . သမီးရေ. . . ချယ်ရီ. . . သမီးရေ. . . ဒီကို. . . ဒီကိုမြန်မြန်လာပါဦး၊ ဒီမှာ သမီးအဖေ. . . ဟိုဟာ. . . ဟိုဟာတက်သွားလို့. . . သမီးရေ. . ."

ဒေါ်ချယ်ရီရဲ့ ကမ္ဘာပျက်မတတ် အော်လိုက်သံကြီးကြောင့် ဆေးခန်းထဲမှာထိုင်နေတဲ့ ချယ်ရီဘိုလည်း အိမ်အပေါ်ထပ်ဆီကို တဝုန်းဝုန်းပြေးတက်လာတယ်။

ချယ်ရီဘို အပေါ်ထပ်ကိုရောက်တော့ ဦးဘိုလေးခင်ဗျာ မျက်ဖြူတောင်လန်နေပြီ။ လူကလည်း ဓါတ်လိုက်သလို ဆန့်ငင်ဆန့်ငင်ဖြစ်လို့။

"အမေ. . . အဖေ. . . ဘာဖြစ်တာလဲ. . . ဟင်. . . ဘာဖြစ်တာလဲ. . ."

ချယ်ရီဘိုက ဖခင်ဖြစ်သူရဲ့ဘေးမှာ ဒူးထောက်ထိုင်ချလိုက်ရင်းကမေးတော့ ဒေါ်ချယ်ရီက ဘယ်လိုပြောရမယ်မှန်းမသိစွာနဲ့. . .

"ဟိုဟာ. . . ဟိုဟာ. . . တက်သွားတာ. . ."

"ဟင်. . . ဘယ်ဟာလဲ. . . ဘယ်ဟာတက်တာလဲ. . ."

"ဟို. . . ဟိုဒင်းတက်သွားတာ. . ."

"ဘယ်ဟိုဒင်းလဲ အမေရဲ့. . . သမီးနားလည်အောင်ရှင်းရှင်းပြောမှပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာ. . . ဟိုဟာတက်သွားတာပါဆိုသမီးရယ်. . . "

"အင်းလေ. . . သမီးမေးနေတာကလည်း အဲဒီဟိုဟာဆိုတာကိုမေးနေတာလေ. . . ဘယ်ဟိုဟာကိုပြောတာလဲ"

ဒေါ်ချယ်ရီခင်ဗျာ သမီးဖြစ်သူနားလည်သွားအောင် ဘယ်လိုရှင်းပြရမှန်းမသိ ဖြစ်နေတော့တယ်။ တည့်ပြောရအောင်ကလည်း မသင့်တော်ဘူးလေ။

"ဟိုဟာဆိုတာ ဟိုဥစ္စာကိုပြောတာလေ. . ."

"ရော် . . . အမေနဲ့တော့ခက်ပြီ၊ ဘယ်ဥစ္စာကို ပြောတာလဲ. . .၊ အမေနဲ့တော့စိတ်ညစ်ပါတယ်. . .၊ အဖေ. . အဖေ သတိထားနော်. . အဖေ. . . အမေ. . . အဖေဘာဖြစ်တာလဲလို့ဆို"

"ဟိုဒင်း. . . ဟိုဟာ. . . ဟိုဥစ္စာ တက်သွားတာပါဆို သမီးရယ်. . . ခက်တာပဲ"

"ခက်တာက သမီးမဟုတ်ဘူး၊ အမေခက်နေတာ၊ ဘယ်ဟိုဒင်း. . . ဟိုဟာ. . . ဟိုဥစ္စာကိုပြောတာလဲ"

ဒေါ်ချယ်ရီတစ်ယောက် သမီးဖြစ်သူနားလည်အောင် ဘယ်လိုပြောရမှန်းမသိဖြစ်နေရင်းကနေ အကြံတစ်ခုရသွားပြီး ထိုင်ရာကနေ စွေ့ခနဲထပြေးသွားတယ်။

"ဟာ. . . အမေ. . . ဘယ်သွားတာလဲ၊ သမီးမေးတာကို ဖြေဦးလေ. . . အမေ. . . အဖေသတိထားနော်. . . အဖေ. . . "

သိပ်မကြာပါဘူး။ ထထွက်ပြေးသွားတဲ့ ဒေါ်ချယ်ရီက ထမင်းအိုးကြီးကို မပြီး ပြန်ရောက်လာတယ်။ ပြီးတော့ အဲဒီထမင်းအိုးကြီးကို သမီးဖြစ်သူ ချယ်ရီဘိုရှေ့မှာ ချလိုက်ရင်း. . .

"ညည်းအဖေက. . . ဒီဟာ တက်သွားတာဟေ့၊ ဒီဟာ





ဒီဟာ. . . သိပြီလား. . . "

ဒီတော့မှပဲ ချယ်ရီဘိုတစ်ယောက် ဒေါ်ချယ်ရီပြောတဲ့ ဟိုဒင်းဟိုဟာ ဟိုဥစ္စာဆိုတာကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်သွားတော့တယ်။

ဟုတ်ကဲ့. . . . ။

ချယ်ရီဘို့ကို ဒေါ်ချယ်ရီပြလိုက်တာက ထမင်းအိုးမှာကပ်နေတဲ့ "ထမင်းဂျိုး"တွေပါ. . . ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့နှစ်ယောက်စလုံး ဗိုက်တွေ တအားကို ဆာနေကြပြီ။ ဒါပေမယ့် သူကြီးဦးဘိုလေးက သူ့ဆီမှာ ထိပ်တုံးစာမိတဲ့သူတွေကို ဘယ်သူမှ စားစရာလာပို့ရလေ့ ထုံးစံမရှိဘူး။ ဒီတော့ ဘယ်သူကမှ သူတို့ဆီကို စားစရာလာမပို့ကြဘူး။ ထိပ်တုံးခတ်ခံရတဲ့ မနက်ဆယ်နာရီလောက်ကနေ ညအထိ သူတို့နှစ်ယောက် ရေတောင် မသောက်ရသေးတာဆိုတော့ နှစ်ယောက်သားက ဗိုက်ဆာလွန်းလို့ အူတွေတောင် နာနေကြပြီ။ ခြေထောက်တွေကလည်း ညောင်းကိုက်နေကြပြီ။ သူကြီးကလည်း မနက်ဖြန်မနက်မှ ထိပ်တုံးဖြုတ်ပေးမှာ။ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ဖို့တွေ၊ စကားနိုင်လုဖို့တွေလည်း အားမရှိတော့ဘဲ နှစ်ယောက်သားပက်လက်လှန်ကာ မိုးမြန်မြန်လင်းဖို့ကိုပဲ ဆုတောင်းနေကြတော့တယ်။

ဒီလိုနဲ့ ညဆယ့်တစ်နာရီလောက်အချိန်မှာတော့ သူတို့အနားကို ချယ်ရီဘိုက ထမင်းပန်းကန်နှစ်ချပ်ကို ကိုင်ရင်း ခြေသံမကြားအောင် လျှောက်လာတယ်။

"ကိုဖြူ. . . ကိုညို. . . အိပ်ကုန်ကြပြီလား. . . "

လေသံသဲ့သဲ့လေးနဲ့ ခေါ်တာဖြစ်တဲ့အပြင် သူတို့နှစ်ယောက်စလုံးက ပက်လက်လှန်ကာ မျက်လုံးတွေကို မှိတ်ထားတာ





www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ချယ်ရီဘိုလာတာကို မသိဘူး။ ဒါပေမယ့် ချယ်ရီဘို့လက်ထဲက ထမင်းဟင်းနဲ့ကိုရတော့ နှစ်ယောက်သားက ဖျတ်ခနဲဆို ခေါင်းတွေထောင်လာကြတယ်။ ဒီမှာတင်ပဲ ချယ်ရီဘို့ကို မြင်သွားတော့ ညှိုးရော်နေတဲ့ သူတို့မျက်လုံးတွေက အရောင်တွေ တောက်လာကြတယ်။

"ချယ်ရီလေး. . ."

"ချယ်ရီလေး. . ."

နှစ်ယောက်စလုံးရဲ့ ခေါ်လိုက်သံက ပြိုင်တူထွက်လာတယ်။ ဒီတော့ ချယ်ရီဘိုက သူတို့နှစ်ယောက်ရှေ့မှာ ဆောင့်ကြောင့်ထိုင်ချလိုက်ရင်း. . .

"ရှူး. . . တိုးတိုး . . . တိုးတိုး . . . အဖေတို့ ကြားသွားလိမ့်မယ်၊ ဗိုက်ဆာနေကြပြီး မဟုတ်လား၊ ချယ်ရီ ထမင်းလာကျွေးတာ၊ ရော့. . . မြန်မြန်စားလိုက်"

ချယ်ရီဘို့စကားတောင် မဆုံးလိုက်။ နှစ်ယောက်သားက ချယ်ရီဘို့လက်ထဲက ထမင်းပန်းကန်တွေကို ဆတ်ခနဲဆွဲယူ လိုက်ကြကာ ပလုတ်ပလောင်းစားကြတော့တယ်။ ဘယ်လောက်မှ မကြာလိုက် နှစ်ယောက်စလုံးရဲ့ ထမင်းပန်းကန်တွေ ပြောင်သွားတယ်။

"ကြင်နာတတ်လိုက်တာ ချယ်ရီလေးရယ်. . . ကိုဖြူက ဒီညတော့ ထမင်းဆာလို့သေတော့မယ်ထင်နေတာ. . ."

လို့ ကိုကြွက်ဖြူကပြောတော့ ကိုကြွက်ညိုကလည်း အားကျမခံ. . .

"ကိုညိုကတော့ သူ့လောက်မနွဲ့ပါဘူး၊ ယောကျ်ားပဲဟာ၊ ထမင်းဆာတာလောက်တော့ အောင့်ခံနိုင်ပါတယ်၊ ဒါပေမယ့် ချယ်ရီ





လေးရဲ့ စေတနာကိုတော့ အသိမှတ်မပြုဘဲကို မနေနိုင်ဘူး၊ ဒီဘဝမှာတောင် ချယ်ရီလေး ဒီလောက်ချောနေတာ နောက်ဘဝကျရင် ဒီထက်ကို ချောဦးလှဦးမှာသိလား. . . ဟီး. . . ဟီး. . ."

"ခွေးကောင်. . . မင်းဘာစကားပြောတာလဲ၊ မင်းပြောပုံက ငါက နွဲ့နေတယ်ဆိုတော့ ယောကျ်ားမစစ်ဘူးလို့ပြောချင်တာလား. . ."

"ဒါကတော့ မင်းထင်ချင်သလိုထင်လေ၊ ငါကတော့ မှန်တာပြောတာပဲဟာ"

"ဟေ့ကောင်. . . ငါ"

"ကဲ. . . တော်ကြပါတော့ ကိုဖြူနဲ့ ကိုညိုရယ်၊ အခုထိ ရန်ဖြစ်နေကြတုန်းပဲ၊ တော်ကြာ အဖေကြားပြီး နိုးသွားလို့ ထိပ်တုံးခတ်တာ နောက်တစ်ရက်ထပ်တိုးသွားဦးမယ်. . ."

ဒီတော့မှ နှစ်ယောက်သားက ပါးစပ်တွေပိတ်သွားကြတယ်။ ဒါတောင်နှစ်ယောက်သားက တစ်ယောက်ကိုတစ်ယောက် မျက်စောင်းခဲနေကြသေးတယ်။

"ကဲ. . . ညဥ့်လည်းနက်လှပြီ၊ နှစ်ယောက်လုံးအိပ်ကြတော့ ဟုတ်လား၊ ချယ်ရီလည်း အိပ်ချင်နေပြီ၊ ပေးပေး. . . အဲဒီပန်းကန်တွေ. . ."

ချယ်ရီဘိုက ထမင်းပန်းကန်နှစ်ချပ်ကို ဆွဲယူလိုက်ကာ ထထွက်သွားတယ်။ ပြီးတော့ နှစ်လှမ်းသုံးလှမ်းလောက်လှမ်းပြီးမှ နောက်ကို တစ်ခေါက်ပြန်လှည့်လာကာ. . .

"ရန်ဖြစ်မနေကြနဲ့ဦးနော်. . . နှစ်ယောက်လုံး"

"အင်းပါ. . . ချယ်ရီရယ်. . . စိတ်ချ၊ ကိုဖြူက လိမ္မာပါ





www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ချယ်ရီ့စကားဆို မြေဝယ်မကျ နားထောင်ပြီသား. . . ”

“ကိုညိုက သူ့ထက်လိမ္မာတယ်နော် ချယ်ရီ၊ အခု အိပ်တော့မှာ သိလား. . . ”

“အင်းအင်း. . . ဒါဆို ချယ်ရီသွားအိပ်တော့မယ်နော်”

ချယ်ရီဘို အပေါ်ထပ်ကို ပြန်တက်သွားတယ်။ ကြွက်နှစ်ကောင်ကလည်း ချယ်ရီဘို့စကားကို နားထောင်ကြရှာပါတယ်။

ချယ်ရီဘို သူတို့မြင်ကွင်းက ပျောက်သွားတယ်ဆိုတာနဲ့ နေ့လည်ကလိုပဲ တစ်ယောက်ကိုတစ်ယောက် မှီရာကို အားကုန်ထုတ် ဖမ်းဆွဲထားလိုက်ကြတယ်။





၂

ကိုကြွက်ညိုက ထန်းရည်ကို အရသာခံသောက်နေရင်းကနေ မျက်လုံးထဲမှာ ချယ်ရီဘိုက ထမင်းလာကျွေးတဲ့ပုံရိပ်လေးကို မြင်ယောင်နေမိတယ်။ ရုပ်ကလေးချောသလောက် ဘယ်လောက်တောင် ကြင်နာတတ်တဲ့ကောင်မလေးပါလဲ။ ဒီကောင်မလေးသာ ကိုယ့်ရဲ့ အိမ်သူသက်ထားလေးဖြစ်လိုက်လို့ကတော့ ဒီကမ္ဘာမှာ မိမိလောက်ကံကောင်းတဲ့သူ ရှိမှာတောင်မဟုတ်တော့ပါဘူး။

အား. . . အတွေးနဲ့တင် တော်တော်ကြည်နူးဖို့ကောင်းနေပြီ။ မဖြစ်ဘူး။ မဖြစ်ဘူး။ ဟိုကောင် ကြွက်ဖြူရဲ့ရန်ကလည်း ရှိသေးတယ်။ ချယ်ရီလေးကို မြန်မြန်လက်ဦးမှုရယူထားမှ ဖြစ်မှာပါ။

ဒီလိုတွေးနေတုန်းမှာပဲ ထန်းရည်တောကို ရောက်လာတာက ငဖြူ။

“ဟား. . . ကိုညို. . . စောစောစီးစီး နေတောင်မဝင်သေးဘူး၊ မှန်နေပြီလားဗျာ. . . ”



www.burmeseclassic.com

www.burmeseclassic.com



"မမှန်သေးပါဘူးကွာ၊ လာထိုင်. . . ငါလည်းတစ်ယောက်တည်းပျင်းနေတာနဲ့ အတော်ပဲ. . ."

ပြေျးက ကိုကြွက်ညိုနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တယ်။

"ဒါနဲ့ ကိုညိုတို့ သူကြီးထိပ်တုံးစာ မိလို့ဆို"

"ဟုတ်ပါ့ကွာ၊ ငါ့ဘာသာဆို ငါဆင်ထားတဲ့ခွင်က ဖြုံးနေတာ၊ ဟိုကောင် ကြွက်ဖြူ သက်သက်မဲ့ဝင်ရှုပ်လို့ ပြဿနာတွေတက်ကုန်တာ၊ အဲဒီကောင်က တကယ့်ကို ဒေဝဒတ်လက်သစ်ပဲ. . ."

ကိုကြွက်ညိုက ပွစိပွစိနဲ့ မကျေမနပ်ရေရွတ်တယ်။ အဲဒီလိုရေရွတ်နေရင်းကနေ သူ့မျက်လုံးထဲမှာ ပြေျးကို အခုမှ မြင်ဖူးတဲ့သူတစ်ယောက်လို ခံစားလိုက်ရတယ်။

"ဟား. . . ဟုတ်သားပဲ၊ ကြည့်စမ်း. . . ငါ မင်းတစ်ယောက်လုံးရှိတာကို မေ့နေတယ်၊ မင်းက အိမ်ထောင်ကျပြီးသားဆိုတော့ အချစ်ရေးကို ငါ့ထက်ပိုပြီး ကျွမ်းမှာပေါ့၊ အကြံဉာဏ်လေးဘာလေး ပေးစမ်းပါဦးကွာ၊ ငါ. . . ချယ်ရီလေးကို အရမ်းကို ချစ်နေလို့ပါ၊ မရလို့ကိုမဖြစ်ဘူး၊ ပြီးတော့ ဟိုကောင် ကြွက်ဖြူနောက်ကို ပါသွားမှာကလည်း ကြောက်ရသေးတယ်. . . လုပ်စမ်းပါဦး. . ."

ကိုကြွက်ညို့စကားအဆုံး ပြေျးရဲ့ ပုံစံက ချက်ချင်းဆိုသလိုပဲ ဆရာကြီးတစ်ပါးအသွင် ပြောင်းသွားတယ်။ ထိုင်တာတောင်မှ နဂိုခပ်ရိုရိုထိုင်နေရာကနေ အထက်လူကြီးတစ်ယောက်က အောက်လက်ငယ်သားတစ်ယောက်ကို ဩဝါဒပေးတော့မယ့်အခါထိုင်တဲ့ပုံစံအတိုင်း ဟိတ်ဟန်နည်းနည်းထည့်ပြီး ပြောင်းထိုင်လိုက်





တယ်။

"အဟမ်း. . . အကြံတောင်းတော့လည်း ပေးရတာပေါ့ဗျာ၊ ကျုပ်မိန်းမမိကောက်ကို ကျုပ်လိုက်တုန်းကဆို နေ့တစ်ပိုင်းကုန်အောင်တောင် မလိုက်လိုက်ရဘူး၊ အဖြေတန်းရတာဗျာ့၊ သိလား. . ."

"ဒါဆို မင်းမိန်းမ မိကောက်က အညာတော်တော်လွယ်တာပဲနော်. . ."

"ဒါပေါ့. . . ကျုပ်မိန်းမက အဲလိုပဲ သူ့ကိုဖွင့်ပြောတဲ့သူမှန်သမျှကို တန်းပြန်ကြိုက်. . .၊ အမ်. . . မဟုတ်ဘူးလေ၊ ဘာတွေလာပြောနေတာလဲ၊ ကျုပ်မိန်းမမိကောက်လောက် မာနကြီးတာ ကျုပ်မိန်းမ မိကောက်ပဲရှိတယ်ဗျာ့. . ."

"မင်းပဲ စောစောကပြောတော့ နေ့တစ်ပိုင်းတောင်မကုန်သေးဘူး၊ အဖြေတန်းပြန်ပေးတယ်ဆို"

"အေးလေဗျာ၊ ဒါအညာလွယ်လို့မဟုတ်ဘူး၊ ကျုပ်ရဲ့ဗျူဟာတွေက ပြောင်မြောက်လွန်းလို့ နေ့တစ်ပိုင်းကုန်အောင်တောင်တောင့်ခံမထားနိုင်တော့ဘဲ အဖြေပြန်ပေးလိုက်ရတာကို ပြောချင်တာ၊ ကျုပ်ဆိုလိုတာက အဲဒါ၊ ဘာလဲကျုပ်မိန်းမကိုများ စော်စော်ကားကား အညာလွယ်တယ်လေးဘာလေးနဲ့"

"ဩော်. . . အေး. . . အေးပါကွာ၊ ငါမသိလို့ပါ၊ ဆက်ပြောပါဦး. . ."

"ကျွတ်. . . ခင်ဗျားကြောင့် ဖီလင်တောင်အောက်သွားတယ်. . ."

ပြောပြီး ပြေျးက ထန်းရည်တစ်ခွက်ကို တစ်ငွပ်ငွပ်



www.burmeseclassic.com

မြည်အောင် တစ်ရှိန်ထိုးသောက်ချလိုက်ကာ ငုံးသားခြောက်ကြော် တစ်ဖက်ကို ကောက်ဝါးလိုက်ရင်း. . .

"ဒါနဲ့. . . ဒီဝိုင်းကို ကိုညိုရှင်းမှာနော်. . ."

"အေးပါကွာ၊ မင်းကလည်း. . . အရေးထဲ၊ သောက်. . . ဝအောင်သောက်၊ မှောက်နေအောင်သောက်. . . ငါရှင်းမယ်. . . ပြောစရာရှိတာကိုသာ ဆက်ပြောစမ်းပါ. . ."

"ဩော်. . . အင်း၊ ဒါက ဒီလိုရှိတယ်ဗျာ့၊ ကျုပ်ရဲ့အတွေ့ အကြုံနဲ့ချိုပြီးပြောရမယ်ဆိုရင် မိန်းကလေးတစ်ယောက်ကို ဖွင့်ပြောတဲ့နေရာမှာ အချိန်အခါဆိုတာရှိတယ်၊ ရှင်းရှင်းပြောရရင်တော့ အချိန်အခါကောင်းကို ရွေးသင့်တယ်ပေါ့ဗျာ. . ."

"အင်း. . ."

"ဥပမာပြောရရင်. . . ကျွန်တော် သတင်းသဲ့သဲ့ရထားပါတယ်၊ ကိုညိုတို့ကို ချယ်ရီက ညကြီးအချိန်မတော် သူကြီးမသိအောင် ထမင်းလာကျွေးတယ်ဆို. . ."

"အင်းလေ. . ."

"အဲဒါပေါ့၊ အဲဒါအချိန်ကောင်းပဲ၊ အဲဒီလို အချိန်မှာများ ဖွင့်ပြောလိုက်လို့ကတော့ ပွဲသိမ်းပဲကိုညိုရာ . . . ကောင်မလေးကလည်း ကိုညို့ကို သနားနေတဲ့အချိန်ဆိုတော့ ကိုညိုသာ ပညာသားပါပါ ကိုင်တွယ်တတ်ရင်. . . ဟား. . . ပွဲသိမ်းပဲ၊ ပွဲသိမ်းပဲဗျာ. . ."

"ဒါပေမယ့် အဲဒီအချိန်တုန်းက ဟိုသူတောင်းစားကလည်း ဘေးမှာရှိနေတာလေကွာ. . .၊ ဘယ်လိုလုပ် ပြောရမှာလဲ၊ ငပေါကြီး ဖြစ်သွားမှာပေါ့. . ."





ကိုကြွက်ညို့စကားအဆုံး ငပြူးက 'အ ရန်ကော' ဆိုတဲ့ အကြည့်မျိုးနဲ့ ကိုကြွက်ညိုကို ကြည့်တယ်။

"ကိုညိုကလည်းဗျာ. . . ပြောနေရင်းကကို ဝေးနေပြန်ပါပြီ၊ အခွင့်အရေးဆိုတာ လူကဖန်တီးတာပါဗျာ့၊ ပထမတစ်ခါမှာ ကိုဖြူ ပါနေလို့ ပြောခွင့်မသာဘူးပဲထားပါဦး၊ နောက်တစ်ခါ ဖန်တီးယူလို့ မရဘူးလား. . ."

"ဒါဆို ငါက ဘာလုပ်ရမှာလဲ. . ."

"ဟား. . . ဘာလုပ်ရမှာလဲဗျာ့၊ နောက်ထပ်တစ်ခါ ထိတ်တုံးခတ်ခံရအောင် လုပ်ရမှာပေါ့. . ."

"ဟား. . . အဲဒီလိုလုပ်ရမှာလား၊ တစ်နေကုန်ဘာမှ မစားရဘူးနော်. . . ဗိုက်ကသေအောင်ဆာတာကွ. . ."

"ဟား. . . ဝေးပြီးရင်းဝေးရင်းပဲ ကိုညိုရာ၊ ဗိုက်ဆာတတ်ရင်လည်း စားစရာတစ်ခုခုကို သူကြီးမသိအောင် ထိပ်တုံးခတ်မခံရခင်မှာ ဖွက်ယူထားလို့မရဘူးလား. . ."

ကိုကြွက်ညို့ခေါင်းထဲမှာ လင်းခနဲဖြစ်သွားတယ်။ ဒါက သူအကြံတစ်ခုခုရရင် ဖြစ်သွားတတ်တဲ့အလေ့အကျင့်။

"ဟား. . . ဟုတ်သားပဲကွနော်၊ ဒါကိုငါ ဘာလို့မတွေးမိရတာလဲ၊ ကျေးဇူးပဲကွာ၊ ဒါ့ကြောင့်မင်း. . . မိကောက်ရဲ့အချစ်ကို နေ့တစ်ပိုင်းမကုန်ခင်ရတာပဲကိုး. . . လေးစားတယ်ကွာ. . . လေးစားတယ်. . ."

"ဒါနဲ့ ဒီဝိုင်းကို ကိုညိုရှင်းမှာနော်. . . ဟုတ်တယ်မလား"

"ဩော်. . . အေးပါကွာ၊ မင်းကလည်း ဒါပဲပြောနေတော့တာပဲ၊ မင်းသောက်ဦးမှာမလား၊ ထပ်မှာလေ. . . ဦးလှိုင်ကြီးရေ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီကို နောက်ထပ်တစ်မြှုထပ်ချပါဗျို့. . . ”

အူမြူးနေတဲ့ ကိုကြွက်ညိုက ထန်းရည်ရောင်းတဲ့ ဦးလှိုင်ကြီးကို လှမ်းအော်လိုက်တယ်။

“ဟီးဟီး. . . အကြံကတော့ လှပြီကွာ၊ ဟိုကောင် ကြွက်ဖြူလည်း ငါ. . . ဒီလိုအကွက်ကို ရွှေ့လိမ့်မယ်လို့ တွေးမိမှာမဟုတ်ဘူး၊ ဟီးဟီး. . . တစ်ခါတည်း ပွဲသိမ်းပဲကွာ၊ မင်းပြောသလို. . . ပွဲသိမ်းပဲ. . . ဟီးဟီး. . . ”





ကိုကြွက်ညိုက သူကြီးရဲ့ ထိပ်တုံးစာအမိခံဖို့အတွက် ပြစ်မှုတစ်ခုကို ကျူးလွန်ရတော့မယ်ဆိုတော့ ဘယ်လိုပြစ်မှုမျိုးက ထိရောက်မလဲလို့ တွေးတယ်။ အဲဒီပြစ်မှုက သူကြီးကိုလည်း အမှန်တကယ်စိတ်ဆိုးစေရမယ်၊ ပြီးတော့ ရုံးတွေဂတ်တွေလည်း မရောက်ဘဲ သူကြီးရဲ့ထိပ်တုံးလောက်နဲ့ ပြီးသွားမယ့် ပြစ်မှုမျိုးလည်း ဖြစ်ရမယ်လေ။ ဒီတော့ သူ အသည်းအသန်စဉ်းစားရတယ်။

ဒီလိုစဉ်းစားရင်းကနေ ခဏအကြာမှာတော့ သူအကြံတစ်ခု ရသွားတယ်။ အဲဒါက ဘာလဲဆိုတော့ သူကြီးအိမ်ကနေ ပစ္စည်းတစ်ခုခုကို ခိုးယူဖို့ပါဘဲ။ အဲဒီနည်းလမ်းက ရွာထဲမှာ နည်းနည်းတော့ နာမည်ပျက်ချင်ပျက်သွားနိုင်တယ်။ ဒါပေမယ့် အထိရောက်ဆုံးနည်းလမ်းဆိုတော့ သူက အဲဒီနည်းလမ်းကိုပဲသုံးဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါနဲ့ ညသန်းခေါင်ကျော်လောက် ရောက်တော့ ကိုကြွက်ညိုက သူ့မျက်နှာကို အိုးမည်းသုတ်ပြီး သူကြီးအိမ်ကို ချဉ်းကပ်လာခဲ့တယ်။

သူခိုးဖို့ ဆုံးဖြတ်လာတဲ့ ပစ္စည်းကတော့ သူကြီးမင်းဦးဘိုလေးရဲ့ အချစ်တော် “မောင်းကြီး” ပါပဲ။

ညဉ့်က နက်သထက်နက်လာနေပြီ။ ကိုကြွက်ညိုက



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်ကိုခိုပြီး သူကြီးတို့ခြံဝန်းထဲကို ဝင်လာခဲ့လိုက်တယ်။ တစ်အိမ်လုံးကတော့ ဘာသံမှမကြားရလောက်အောင် တိတ်ဆိတ်လို့။ ကိုကြွက်ညိုဦးတည်ပြီးလာတာက သူကြီးရဲ့မောင်းကြီး စံမြန်းတော်မူနေရာ သူကြီးတို့အိမ်အောက်ထပ်က ဧည့်ခန်းဆီကိုပါ။

ကိုကြွက်ညိုက သူကြီးတို့ရဲ့ အိမ်နားကို ကပ်လာခဲ့လိုက်တယ်။ နောက်ပြီးတော့မှ (ဂျက်)ချက်ပြုတ်နေတယ်ဆိုတာ ကြိုသိထားတဲ့ ပြတင်းပေါက်ကို အသာလေး ဆွဲဖွင့်လိုက်တယ်။ ပြီးတော့မှ အဲဒီတံခါးပေါက်ကနေ အထဲကို ကျော်တက်ဝင်လိုက်ကာ သူကြီးရဲ့မောင်းကိုယူလိုက်ပြီးတော့ အဲဒီတံခါးပေါက်ကနေပဲ အပြင်ကို ထွက်လာခဲ့လိုက်တယ်။

အပြင်ကိုရောက်မှ ကိုကြွက်ညိုက အသက်ကိုရဲရဲရှူလိုက်ကာ လက်ထဲက မောင်းကြီးကို အားရှိပါးရှိ အဆက်မပြတ် ထုချလိုက်တော့တယ်။

"ဒူ. . . . ဒူ. . . ဒူ. . . . ဒူ. . . . ဒူ. . . . "

ညကြီးသန်းခေါင်မှာ အဆက်မပြတ်ထွက်ပေါ်လာတဲ့ မောင်းတီးသံကြီးကြောင့် သူကြီးတို့တစ်အိမ်သားလုံး လန့်ဖျတ် နိုးကုန်ကြတယ်။ နောက်တော့ ရွာထဲဆီကပါ အုတ်အုတ်ကြွပ်ကြွပ် အသံတွေ ထွက်ပေါ်လာတယ်။

အိမ်ထဲက အူလျားဖားလျားနဲ့ ရှေ့ဆုံးကနေ ပြေးထွက်လာတာက သူကြီးဦးဘိုလေး။

"ဘယ်သူလဲ. . . ဘယ်သူလဲကွ၊ မောင်းတီးတာ ဘယ်သူလဲ. . . ဟမ်. . . "

သူကြီးရဲ့ ပြေးပြေးမေးမေး စကားအဆုံး သူ့နောက်





ကနေ သူကြီးကတော် ဒေါ်ချယ်ရီနဲ့ ချယ်ရီဘိုလေးပါ ဆက်တိုက်ဆိုသလို ပြေးထွက်လာကြတယ်။ သူတို့တွေအကုန်လုံးက အိပ်မှုန်စုံမွှားရုပ်တွေနဲ့။

"အဖေ. . . အဖေ. . . ဘာလို့ ညကြီးသန်းခေါင် မောင်းထတီးနေတာလဲအဖေရယ်. . . စိတ်ညစ်ပါတယ်. . . "

"ကိုဘိုလေး. . . ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ. . . "

မေးသံတွေက ပွက်လောရိုက်သွားတယ်။ ဦးဘိုလေးက ကိုကြွက်ညို့ကို အမှောင်ထဲမှာဆိုတော့ ဘယ်သူမှန်းမကွဲသေးဘူး။ ဒီတော့ နောက်ဘက်က သူ့သမီးနဲ့ မိန်းမဆီကို တစ်ချက်ပြန်လှည့်ကြည့်လိုက်ကာ. . .

"မောင်းက ငါတီးတာမဟုတ်ဘူးဟ၊ ဒီမှာ ဘယ်သူလာတီးတာလဲ မသိဘူး၊ လာကြည့်ကြစမ်းပါ"

ပြောပြီး ဦးဘိုလေးက ကိုကြွက်ညို့ဘက်ကိုပြန်လှည့်ကာ မျက်လုံးကို ပြူးရသမျှ ပြူးပြဲကြည့်လိုက်ရင်း. . .

"ဟေ့ကောင်. . . မေးနေတာဖြေလေ၊ မင်းဘယ်သူလဲလို့ မေးနေတယ်လေကွာ. . . "

ကိုကြွက်ညိုက မဖြေဘူး။ မောင်းကြီးကိုပဲ အဆက်မပြတ် ဆက်တီးမြဲတီးနေတော့တယ်။

"ဟေ့ကောင်. . . မင်းကိုမေးနေတာလေကွာ၊ ဘယ်သူလဲလို့"

ကိုကြွက်ညိုက မဖြေဘူး။ မောင်းကိုပဲ သည်းကြီးမည်းကြီးဆက်တီးနေတယ်။ ဒီတော့ နောက်နားက မလှမ်းမကမ်းမှာ ရပ်ကာ အကဲခတ်နေကြတဲ့ ဒေါ်ချယ်ရီနဲ့ ချယ်ရီဘိုလေးက အိမ်



www.burmeseclassic.com

www.burmeseclassic.com





ထဲပြန်ဝင်ပြေးကာ ခါတ်မီးသွားယူတယ်။ ပြီးတော့ပြန်ထွက်လာကာ ကိုကြွက်ညိုရဲ့ မျက်နှာဆီကို ခါတ်မီးနဲ့ထိုးကြည့်လိုက်တဲ့ အခါမှာတော့. . .

"အား. . . ."

သူကြီးဦးဘိုလေးတို့ သားအမိသားအဖသုံးယောက်ရဲ့ အလန့်တကြားနဲ့ တပြိုင်နက်အော်လိုက်သံကြီးက ပန်းသွင်းရွာကြီး တစ်ခုလုံး ပွင့်ထွက်သွားမတတ်ပါပဲ။ အော်လည်း အော်ချင်စရာလေ။ ကိုကြွက်ညိုရဲ့ မျက်နှာမှာက အိုးမည်းတွေသုတ်ထားတာကိုး။ သူကြီးတို့သုံးယောက်က အိပ်မှုန်စုံမွှားနဲ့ဖြစ်တဲ့အပြင် ဒီလိုမျှော်လင့်မထားတဲ့ မျက်နှာမည်းမည်းကြီးကို ခါတ်မီးရောင်နဲ့ ရုတ်တရက် မြင်လိုက်ရတာဆိုတော့ လန့်အော်တော့တာပေါ့။

"သ. . . သရဲ. . ."

"အောင်မလေး. . . သရဲတော့သရဲ"

ဒီလိုရုတ်ရုတ်သဲသဲဖြစ်နေကြတုန်းမှာပဲ သူကြီးရဲ့ဝိုင်းထဲကို ရွာသူရွာသားတွေ အလျှိုအလျှို ဝင်လာကြတယ်။ ပါးစပ်တွေကလည်း မကျေမနပ်နဲ့ အော်ဟစ်ရေရွတ်လာကြတယ်။

"သူကြီးရေ. . . ဘာဖြစ်တာလဲဗျာ၊ ညကြီးအချိန်မတော် ဘာဖြစ်တာလဲဗျာ. . ."

"ဘာလဲတော်. . . ဒီလိုအချိန်ကြီးမှ မောင်းတီးခေါ်တာ"

"ဟုတ်ပါ့ကွာ. . . အိပ်ကောင်းတုန်းရှိသေးတယ်"

"အင်းလေ. . . ဘာကိစ္စမို့လို့လဲ. . . အခုမှ"

အဲဒီလိုအသံတွေနဲ့ လူတွေကိုလည်း မြင်လိုက်ရရော ဦးဘိုလေးတို့ သားအဖသုံးယောက်က အဲဒီလူအုပ်ဆီကို ဖနောင့်



နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တာပဲ။

"အောင်မလေး. . . သရဲဗျို့. . . သရဲ. . ."

"သရဲတော့. . . သရဲ"

တဝုန်းဝုန်းပြေးလာကာ ငယ်သံပါအောင် အော်လာကြတဲ့ သူကြီးတို့ သားအမိသားအဖသုံးယောက်ရဲ့ အော်သံက ရွာသားတွေရဲ့ ဆူညံအော်ဟစ်ဝင်လာကြတဲ့ အသံတွေကိုတောင် ဖုံးလွှမ်းသွားတယ်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

"ဟင်. . . သရဲ၊ သရဲတဲ့"

"ဘယ်မှာလဲ သရဲက"

"အား. . ."

ရွာသူရွာသားတွေရဲ့ တစ်ယောက်တစ်ပေါက်အော်ဟစ်သံတွေအဆုံးမှာ သူကြီးက ကိုကြွက်ညိုဘက်ကို လက်ညိုးထိုးပြလိုက်ရင်း. . .

"ဟိုမှာ. . . ဟိုမှာလေဗျာ"

သူကြီးညွှန်ပြရာကို ရွာသားတစ်ယောက်က ခါတ်မီးနဲ့ လှမ်းထိုးကြည့်လိုက်တယ်။

"အောင်မလေး"

"အား. . ."

အော်သံတွေက ဗောဗောကထက် အစပေါင်းများစွာ အကျယ်ကြီးထွက်လာတယ်။ ဒါပေမယ့် မကြောက်တတ်တဲ့ ရွာသူရွာသားတစ်ချို့ကတော့ ခါတ်မီးတွေနဲ့ သေသေချာချာဝိုင်း ထိုးကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သရဲမဟုတ်ပါဘူးဗျာ. . . လူပါ. . ."

"လူကြီးပါတော့် သူကြီးရဲ့"

"အော်. . . စွတ်အော်နေကြတာပဲ၊ လူပါကွ၊ ဘယ်ကလာ သရဲဖြစ်ရမှာလဲ"

ဒီတော့မှ အော်သံတွေရပ်သွားတယ်။ သူကြီးကလည်း ကြောက်ကြောက်လန့်လန့်နဲ့. . .

"ဟင်. . . ဟုတ်. . . ဟုတ်လို့လား"

ဆိုပြီး မကြည့်ရဲကြည့်ရဲနဲ့ ကြည့်တယ်။

"ဟုတ်ပါတယ်. . . သူကြီးရဲ့ လူပါ. . . လာပော့. . . အနီး ကပ် သွားကြည့်ရအောင်"

"ဟုတ်ပါတယ်ဟဲ့. . . လူကြီးပါ"

"ဟုတ်ရဲ့လားဟယ်. . . တော်ကြာသရဲဖြစ်နေမှ ဂုတ်ချိုး အသတ်ခံနေရဦးမယ်. . ."

"အော်. . . လူပါဆိုနေမှပဲ"

ဒီလိုနဲ့ ရွာသူရွာသားတွေက တစ်ယောက်တစ်ပေါက် ရေရွတ်ကာ အစုလိုက်အပြုံလိုက်ကြီးနဲ့ ဝါးနှစ်ပြန်လောက်ဝေးနေ သေးတဲ့ ကိုကြွက်ညို့ဆီကို တဖြည်းဖြည်းချင်း တိုးကပ်သွားကြတယ်။ ရမ်းသမ်းပြီးတော့လည်း ကပ်မသွားရဲဘူးလေ။ တော်ကြာ လူဆိုးမှန်း မသိ၊ လူကောင်းမှန်းမသိနဲ့ တစ်ခုခုရန်ပြုလိုက်ရင် အခက်မဟုတ် လား။

ကိုကြွက်ညိုကတော့ ရွာသူရွာသားတွေ ကြောက်လန့် နေကြတာကို ကြည့်ပြီးတော်တော်ရယ်ချင်နေပြီ။ ပြီးတော့ ကိုကြွက် ညိုက ရွာသူရွာသားတွေ သူ့ဆီကို တဖြည်းဖြည်းချင်းတိုးကပ်လာ





နေကြတာကို ကြည့်ရင်းနဲ့ စ နောက်ချင်စိတ်ပေါက်လာတယ်။ ဒါနဲ့ သူက ရွာသူရွာသားတွေ သူ့အနားကိုရောက်လာတဲ့ အချိန်ထိ ရောက်အောင် စောင့်မနေတော့ဘဲ သူက "ဝါး" ဆိုပြီး အော်သံ တစ်ချက်ပြုကာ ရွာသူရွာသားတွေဆီကို တစ်ရှိန်ထိုးပြေးဝင်သွား လိုက်တယ်။

"အား. . ."

"အောင်မလေးတော့ ပြေးပြေး"

ရုတ်တရက် ဆိုတော့ ရွာသူရွာသားတွေလည်း ကြောက်လန့်ပြီးတော့ ဝရုန်းသုန်းကားနဲ့ နောက်ပြန်ပြေးကြတယ်။ ဒါပေမယ့် အဲဒီရွာသားအုပ်ထဲကနေ ဘယ်အချိန်ကတည်းက ရောက် နေမှန်းမသိတဲ့ ကိုကြွက်ဖြူကတော့ နေရာမှာတင် ရပ်ကျန်နေခဲ့ တယ်။ ပြီးတော့ သူ့ဆီကို အရှိန်နဲ့တဟုန်ထိုးပြေးဝင်လာတဲ့ ကိုကြွက် ညိုရဲ့ခေါင်းကို လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ဝါးရင်းတုတ် တစ်ချောင်းနဲ့ ဆီးတဲ့ပြီး ဆော်ချလိုက်တယ်။

"ဖျောင်း. . ."

"အွား. . ."

ကိုကြွက်ညိုတစ်ယောက် မပီကလာပီကလာနဲ့ အဲဒီလို လေးသာ အော်လိုက်နိုင်ပြီး မြေကြီးပေါ် အရုပ်ကြိုးပြတ်လဲ ကျသွား ကာ ကမ္ဘာကြီးနဲ့ အဆက်အသွယ်ပြတ်သွားတော့တယ်။

"ဟယ်. . . ဆော်ထည့်လိုက်ပြီပေ့. . ."

"သေပြီလား မသိဘူး. . ."

ဒီတော့မှ တစ်ယောက်တစ်ပေါက်နဲ့ ရေရွတ်ကြကာ ဝိုင်းအုံ ကြည့်လိုက်ကြစဉ်မှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ကြွက်ညို !"

ပဲပြုတ်သည် ဒေါ်အာကျယ်ရဲ့အသံက အရင်ဆုံး ထွက်ပေါ်လာတယ်။ နောက်တော့ အားလုံးက ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ပြောဆိုရေရွတ်ကြကာ ဆူညံသွားပြန်တယ်။

ဒါပေမယ့်လို့ ကိုကြွက်ဖြူကတော့ လေလေးတစ်ချက်ကို "ရှီ. . ." ခနဲ ချွန်လိုက်ကာ ဝါးရင်းတုတ်ကြီးကို ပခုံးတစ်ဖက်ပေါ်မှာ ဟန်ပါပါ တင်ထားလိုက်ရင်း ပြုံးလို့. . .။





ကိုကြွက်ညိုသတိရလာတော့ သူ့အိမ်မှာသူ ပြန်ပြီးတော့ရောက်နေပြီ။ သူ့ဘေးမှာက သူ့အဖေ ဦးဖြူကြီးနဲ့ သူ့ အမေ ဒေါ်ပိန်သေး။ ဦးဖြူကြီးလို့သာပြောတာပါ၊ အသားက မည်းလိုက်တာမှ မှောင်လို့။ ကျွဲကို ကတ္တရာစေး သုတ်ပေးထားတဲ့အတိုင်းပဲ။ ဒေါ်ပိန်သေးကလည်း နာမည်ကသာ ပိန်သေး။ လူကတော့ ဝလိုက်ထွားလိုက်တာမှ လွန်ရော။ ဒေါ်ပိန်သေးတို့များ ရွာလမ်းတစ်လျှောက်လမ်းလျှောက်လာလိုက်လို့ကတော့ မသိတဲ့လူဆို လမ်းကြိတ်စက်ကြီးတစ်စင်းများ မောင်းလာသလား မှတ်ရတယ်။

"ဟော. . . သတိရပြီလား"

မိခင်ဒေါ်ပိန်သေးကို ကိုကြွက်ညိုက ခေါင်းတစ်ချက်ညိတ်ပြလိုက်ကာ လှဲနေရာကနေ ထထိုင်လိုက်တယ်။

"အမေ. . . ကျုပ်ဘယ်လိုလုပ် အိမ်ပြန်ရောက်နေတာလဲ၊ သူကြီးက ကျုပ်ကို ထိတ်တုံးမခတ်ဘူးလား. . ."

ဆိုတော့ ဖခင် ဦးဖြူကြီးက ကိုကြွက်ဖြူကို မျက်လုံးဝင့်ကြည့်လိုက်ရင်း. . .

"မင်းပုံကြည့်ရတာ ထိတ်တုံးခတ်မခံရတာကိုများ ဝမ်းနည်းနေတာလား ဟုတ်လား. . ."

"ဟာ. . . မဟုတ်ပါဘူး အဖေကလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဘာပြဿနာရှာဦးမလို့လဲ. . . အေးအေးဆေးဆေး နေစမ်းကွာ၊ ဘာသံမှ မကြားချင်ဘူး၊ မကြီးမငယ်နဲ့ ကလေးကလား အလုပ်တွေ မလုပ်စမ်းပါနဲ့၊ မင်းအခု သတိလစ်နေတာ ဘယ်လောက် ကြာပြီထင်လဲ. . ."

"ဘယ်လောက်ကြာလို့လဲ အဖေရဲ့၊ အခုမှ အမှောင်တောင် မပျယ်သေးတဲ့ဟာကို၊ အလွန်ဆုံးရှိ တစ်နာရီနှစ်နာရီပေါ့ဗျာ. . ."

"သောက်ခွေး တစ်နာရီ နှစ်နာရီပါ့လား၊ ဒါနောက်တစ်ည ပြောင်းနေပြီကွ၊ သိရဲ့လား၊ မင်း. . . တစ်နေကုန်တောင် သတိလစ် နေတာ"

"ဗျာ. . . အဲ. . . အဲဒီလောက်တောင်ကြာတယ်. . ."

"ဟုတ်တယ်သားရဲ့၊ အမေတို့မှာ သူကြီးကို မနည်းကြီး ကိုတောင်းပန်ပြီးတော့မှ သားကိုပြန်သယ်လာခဲ့ရတာ၊ တော်ကြာ မင်းထိတ်တုံးစာ မိနေမှာစိုးလို့. . ."

"ဟား. . . ကောင်းတာပေါ့အမေရ၊ ထိတ်တုံးခတ်ခံရတာ ဘယ်လောက်ပျော်ဖို့ကောင်းတယ်မှတ်နေတုန်း အမေရ၊ အမေကလဲ ဗျာ၊ ကျုပ်ကို ဒီအတိုင်းထားခဲ့ရမှာကို ခေါ်လာရတယ်လို့. . ."

"ဟား. . . ထိတ်တုံးခတ်ခံရတာကိုများ မင်းကပျော်စရာ ကောင်းတယ်ဟုတ်လား၊ ငါ ဆောင့်ကန်လိုက်လို့ သေဦးမယ်. . . ဘယ်လိုကောင်မှန်းကို မသိဘူး၊ အူကြောင်ကြောင်နဲ့၊ ဒါ့ကြောင့် လည်း အခုချိန်ထိ မိန်းမ မရသေးတာ. . ."

ပြောပြီး ဦးဖြူကြီးက နေရာက ထထွက်သွားတယ်။ ဒေါ်ပိန်သေးက ကိုကြွက်ညိုကို ကြည့်ရင်း. . .

"ဘယ်လိုနေသေးလဲ. . . နေရထိုင်ရတာ"





"ကောင်းပါတယ်၊ နဖူးအထက်ပိုင်းက နာနေတာပဲရှိ တယ်. . . ဒါနဲ့ ဒီကို ချယ်ရီလေးလာသေးလား. . ."

"ဆရာဝန်မလေးကို ပြောတာလား၊ နေ့လည်တုန်းကတော့ တစ်ခေါက်လာကြည့်သေးတယ်၊ သားသတိရပြီလားတဲ့၊ ခဏနေ တော့ပြန်သွားတာပဲ. . . ကဲ. . . ဘာမှမဖြစ်တော့ဘူးဆိုရင်လည်း အမေလုပ်စရာရှိတာလုပ်လိုက်ဦးမယ်၊ သတိမရသေးလို့ စိတ်ပူ နေတာ၊ အခုမှပဲ စိတ်အေးသွားတော့တယ်. . ."

ဒေါ်ပိန်သေးက အနားမှာရှိတဲ့ ချဉ်ပေါင်ရွက်ဗန်းကြီး ကို ကောက်မပြီး ကိုကြွက်ညို့အနားကနေ ထွက်သွားတယ်။ အဲဒါ နဲ့တစ်ပြိုင်နက်ဟည်းလိုလိုပဲ အိမ်ရှေ့ဆီက အသံတစ်ခုကို ကြားလိုက် ရတယ်။ အသံက ပြေးအသံ။

"ကိုညို သတိရပြီလားဦးလေး. . ."

"အေး. . . ရပြီကွ၊ အထဲမှာ. . ."

ခဏနေတော့ အထဲကို ပြေး ဝင်လာတယ်။

"ကိုညို. . . သတိရနေပြီကိုး၊ ဘယ်လိုလဲ အခြေအနေ"

"အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ၊ မင်းပြောတဲ့ အကြံ အတိုင်း လုပ်လိုက်တာ၊ ကံကောင်းလို့ မသေတယ်၊ မင်း ပြောတော့ ပွဲသိမ်းပဲဆိုကွ. . ."

ကိုကြွက်ညို့စကားကြောင့် ပြေးက ရယ်ကျဲကျဲလုပ် ရင်းက. . .

"ပွဲသိမ်းပဲလေ ကိုညိုရ၊ ကံကောင်းလို့ သတိပြန်လည်လာ တာ၊ ဒီထက်ပဲ ပွဲသိမ်းရဦးမလား. . ."

"သောက်ခွေး. . . ငါထ ကန်လိုက်ရရင် သေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

## ရာနှင်ကို

ပြေုးက ကိုကြွက်ညိုရဲ့ စကားကြောင့် အော်ရယ်တယ်။ ကိုကြွက်ညိုကတော့ သူ့နဖူးကိုသူ အသာစမ်းကြည့်ရင်း. . .

"ဆော်ထည့်လိုက်တဲ့ လက်စကတော့ တော်တော်ပြင်းတာကွ၊ တစ်ချက်တည်းနဲ့ကို ပွဲသိမ်းပဲ၊ ဘယ်ကောင်လဲမသိဘူး၊ အခုထိ ကို နာနေသေးတယ်"

"ဘယ်သူကမှာလဲ. . . အဲဒါ. . . ကိုဖြူလေ. . . ကိုညိုရဲ့"

"ဘာ. . . ကြွက်ဖြူ. . . ဟုတ်လား. . . "

"အင်း. . . "

"ဒီကောင်. . . ငါ့ကို တမင်သက်သက် သိရက်နဲ့ လုပ်တာပဲဖြစ်ရမယ်၊ တွေ့ကြသေးတာပေါ့ ကြွက်ဖြူရာ၊ မင်းနဲ့ငါ တွေ့ကြသေးတာပေါ့. . . "

ကိုကြွက်ညိုက ကြိတ်မနိုင်ခဲမရစွာ ရေရွတ်တယ်။ ပြေုးကတော့ ကိုကြွက်ညိုမမြင်အောင် တစ်ဖက်လှည့်ကာ ပြုံးလို့. . . ။





နောက်တစ်နေ့မနက်မှာတော့ ချယ်ရီဘိုက အိပ်ယာကတောင်မထသေးဘူး။ ကိုကြွက်ညိုက ချယ်ရီဘိုရဲ့ ဆေးခန်းရှေ့က ကွပ်ပျစ်လေးပေါ်မှာ ကွေးကွေးလေးရောက်နေပြီ။ ပြီးတော့ စောင်ကလေး ခြုံလို့။ ခေါင်းအုံးလေးတောင် ပါသေးတယ်။

ဒါကို အရင်ဆုံးတွေ့တာက သူကြီးဦးဘိုလေးပါ။ ဦးဘိုလေးက ဆေးခန်းရှေ့ကို မနက်အစောထပြီး အမှိုက်လှည်းတာလေ။

"ဟင်! ကြွက်ညို. . . မင်း. . . ဘာလာလုပ်နေတာလဲ၊ ဘာလို့ ဒီမှာလာအိပ်နေတာလဲ. . . "

ဆိုတော့ ကိုကြွက်ညိုက အကယ်ဒမီရလောက်တဲ့ ဒိုက်တင်လေးနဲ့ သူကြီးဦးဘိုလေးကို မပွင့်တပွင့်မျက်လုံးလေးနဲ့ ကြည့်ပေးလိုက်ရင်း. . .

"သူ. . . သူကြီးလားဟင်. . . "

"အေးလေကွာ. . . ငါ့ကိုမြင်ရဲ့သားနဲ့ ငါလားလို့ မေးနေရသေးလား. . . မင်း. . . ကိုယ့်အိမ်မှာကိုယ်မအိပ်ဘဲ ဘာလို့ဒီမှာလာအိပ်နေတာလဲကွ. . . "

"ကျုပ်. . . ကျုပ် နေမကောင်းလို့ပါ. . . သူကြီးရယ်"

"ဟေ. . . အဲဒါနဲ့ ဒီမှာလာအိပ်နေတာနဲ့ ဘာဆိုင်လို့လဲကွ၊ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . . ဒါက ဒီလိုရှိပါတယ်သူကြီးရယ်၊ ဒီမှာက ချယ်ရီလေးရှိတယ်မဟုတ်လား၊ အဲဒီတော့ ကျုပ်. . . တစ်ခုခုဖြစ်သွားရင် ဆေးကုဖို့ အချိန်မမီမှာစိုးလို့ ဒီမှာလာအိပ်နေတာပါ. . ."

ကိုကြွက်ညို့စကားကြောင့် သူကြီးဦးဘိုလေးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း. . .

"ဒီအဆင်က !"

"ဟုတ်. . ."

"ဆေးမမီမှာစိုးလို့ !"

"ဟုတ်ကဲ့. . . ခင်ဗျာ. . ."

"ဩော်. . . ဩော်. . . တော်တော်ကို စိုးရိမ်ရတဲ့ အခြေအနေပဲနော်. . ."

"ဟုတ်ပါတယ်သူကြီး. . . ရယ်. . . ဒါတောင် ကျုပ်တော်တော်လေး အားတင်းတောင့်ခံထားတာပါ. . ."

ကိုကြွက်ညိုရဲ့ အသံက ပြောနေရင်းကနေ အဖျားခတ်ပြီးတော့တောင် တိမ်ဝင်သွားသေးတယ်။ လုံးဝကို အကယ်ဒမီရှော့ပါပဲ။

ဒီအချိန်မှာပဲ သူတို့အနားကို ချယ်ရီဘိုလည်း ရောက်လာတယ်။

"ဘာဖြစ်နေတာလဲ. . . အဖေ. . ."

ကိုကြွက်ညိုက ချယ်ရီဘိုကိုလည်းတွေ့ရော ခုပဲသေတော့မယ့်မသာလို အော်ဟစ်ညည်းညူတော့တာပဲ။ အိုက်တင်ကို အရှိန်တင်လိုက်ပုံက ချက်ချင်းကို အထွဋ်အထိပ်ရောက်သွားတယ်။

"အား. . . ခေါင်းတွေက ကိုက်လိုက်တာ၊ ခေါင်းတွေကိုက်





တယ်၊ ကယ်ပါဦး. . . ကယ်ပါဦးချယ်ရီရယ်၊ ခေါင်းတွေကိုက်တယ်၊ အား. . . ကျွတ်. . . ကျွတ်. . ."

ချက်ချင်းကြီး အသည်းအသန်ဖြစ်သွားတဲ့ ကိုကြွက်ညိုကို သူကြီးဦးဘိုလေးက ပါးစပ်အဟောင်းသားနဲ့ တအံ့တဩကို ဖြစ်လို့။ ကိုကြွက်ညိုကတော့ သူကြီးဦးဘိုလေးကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင်မထင်တော့ဘဲ ချယ်ရီဘို့ဆီကိုသာ အာရုံတွေစုပြုံကျသွားတယ်။

"ဟုတ်. . . ဟုတ်လားဟင်ကိုညို၊ ခေါင်းတွေကတအားပဲကိုက်နေတာလား. . ."

"တကယ်ပါချယ်ရီရယ်. . . ကိုညို့ခေါင်းတွေ တအားကိုကိုက်နေလို့ပါ။ တစ်နေ့က ခေါင်းကိုအရိုက်ခံလိုက်ရတာ ခေါင်းထဲမှာ အတွင်းကြေတွေ ဘာတွေများဖြစ်ကုန်ပြီလားမသိပါဘူး ချယ်ရီရယ်၊ ခေါင်းထဲကနေ မခံမရပ်နိုင်လောက်အောင်ကို ထိုးထိုးပြီးတော့ ကိုက်နေတာ၊ မယုံရင် ကိုင်ကြည့်ပါလားဟင်. . ."

ကိုကြွက်ညိုက ပြောလည်းပြော လက်ကလည်း ချယ်ရီဘိုရဲ့လက်ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး သူ့ရင်ဘတ်ပေါ်ကို ဖိကပ်ထားတယ်။ ချယ်ရီဘို့မျက်နှာက ရဲခနဲ။

"ဟို. . . ကိုညို. . . စမ်း. . . စမ်းရမှာက နဖူး. . . နဖူးကိုလေ"

ဆိုတော့မှ ကိုကြွက်ညိုက ဖိုးကြီးအို လေသံမျိုးနဲ့. . .

"အော်. . . အင်း. . . အင်း. . . အဲဒါကြောင့်ပြောတာပေါ့. . . ချယ်ရီရယ်. . . လူတောင် ကယောင်ကတန်းတွေ ဖြစ်နေပြီ. . . ကိုယ့်ကိုကယ်ပါ. . . ချယ်ရီရယ်၊ ကိုယ့်ရောဂါက ချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



ကယ်မှ ဖြစ်မှာပါ၊ ကယ်ပါနော်. . . နော်. . . ချယ်ရီနော်. . . "

"အောင်မလေးကွာ၊ ဒီလောက်စကားတွေ ပြောနေနိုင် သေးရင် မသေနိုင်သေးပါဘူး၊ ငါ. . . မင်းကိုကြည့်ပြီး တော် တော်လေး အသည်းယားလာပြီ. . . "

"ဟာ. . . သူကြီးကလဲဗျာ. . . ကျုပ်ရောဂါအခြေအနေကို ကျုပ်ပဲသိတယ်ဗျာ၊ သူကြီးက မဖြစ်ဖူးတော့ ဘယ်ကိုယ်ချင်းစာ တတ်ပါ့မလဲ. . . အား. . . ပြောရင်းနဲ့တောင် ခေါင်းထဲက ပိုပို ကိုက်လာပြီ၊ ကယ်ပါဦး ချယ်ရီရယ်. . . ကယ်ပါဦး. . . "

ပြောရင်းနဲ့ ကိုကြွက်ညိုက ချယ်ရီဘို့လက်ကို စောစော ကလို လှမ်းဆွဲဖို့လုပ်ပြန်တယ်။ ဒါပေမယ့် ချယ်ရီဘိုက ဒီတစ်ခါ တော့ ပါးသွားပြီ။ လက်တွေကို ပိုက်ပစ်လိုက်ပြီး. . .

"ကဲ. . . ဟုတ်ပါပြီကိုညိုရယ်. . . ချယ်ရီကုပေးမယ်. . . ဟုတ်ပြီလား၊ အခုတော့ အပြင်ဘက်ကြီးမှာဆိုတော့ မကောင်းဘူး၊ ဆေးခန်းထဲ ဝင်ရအောင်နော်. . . ဟုတ်လား. . . "

"ကိုယ်မှ လမ်းမလျှောက်နိုင်တာ ချယ်ရီရယ်၊ ခေါင်းက ထောင်လိုက်ရင် တအားကိုမူးမူးနေတာ. . . ကိုယ့်ကိုတွဲပေးပါလား ဟင်ချယ်ရီ၊ ချယ်ရီတွဲပေးရင်တော့ ကိုယ်ထနိုင်မယ်ထင်တယ်၊ တွဲ ပေးမှာလားဟင်. . . "

ကိုကြွက်ညို့စကားအဆုံး သူကြီးဦးဘိုလေးက လက်ထဲ မှာကိုင်ထားတဲ့ တံမြက်စည်းကို မြေကြီးပေါ် ဘုတ်ခနဲပစ်ချလိုက် ပြီး. . .

"အောင်မလေးကွာ. . . ငါတစ်ယောက်လုံးရှိနေတာပဲ၊ မင်း လမ်းလျှောက်စရာကို မလိုဘူး၊ ဆေးခန်းထဲကိုအရောက် ငါ ပွေ့ပို့





ပေးမယ်. . . လာ"

ပြောပြောဆိုဆို သူကြီးဦးဘိုလေးက ကိုကြွက်ညိုကို အောက်ကနေ သိမ်းမကာ ပွေ့ဖို့လုပ်တယ်။

"မဟုတ်ဘူး. . . မဟုတ်ဘူးလေ သူကြီးရဲ့၊ အဲ. . . အဲဒီ လောက်ကြီးအထိ သူကြီးအပင်ပန်းခံစရာ မလိုပါဘူး၊ ချယ်ရီ. . . ချယ်ရီလေး တွဲပေးရင်ပဲ ရပါပြီ. . . "

"ရပါတယ်ကွာ၊ မင်းမှ ခေါင်းမထောင်နိုင်တာကို၊ ငါက ကူညီပေးရမှာပေါ့. . . လုပ်လုပ်သမီး. . . ဆေးခန်းတံခါးဖွင့်၊ ဒီ ကောင့်ကို အဖေသယ်ခဲ့လိုက်မယ်. . . "

"ဟာ. . . သူကြီး. . . မလုပ်. . . မလုပ်. . . "

ကိုကြွက်ညိုရဲ့စကားတောင် မဆုံးလိုက်၊ သူ့ခန္ဓာကိုယ် က သူကြီးလက်ထဲကို ဈွေ့ခနဲပါသွားတယ်။ ပြီးတော့ ဆေးခန်းရဲ့ တံခါးဆီကို မသွားတယ်။ ချယ်ရီဘိုက ဆေးခန်းတံခါးကို ဖွင့်လိုက် ပြီးတဲ့ အခါမှာတော့ သူကြီးက ကိုကြွက်ညိုကို မထားလျက်ကြီးနဲ့ ဆေးခန်းထဲကို ဝင်လိုက်တယ်။ ဒါပေမယ့် သူကြီးက ကိုကြွက်ညိုရဲ့ ခန္ဓာကိုယ်ကို ဆေးခန်းထဲ အလျားလိုက်မသွင်းဘဲ ကန့်လန့်ဖြတ် ပုံစံအတိုင်း သွင်းလိုက်တာဆိုတော့ ကိုကြွက်ညိုရဲ့ နဖူးနဲ့ ဆေးခန်း နံရံနဲ့က ဒုန်းခနဲ မိတ်ဆက်သွားတော့တယ်။


"အား. . . . "

ကိုကြွက်ညိုရဲ့ အသက်ထွက်မတတ် အော်လိုက်သံကြီး က ကမ္ဘာပျက်မတတ်ပါပဲ။ ပြီးတော့ ကိုကြွက်ညိုတစ်ယောက် ကမ္ဘာ ကြီးနဲ့ နောက်တစ်ခါ အဆက်အသွယ်ပြတ်သွားပြန်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com







# ၄

ကိုကြွက်ဖြူက နွားစားစင်းနေရင်းကနေ အကြံတွေ ထုတ်နေမိပြန်တယ်။ အခုတလော ဟိုကောင်ကြွက်ညိုက ခြေလှမ်းတွေ တအားကိုစိပ်နေတာ။ ကြာရင် ဒီကောင့်နောက်ကို ချယ်ရီလေး ပါသွားမှာစိုးရတယ်။

တောက်. . . ဒီလိုမှန်းသိရင် ဒီကောင်မောင်းတီးတဲ့ ညကတည်းက အသေဆော်ထည့်လိုက်ပါတယ်။ ဒါဆိုအခုလို ဒီကောင် ချယ်ရီလေးအနားကို ကပ်နိုင်တော့မှာ မဟုတ်ဘူး။ ဟင်း . . . အဲဒါလည်း မဟုတ်သေးပါဘူး။ အဲဒီကောင်သေသွားရင် ကိုယ်ထောင်ကျမှာပေါ့။ ကိုယ်ထောင်ကျရင် ချယ်ရီလေးနဲ့ ပေါင်းနိုင်တော့မှာ မဟုတ်ဘူး။ ဒီလိုဆိုရင် တခြားကောင်တစ်ကောင်ကောင်က ကြားထဲကဝင်ပြီး ကောင်းစားသွားတော့မှာ။ မဖြစ်သေးပါဘူး . . . ဒီအကြံလဲ။

ကိုကြွက်ဖြူက တစ်ယောက်တည်းတွေး၊ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းအကြံထုတ်ကာ တစ်ယောက်တည်းပဲ အဲဒီအကြံတွေကို ပယ်ဖျက်နေရင်းကနေ အတွေးသံသရာထဲမှာ လည်နေတယ်။ ဒီအချိန်မှာပဲ အနားကို ပြေူးရောက်လာတယ်။ ပြေူးက ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုရဲ့ကြားက ကြားနေသတ္တဝါ။ ပြေူးက ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့နှစ်ယောက်ကို ဟိုဘက်ကို အကြံပေးလိုက် ဒီဘက်ကို အကြံပေးလိုက် လုပ်ပြီး စားစရာရှိရင် ညာစားတယ်၊ နောက်ပြီး သူပေးတဲ့ အကြံတွေကို ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့က လိုက်လုပ်ရင်း တလွဲတွေဖြစ်ရင်. . . ရယ်၊ အဲဒီလိုနဲ့ ပျော်မွေ့နေတဲ့ကောင်လေ။ ပြေူးဒီလိုလုပ်တာက အခုမှမဟုတ်ဘူး။ ဟိုးအရင် ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုနဲ့တို့ နှစ်ယောက် စပြီးမတည့်တော့ကတည်းကပါပဲ။ အခုလို ချယ်ရီဘိုကိစ္စက ပေါ်ပေါက်လာတော့ ပြေူးအတွက် အကြိုက်ဖြစ်နေတော့တာပေါ့။

"ကိုဖြူရေ. . . ဘာတွေလုပ်နေတာလဲဗျာ. . ."

"နွားစာစင်းနေတာပါ ပြေူးရာ၊ လာကွာ. . . ဘယ်ကလှည့်လာတာလဲ. . ."

"ဘယ်ကမှ လှည့်လာတာမဟုတ်ဘူး၊ ကိုဖြူ့ဆီကိုပဲ တမင်လာခဲ့တာ. . ."

"ဟုတ်လား. . . ကိစ္စရှိလို့လား. . ."

"အထွေအထူးတော့ မရှိပါဘူးကိုဖြူရာ၊ ဟို. . . ကိုညိုခြေလှမ်းတွေ သွက်နေသလောက် ကိုဖြူ့ဘက်က နည်းနည်းများ ငြိမ်နေသလားလို့၊ အဲဒါ ကိုဖြူ ဘာတွေများလုပ်နေလဲဆိုတာ လာကြည့်တာ. . ."





"ငါလည်း ကြံတော့ကြံနေတာပဲပြေူးရာ၊ ဒါပေမယ့် ဘာအကြံမှကို ထွက်မလာဘူး. . ."

"အင်း. . . ကိုဖြူကသာ အကြံထွက်မလာဘူးလုပ်နေ၊ ဟိုမှာ ကိုညိုကတော့"

ပြေူးက စကားကို ဆက်မပြောသေးဘဲ ရပ်ထားလိုက်တယ်။ ဒါက ဈေးခေါ်ကာနီးရင် လုပ်လေ့ရှိတဲ့ ပြေူးရဲ့စတိုင်။ ဒီတော့ ကိုဖြူက မရိုးမရွဖြစ်သွားရပြီး . . .

"ညို. . . ညိုကဘာဖြစ်လဲ. . . ဆက်ပြောလေ ကွာ . . ."

"အင်း. . . ဒါနဲ့ ကိုဖြူ ထန်းရည်သောက်မသွားဘူးလားဗျာ့၊ ထန်းရည်လေးသောက်ရင်း လယ်ကြွက်ကြော်လေးစားရင်းနဲ့ စကားပြောလိုက်ရရင်မိုက်မှာ"

"ကဲ. . . မသာရယ်၊ ခဏနေရင် အဝလိုက်တိုက်ပါ့မယ်၊ ဟုတ်ပြီလား. . . ပြောစရာရှိတာကို ပြောစမ်းပါ. . ."

ဒီတော့မှ ပြေူးမျက်နှာက စပ်ဖြဲဖြဲဖြစ်သွားရပြီး. . .

"ဒီလိုကိုဖြူရ. . . ဒီနေ့ချယ်ရီလေးက ဟိုဘက်ရွာကလူနာ တစ်ယောက်ကို ဆေးသွားကုပေးတယ်လေ၊ အဲဒါ. . . ဒါနဲ့ ထန်းရည်လိုက်တိုက်ရင် ကြွက်ကြော်ပါ ပါတယ်မဟုတ်လား"

"ဩော်. . . ဒီငတ်ကြီးကျကလည်း တစ်မျိုး၊ ကျွေးမယ်. . . ကျွေးမယ်၊ အပင်းဆို့အောင်ကို ကျွေးမယ်၊ ကြွက်ကြော်နဲ့ မတင်းတိမ်သေးဘူးဆိုရင်လည်း ကြွက်ဖြူလက်သီးပါကျွေးဦးမယ်. . . ဟုတ်ပြီလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . အဲဒီဟာတော့ မကြိုက်ဘူးလေ ကိုဖြူရ၊ ကြွက်ကြော်လောက်ဆိုရင်ရပါပြီ. . . အဟင်း. . . ဟင်း. . . ဟင်း. . ."

"အေး. . . ဒါဆိုပြောတော့ မြန်မြန်. . ."

"ဟုတ်. . . ဟုတ်ကဲ့၊ ဒီလိုကိုဖြူရ ဒီနေ့ ချယ်ရီဘိုက ဟိုဘက်ရွာကို ဆေးကုသွားတာလေ၊ အဲဒီက အပြန်ကျရင် ကိုညိုက ရွာအဝင်လမ်းကနေ စောင့်ပြီး ရည်းစားစကားပြောလိမ့်မယ်ဗျာ့ . . . ချယ်ရီလေးနဲ့ ပါသွားတဲ့ နုငယ်ကိုတောင် ကိုညိုကစည်းရုံးပြီးသွားပြီ၊ သူရောက်လာတဲ့ အခါကျရင် ရှောင်ပေးဖို့လေ. . ."

"ဘာကွ၊ ဒီကောင်က အဲဒီလောက်တောင် ခြေလှမ်းသွက်နေပြီလား. . ."

"အဲဒါပြောတာပေါ့ ကိုဖြူရ၊ ကိုဖြူကသာ အကြံထုတ်တဲ့ အဆင့်က စမတက်တာ၊ ဟိုကတော့ ပန်းတိုင်ကိုတောင် စပြေးနေပြီ. . ."

"ငါ. . . ငါဘာလုပ်ရမလဲဟင်. . . ဒီကောင့်အကြံကို ဝင်ဖျက်မှဖြစ်မယ်. . . စဉ်းစားစမ်း၊ စဉ်းစားစမ်း. . ."

အဲဒီအခိုက် ကိုကြွက်ဖြူရဲ့အကြည့်က သူ့နွားတင်းကုတ် ရှေ့က တမာပင်ပေါ်မှာရှိတဲ့ ပျားအုံဆီကို ရောက်သွားရတယ်။ သူ့ခေါင်းထဲမှာ လင်းခနဲ။

"ဟား. . . ငါအကြံရပြီ၊ ငါအကြံရပြီ၊ မင်း ဒီနားက ခဏစောင့်နေဦး၊ ခဏလေး"

ကိုကြွက်ဖြူက ပြောပြောဆိုဆို အိမ်ထဲပြေးဝင်သွားပြီး ခဏနေတော့ လက်ထဲမှာ ဆာလာအိတ်တစ်လုံးကို ကိုင်ရင်းပြန်





ရောက်လာကာ ဆာလာအိတ်ကို ငပြူးဆီကမ်းပေးလိုက်တယ်။

"ရော့. . ."

"ဗျာ. . . ကျုပ်က ဒီဆာလာအိတ်ကြီးကို ဘာလုပ်ရမှာလဲ"

ငပြူးစကားအဆုံး ကိုကြွက်ဖြူက တမာပင်မှာ စွဲနေတဲ့ ပျားအုံကို မေးငေါ့ပြလိုက်ကာ. . .

"အဲဒီ ပျားအုံကို အဲဒီ ဆာလာအိတ်နဲ့တက်စွပ်ပြီး ယူခဲ့. . ."

"ဗျာ. . . မဟုတ်. . . မဟုတ်သေးဘူးလေ ကိုဖြူရ၊ ပျားအုံကို ဆာလာအိတ်နဲ့ တက်စွပ်မှတော့ ကျုပ်ကို ကိုက်ကုန်မှာပေါ့ဗျာ့၊ ပြီးတော့ ဒီကိစ္စက ကျုပ်ကိစ္စလည်း မဟုတ်ဘူး၊ ကိုဖြူ့ကိစ္စပဲဟာ. . . ကိုဖြူ့ဘာသာ တက်စွပ်ပေါ့လို့. . ."

"ငါ. . . မင်းကို ထန်းရည်တိုက်မှာလေကွာ. . ."

"အဲဒါ. . . အဲဒါက သတင်းပေးခလေဗျာ. . . အခုဟာက ပျားတုတ်ခံရမှာဗျာ့၊ စွပ်ဘူးဗျာ. . . စွပ်ဘူး၊ ကိုယ့်ဘာသာစွပ်၊ ကျုပ်ကတော့ မစွပ်ပေးနိုင်ပါဘူး၊ စွပ်လည်း မစွပ်ရဲဘူး. . ."

ကိုကြွက်ဖြူရဲ့ မျက်နှာက တည်သွားတယ်။ ပြီးတော့ ငပြူးကို တမင်မှေးကျဉ်းထားတဲ့ မျက်လုံးတွေနဲ့ ကြည့်ပေးလိုက်ရင်း. . .

"မင်း. . . မတက်ဘူးလား၊ တက်မှာလား"

"တက်ဘူးဗျာ. . . တက်ဘူး"

ငပြူးက အကြောက်အကန်ကိုငြင်းတယ်။ ဒီတော့ ကိုကြွက်ဖြူက ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"သေချာလား. . . မင်း. . . မတက်ဘူးဆိုတာ"

"သေချာတယ်ဗျာ. . . မတက်ဘူး. . . တက်ဘူး. . ."

"ဒါဆိုလည်း ပြီးတာပဲလေ၊ မင်း ဟိုတစ်လောက မင်း မိန်းမ မိကောက်မြို့တက်ပြီး ဈေးဝယ်သွားတုန်းမှာ ကြက်ဝိုင်းရှုံးလို့ နှမ်းတစ်တင်းခိုးရောင်းပြီး ဟိုဘက်ရွာက သာဂွတို့အုပ်စုကို အကျွေးဆပ်လိုက်တဲ့ ကိစ္စကိုမေ့နေပြီလား၊ အဲဒီအကြောင်းတွေ မိကောက်သိအောင် ငါသွားပြောလိုက်မှာနော်. . ."

ကိုကြွက်ဖြူရဲ့ စကားကြောင့် ငပြူးရဲ့ ပြူးနေတဲ့ မျက်လုံးတွေက ပိုပြီးပြူးသွားရကာ ရှေ့ဘက်ကို ထွက်ကျလာမတတ်ဖြစ်သွားရတယ်။

"အဲ. . . အဲဒီလိုတော့ မလုပ်နဲ့လေဗျာ၊ ကိုဖြူကလည်း အချင်းချင်းတွေကို. . . အဟင်း. . . ဟင်း. . . ဟင်း. . ."

"ဒါဆိုလုပ်မှာလား. . ."

"ကိုဖြူ. . . တကယ်ပြောနေတာလားဗျာ. . . ဟင်. . . ကျုပ် ငိုလိုက်မှာနော်. . . လူကို အကျပ်ကိုင်ပြီး အနိုင်မကျင့်နဲ့၊ ဟီး. . . ဟီး . . . ဟီး. . ."

"ဟေ့ကောင်. . . ရုပ်ကြမ်းကြီးနဲ့ လာန္ဒဲ့ပြမနေနဲ့၊ တက်မှာလား၊ မတက်ဘူးလား၊ တစ်ခွန်းပဲပြော၊ အချိန်မရှိဘူး. . ."

"တက်မယ်. . . တက်မယ်. . . ဟီး. . . ဟီး. . . လူကို အနိုင်ကျင့်တယ်. . . ဟင့်. . . ဟင့်. . . ရွှတ်. . ."

"အဲဒါဆို မြန်မြန်တက်. . . သွား၊ ပျားတွေကို တစ်ကောင်မှ မလွတ်စေနဲ့နော်. . . ပျားအုံရော. . . ပျားကောင်တွေပါ ပါလာ





အောင် စွပ်ယူခဲ့. . ."


ငပြူးက တုန်တုန်ချိချိနဲ့ ပျားအုံရှိတဲ့ တမာပင်ဆီကို လှမ်းသွားတယ်။

"အောင်မလေးအမေရဲ့၊ သားအဖြစ်ကို လာကြည့်လှည့်ပါဦး၊ လူပေါင်းမှားတဲ့ သားအဖြစ်ကို လာကြည့်လှည့်ပါဦး. . . အမေရဲ့. . . ဟီး. . . ဟီး. . . ရွှတ်. . . ဟီး. . . ဟီး. . ."



www.burmeseclassic.com

www.burmeseclassic.com







ကိုကြွက်ညိုက ချယ်ရီဘိုတို့ပြန်အလာကို ရွာအဝင်က ထနောင်းပင်ကြီးအောက်နားကနေ စောင့်နေတယ်။ ဒီနားလေးမှာက ချုံတွေပေါတယ်လေ။ ပြီးတော့ သူနဲ့နှငယ်က ဇာတ်တိုက်ထားတာ။ ဒီထနောင်းပင်ကြီးနား ရောက်တာနဲ့ နှငယ်က အပေါ့သွားချင်လို့ဆိုပြီး ချုံတစ်ခုနောက်ကို ဝင်ကာ ရှောင်ထွက်ပေးရမယ်။ ဒီအချိန်မှာ သူက ချယ်ရီဘို့အနား ရောက်လာပြီး ရည်းစားစကားပြော၊ ပြီးရင်' အခြေအနေကောင်းပါက အဖြေပါ တစ်ခါတည်းတောင်းမယ်ပေါ့လေ။ အဲဒါကြောင့် ဒီလိုနေရာကနေ ထိုင်စောင့်နေခဲ့တာ။ သူ့အတွေးနဲ့ သူကတော့ ကိုကြွက်ညို့အတွက် ချောနေတာပါပဲ။ စိတ်ထဲမှာလည်း ပျော်လို့။

အဲဒီလို ကိုယ့်အတွေးနဲ့ကိုယ် ရူးနေတုန်းမှာပဲ ကိုကြွက်ညိုရဲ့ဘေးနားကို ဆာလာအိတ်ထုပ်ကြီးတစ်ထုပ်က ဘုတ်ဆို ပြုတ်ကျလာတယ်။ အတွေးထဲမှာ မြောနေခဲ့တာဆိုတော့ ဘယ်ကဘယ်လိုလုပ်ပြီး ဒီအထုပ်ကြီး သူ့အနားကို ကျလာမှန်းကို မသိလိုက်ဘူး။ ဒါပေမယ့် ဒီအထုပ်ကြီးကိုတော့ ကိုကြွက်ညို စိတ်ဝင်စားသွားတယ်။ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုခုများလား ပေါ့လေ။

ဒါနဲ့ သူက အဲဒီအထုပ်ကြီးကို အသာကောက်ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အထုပ်မှာချည်ထားတဲ့ကြိုးကိုဖြည်လိုက်ကာ အထုပ်ထဲကို စိတ်ဂင်တစား ငုံ့ကြည့်လိုက်တဲ့အခါမှာတော့. . . ။

အထဲကနေ ထွက်လာတာက ပျားကောင်တွေ။ တစ်ကောင်နှစ်ကောင်တောင်မဟုတ်ဘူး။ အုံလိုက်ကျင်းလိုက်ကို ထွက်လာတာ။

ကိုကြွက်ညိုက အလန့်တကြားနဲ့ အိတ်ကြီးကို လွှတ်ချလိုက်တယ်။ ဒါပေမယ့်. . . နောက်ကျသွားပြီ။ သူတို့ကို ပိတ်လှောင်သိမ်းထုပ်ထားလို့ ဒေါသထွက်နေတဲ့ ပျားတွေက ကိုကြွက်ညိုရဲ့ မျက်နှာဆီကို အပြေးတကြီးနဲ့. . . ။

"အောင်မလေး. . . ကယ်ကြပါဦးဗျာ့. . . "

ကိုကြွက်ညိုရဲ့ အလန့်တကြားအော်လိုက်သံကြောင့် အိပ်တန်းတက်ဖို့လုပ်နေတဲ့ ငှက်တွေတောင် လန့်ဖျတ်ပြီး ထပျံသွားကြတယ်။





ကိုကြွက်ညိုက မျက်နှာကို မျက်လုံးလေးတွေလောက်သာဖော်ပြီး အဝတ်တစ်ခုနဲ့ဖုံးကာ ငပြူးတို့ကုန်စုံဆိုင်ဆီကို ခပ်သွက်သွက် ထွက်လာခဲ့လိုက်တယ်။ သူ့မျက်နှာတစ်ခုလုံးက ဖူးယောင်နေတာများ ကမ္ဘာကျော်လက်ဝှေ့သမားတစ်ယောက်ရဲ့ လက်သီးအချက်တစ်ရာလောက်ကိုများ အထိုးခံခဲ့ရသလား မှတ်ရတယ်။ မျက်လုံးပေါက်တွေတောင်ပိတ်နေလို့ လက်တစ်ဖက်နဲ့ မျက်ခွံတွေကို ဖြဲပြီးကြည့်နေရတဲ့အထိပါပဲ။

"တောက်. . . ဘယ်လို အလေနတောကများ ဒီလိုလက်ကမြင်းပြီး ပျားအုံကို အိတ်နဲ့စွပ်ပြီး လွှတ်ပစ်ရတာလဲမသိဘူး၊ ကျွတ်. . . အား. . . နာလွန်းလို့သေတော့မှာပဲ. . . "

ပွစိပွစိရေရွတ်ရင်းကနေ ငပြူးတို့ကုန်စုံဆိုင်ကိုရောက်လာတယ်။ သူက ဘာဆေးလေးများရှိမတုန်းလို့ လာခဲ့တာပါ။ ချယ်ရီဘိုဆီကို သွားလိုက်ရင် ဖြစ်ပေမယ့်လည်း ဒီလိုပုံဆိုးပန်းဆိုးကြီးနဲ့တော့ သူကမသွားချင်ဘူး။ အဲဒါကြောင့် သူက ငပြူးတို့ဆိုင်မှာ ဆေးမီးတိုလေးဘာလေးများ ရှိလိုရှိငြားဆိုပြီး ထွက်လာခဲ့လိုက်တာ။

"ငပြူးရေ. . . ငပြူး. . . ဟေ့ငပြူး. . . ဘယ်သူမှ မရှိကြဘူးလားဟ. . . ငပြူး. . . မီကောက်. . . ငပြူး. . . မီကောက်"

သုံးလေးငါးခွန်းလောက် အော်လိုက်တော့မှ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီကနေ ပြေးရဲ့ ထူးသံသဲ့သဲ့ထွက်လာတယ်။

"မိကောက် မရှိဘူးဗျို့. . ."

"ဟာ. . . မိကောက်မရှိရင်လည်း ရှိတဲ့မင်းက ထွက်ခဲ့ပါလား. . . ဒီမှာဈေးဝယ်မလို့ကွ. . . လာကွ. . . မြန်မြန်. . . အရေးကြီးလို့. . ."

"လာပြီဗျို့. . . လာပြီ. . . လာပြီ. . ."

ပြေးထွက်လာတဲ့ အသံသဲ့သဲ့ကိုကြားလိုက်ရတယ်။ ဒါနဲ့ ကိုကြွက်ညိုက မျက်နှာမှာ အုပ်ထားတဲ့ အဝတ်ကိုဖယ်ပြီး ပြေးထွက်လာမယ့် တံခါးပေါက်နားကနေ စောင့်နေလိုက်တယ်။

အဲဒီအခိုက် တံခါးမှာတပ်ထားတဲ့ ခန်းဆီးလိုက်ကာစက လှပ်ခတ်သွားကာ အထဲကနေ ပြေးရဲ့ မျက်နှာကြီးက ထွက်လာတယ်ဆိုရင်ပဲ ပျားတုပ်ခံထားရတဲ့ တစ်ယောက်မျက်နှာကို တစ်ယောက် ရုတ်တရက် တွေ့လိုက်ရတဲ့ သူတို့နှစ်ယောက်ဟာ. . .။

"အား. . ."

"အား. . ."





ကိုကြွက်ဖြူက ကိုကြွက်ညိုရဲ့ မျက်နှာကြီးကိုကြည့်ကာ ခွက်ထိုးခွက်လန် အော်ရယ်တယ်။ ကြည့်စမ်းပါဦး မျက်နှာကြီးတစ်ခုလုံးက ဖူးယောင်နေတာများ ပါးဆုံ့ကြီးတွေတောင် ထွက်လို့။ မျက်လုံးတွေကလည်း မှေးကျဉ်းပြီး မျက်ရစ်တွေတောင် ပျောက်နေတာများ ကိုရီးယားကားထဲက လူကြမ်းကြီးတွေနဲ့ တောင်သွားတူနေသေး။

"မင်း. . . တော်တော် ယုတ်မာတဲ့ကောင်ပါလားကွ. . .၊ ဟေ. . . မင်းမိန်းမလိုမိန်းမရ တော်တော်ကြံတဲ့ ကောင်ပါလားကွ. . ."

"အဟက်. . . ဟက်. . . ဟက်. . . ဒါတော့ မင်းအလို့ မင်းခံ ရတာပဲလေကွာ. . . ငါနဲ့ ဘာဆိုင်လို့လဲ. . . အဟက်. . . ဟက်. . . ဟက် . . . ဟက်. . ."

"မင်းမှာ အစွမ်းအစရှိရင် မင်းလည်း မင်းဘာသာမင်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်ပေါ့ကွ၊ ဘာလို့ ငါ့ကိစ္စတွေကို လိုက်လိုက် ဝင်ရှုပ်နေရတာလဲ. . . မင်း တော်တော်လွန်လာပြီနော် ဖြူ. . ."

"ဒါကတော့ မင်းနဲ့ငါက အကြံတူတွေလေကွာ၊ ဒီတော့ ရန်သူဖြစ်တာဆန်းလို့လား၊ မင်းကို အခုလိုဖြစ်အောင် လုပ်နိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကလည်း ငါ့ရဲ့ အရည်အချင်းပဲမဟုတ်ဘူးလား. . . ဒီလို အကွက်မျိုးကို ရွှေ့နိုင်ဖို့ဆိုတာ လွယ်တယ်မှတ်လို့လား. . . "

ကိုကြွက်ဖြူက စကားစကို ခဏဖြတ်ထားလိုက်ပြီး တော့ ကိုကြွက်ညိုရဲ့ မျက်နှာနဲ့ သူ့မျက်နှာကို နမ်းမိမတတ် တိုးကပ် သွားလိုက်ကာ. . .

"ငှင်း. . . ငှင်း. . . ငှင်း. . . ငါ့ကိုတုဖို့ မင်းနုပါသေးတယ် ကွာ၊ ငါ့လို ပျားအုံထည့်ထားတဲ့ အိတ်ကို လူတစ်ယောက်ရဲ့ အ နားကို ကွက်တိကျအောင် ပစ်ဖို့ဆိုတာ လွယ်တယ်ထင်လို့လား၊ ဟောဒီလို ငါ့လို လက်ငါးချောင်းကို ကိုယ်လိုသလို ချိန်တတ်ဖို့ဆို ရင်. . . မင်း. . . "

ကိုကြွက်ဖြူက စကားကို ဖြတ်ထားလိုက်ပြန်ကာ ကို ကြွက်ညိုကို မခိုးမခန့်ပြုံးပြလိုက်ပြီးမှ လက်ဆယ်ချောင်းကို ထောင်ပြ လိုက်ကာ. . .

"ဆယ်နှစ်. . . ဆယ်နှစ်. . . သွားပြီးလေ့ကျင့်လိုက်ဦး . . . အဟား. . . ဟား. . . ဟား. . . "

ပြောပြီး ကိုကြွက်ဖြူက ခေါင်းမော့ကာ လူမိုက်အထာ နဲ့ တဟားဟားအော်ရယ်တယ်။ ပြီးတော့ ရယ်တာကို အဆုံးသတ် အောင်မရယ်ဘဲ တစ်ဝက်တစ်ပျက်နဲ့ ရပ်ပစ်လိုက်ကာ ကို ကြွက်ညို ကို ကြည့်လိုက်ရင်း. . .

"ပြီးမှ ပြန်လာခဲ့. . . ဟုတ်ပြီလား. . . "

လို့ဆိုတယ်။ ပြီးတော့ တဟားဟား အော်ရယ်ပြန် တယ်။ ကိုကြွက်ညိုကတော့ ဒေါသကြောင့် မျက်နှာကြီးကနီရဲလို့။

"မင်း. . . တော်တော် အောက်တန်းကျတဲ့ကောင်ပဲ၊ ကိုယ်





ကိုယ်တိုင်က အစွမ်းအစမရှိတော့ သူများစွမ်းတာကို လိုက်ဖျက်နေ တာများ. . . ဟုတ်လှပြီမှတ်နေတယ်၊ အထင်ကြီးစရာ တစ်စက်မှ မရှိဘူးဟေ့ကောင်. . . "

ကိုကြွက်ညိုရဲ့စကားအဆုံး ကိုကြွက်ဖြူက တဟား ဟားအော်ရယ်ပြန်တယ်။

"ငါပြောပြီးပါပကော ညိုရ၊ ဒီလိုဖျက်တတ်တာကလည်း အရည်အချင်းတစ်ခုပါလို့၊ ဘောလုံးအားကစားနည်းကိုပဲ ကြည့် ပါလား၊ တိုက်စစ်ရော. . . နောက်ခံစစ်အဖျက်ပိုင်းပါ ပါရတယ် မဟုတ်လား၊ ဒါတောင် ငါကဒီပွဲမှာ. ခံစစ်လောက်လေးပဲ ကစား ရသေးတာနော်၊ ငါ တိုက်စစ်မဖွင့်သေးတာတောင်မှ မင်း ဒီလောက် အလူးအလဲဖြစ်နေရင် တိုက်စစ်များဖွင့်လို့ကတော့ မင်း. . . ဟား. . . ဟား. . . . ဟား. . . စောစောကပြောသလိုပဲ. . . ဆယ်နှစ် ဆယ်နှစ်. . . . ဟား. . . ဟား. . . ဟား. . . "

ကိုကြွက်ညိုက ကိုကြွက်ဖြူ့စကားအဆုံးမှာ တောက် တစ်ချက်ကို ပြင်းပြင်းခေါက်ပြီး နေရာကနေ လှည့်ထွက်သွားတယ်။ ဒါကိုလည်း ကိုကြွက်ဖြူက အားမရသေးဘဲ နောက်ကနေ ဆရာကြီး တစ်ယောက်ရဲ့ လေသံမျိုးနဲ့ လှမ်းအော်ပြောလိုက်သေးတယ်။

"ဟေ့ကောင်. . . ကြွက်ညို၊ သိလား. . . အချစ်နဲ့ စစ်မှာ မတရားတာ ဘာမှမရှိဘူးကွ၊ အချစ်ကြောင့်လုပ်ရင် ဘာမဆို တရားတယ်ကွ. . . အဲဒါလေးမှတ်သွားလိုက်ဦး. . . "

ဒီတော့ ကိုကြွက်ညိုကလည်း နောက်ကိုပြန်လှည့် ကြည့်လာကာ ပြန်အော်ပြောတယ်။

"အေး. . . မင်းလည်းမှတ်ထားလိုက်ဦး၊ စစ်ပွဲတကာ့ စစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ အပြင်းထန်ဆုံးစစ်ပွဲက အချစ်ကြောင့်ဖြစ်တဲ့စစ်ပွဲပဲဆိုတာကိုပေါ့၊ မင်းနဲ့ငါ့ရဲ့စစ်ပွဲက အခုကစပြီး ပိုပြင်းထန်သွားပြီ၊ မင်း. . . စောင့်ကြည့်နေလိုက်၊ နောက်ဆုံးမှာ ချယ်ရီလေးကိုပိုင်ဆိုင်တဲ့သူဟာ ငါပဲဖြစ်ရမယ်. . . ”

ပြောပြီး ကိုကြွက်ညိုက ခြေလှမ်းကျဲကြီးတွေနဲ့ ရွာထဲဘက်ကို ပြန်လျှောက်သွားတယ်။ ကိုကြွက်ဖြူကတော့ ကိုကြွက်ညိုရဲ့ နောက်ကျောကိုကြည့်ရင်း ခေါင်းတရမ်းရမ်းနဲ့ သဘောတကျပြုံးလို့. . . ။





၇

ချယ်ရီဘိုနဲ့ နုငယ်က ညရှစ်နာရီခွဲနေပြီမို့ ဆေးခန်းထဲမှာ သိမ်းစရာရှိတာသိမ်း၊ ရှင်းစရာရှိတာရှင်းပြီး ဆေးခန်းပိတ်ဖို့ပြင်နေကြတယ်။

“မမချယ်ရီကို နုငယ်မေးစရာတစ်ခုရှိတယ်. . . အမှန်အတိုင်း ရင်ထဲမှာရှိတဲ့ အတိုင်းဖြေမလား. . . ”

“အံမယ်. . . စကားက အဆန်းပါလားနုငယ်ရဲ့၊ ပြောစမ်းပါဦး. . . ဘာများမေးမလို့လဲ. . . ”

“ဟိုဟာလေ. . . ”

နုငယ်က ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်ကြည့်လိုက်ရင်း. . .

“ဟိုကြွက်နှစ်ကောင်ထဲက ဘယ်ကြွက်ကို မမချယ်ရီ စိတ်ထဲမှာ ပိုသဘောကျလဲ. . . ”

“ဘယ်ကြွက်နှစ်ကောင်ကို ပြောတာလဲ၊ ကြွက်ဆိုတာ သဘောကျစရာမှ မဟုတ်တာကို. . . ”



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်. . . မမချယ်ရီက မသိချင်ယောင်ဆောင်နေပြန်ပြီ၊ နုငယ်ပြောတာက လူကြွက်နှစ်ကောင်ကို ပြောတာပါနော်"

ချယ်ရီဘိုကပြုံးတယ်။

"မမက သူတို့ကို ဘာဖြစ်လို့သဘောကျရမှာလဲ၊ တစ်ရွာတည်းသား မောင်နှမတွေလိုနေကြတာပဲဟာ. . ."

"အံမယ်. . . မမကလည်း ဒီလူနဲ့ဒီလူကို လာဖိန့်နေချင်သေးတယ်၊ ဟိုကြွက်နှစ်ကောင်က မမချယ်ရီဆိုတဲ့တွင်းထဲကို အောင်းဖို့. . . အဲ. . . ဒီလိုသုံးလို့မဖြစ်သေးပါဘူး၊ မမချယ်ရီရဲ့အချစ်ကို ရဖို့ အသေအလဲကြိုးစားနေကြတာ အသိသာကြီးဟာကို. . ."

"ဟုတ်လား. . . မမဖြင့် သတိတောင်မထားမိဘူး. . . ဟင်း ဟင်း. . ."

"အံမယ်. . . အံမယ်. . . ဒီလိုမျိုး ရယ်တယ်ဆိုကတည်းကိုက ခံစားမိနေတယ်ဆိုတဲ့ သဘောပါပဲ၊ ဟုတ်တယ်မလား. . . ပြောစမ်းပါမမရယ်. . . တကယ်လို့ သူတို့နှစ်ယောက်တည်းက တစ်ယောက်ယောက်ကို ရွေးရမယ်ဆိုရင် မမ ဘယ်တစ်ယောက်ကို ရွေးချယ်မလဲဟင်. . ."

ချယ်ရီဘိုက သဘောတကျ ပြုံးလိုက်ကာ. . .

"သိချင်တယ်ပေါ့. . . ဟုတ်စ. . ."

"ဒါပေါ့. . . အရမ်းသိချင်နေတာ၊ ပြောစမ်းပါမမရဲ့၊ ဘယ်တစ်ယောက်လဲ. . . အဖြူရောင်လေးလား. . . အညိုရောင်လေးလား. . . ဟင်. . ."

"ခဏလေး. . . စဉ်းစားလိုက်ဦးမယ်. . ."

ပြောပြီး ချယ်ရီဘိုက ခဏ စဉ်းစားနေဟန်ပြုတယ်။





နုငယ်ကတော့ ချယ်ရီဘို့ဆီက ထွက်လာမယ့်အဖြေကို မျက်လုံးအရောင်တွေ တလက်လက်တောက်ပလာတဲ့အထိ စိတ်ဝင်တစားစောင့်နေတယ်။ ခဏနေတော့. . .

"ရပြီ. . . ရပြီ. . ."

ချယ်ရီဘို့စကားကြောင့် နုငယ်က မရိုးမရွဖြစ်သွားရကာ. . .

"ဟုတ်လား. . . ဘယ်သူလဲ. . . ဘယ်သူ့ကို ရွေးမှာလဲဟင်၊ ဘယ်သူ့ကိုလဲ. . . အဖြူရောင်လား. . . အညိုရောင်လား. . ."

"သိချင်တယ်ပေါ့. . . ဟင်း. . . ဟင်း. . ."

"အင်းပါဆို. . . မမကလဲ. . . ဘယ်သူလဲဟင်. . ."

"ဘယ်သူ့ကိုလဲဆိုတော့. . . အင်း. . . အဟင်း. . . ပြောမပြဘူး. . . သတ်ချင်သတ်ပစ်လိုက်. . ."

"ဟာ. . . မမ. . ."

နုငယ် မချင့်မရဲဖြစ်သွားပုံကိုကြည့်ပြီး ချယ်ရီဘိုက တသောသောရယ်တယ်။ ဒါပေမယ့် သူတို့မသိလိုက်တာက ဆေးခန်းရဲ့တစ်ဖက်က နံရံမှာကပ်ပြီး သူကြီးက သူတို့နှစ်ယောက် ပြောတာတွေကို အကုန်ကြားသွားတယ်ဆိုတာကိုပါပဲ။

သူကြီးဦးဘိုလေးက သူနားထောင်နေတယ်ဆိုတာကို မသိရအောင် အသာလေးပြန်လစ်ထွက်လာခဲ့လိုက်တယ်။ စိတ်ထဲမှာလည်း တနုံ့နုံ့နဲ့ ကြိတ်မနိုင်ခဲမရ ခံစားနေရတယ်။ ငါ့သမီးလို အဖိုးတန်မိန်းကလေးတစ်ယောက်ကိုများ ရွာရဲ့အောက်ကြောလန်တွေက ချိန်ရွယ်နေသတဲ့။ ရာဇဝင်ရိုင်းလိုက်လေကွာ။

မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီကိစ္စကို ငါဝင်တားမှ ဖြစ်မှာပါ



www.burmeseclassic.com

လေ။ ဒီလိုကောင်တွေနဲ့တော့ ငါ့သမီးကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး။

တွေ့ကြပြီပေါ့ ကြွက်စုတ်နှစ်ကောင်ရာ. . .။ ဟွန်း. . . မင်းတို့ကပဲ စွမ်းမလား။ ငါကပဲ ပိုစွမ်းမလား. . . ကြည့်ရသေးတာပေါ့။ ငါ့ထောင်ချောက်ထဲများ ဝင်လာလို့ကတော့ မင်းတို့နှစ်ကောင်လုံးကို အမွှေးနုတ်၊ မီးမြှိုက်ပြီး ထန်းရည်နဲ့ မြည်းပစ်လိုက်မယ်ကွ. . . ဘာမှတ်လဲ။ ဟွန်း. . .။





ကိုကြွက်ဖြူက နှင်းဆီပန်းတစ်ပွင့်ကို ကိုင်ကာ သူကြီးအိမ်ဘက်ကို ထွက်လာခဲ့လိုက်တယ်။ ဒီနေ့ကတော့ အခွင့်အရေးရအောင်ရှာပြီး ရည်းစားစကားပြောမယ်လို့ စိတ်ပိုင်းဖြတ်ထားပြီးသား။ နှင်းဆီပန်းကလေးကို ကမ်းပေးတဲ့ပြီး "သိပ်ချစ်တာပဲ ချယ်ရီလေးရယ်. . . "လို့များ ပြောလိုက်ရရင်တော့လား. . .။

ဟား. . . ရှိမန့်(စ်)ပဲကွာ၊ ရှိမန့်(စ်)။

အတွေးနဲ့အတူ ကိုကြွက်ဖြူ့စိတ်ထဲမှာ အူမြူးလာကာ လှမ်းနေတဲ့ ခြေလှမ်းတွေကို ပိုသွက်ပစ်လိုက်တယ်။ ဒါပေမယ့် လမ်းချိုးတစ်ခုနား အရောက်မှာတော့ တစ်ဖက်လမ်းချိုးထဲက ထွက်လာတဲ့ ကိုကြွက်ညိုနဲ့ သွားဆုံတယ်။ ပြီးတော့ ကိုကြွက်ညိုရဲ့ လက်ထဲမှာကလည်း နှင်းဆီပန်းတစ်ပွင့်နဲ့။ ဖြစ်ချင်တော့ နှစ်ယောက်စလုံးက အံ့သြစရာကောင်းလောက်အောင်ကိုပဲ အကြံတွေလာတူနေခဲ့တာလေ။

ဒါကို နှစ်ယောက်စလုံးကလည်း မြွေမြွေခြင်း ခြေမြင်တယ်ပဲပြောရမလား. . . တန်းပြီးတော့ ရိပ်မိတယ်။ ဒီတော့နှစ်ယောက်စလုံးက တိုင်ပင်ထားသလား မှတ်ရလောက်အောင် ချယ်ရီတို့ဆီ သူ့ထက်ငါ အရင်ရောက်ဖို့ပြေးကြတယ်။

ရွာလမ်းတစ်လျှောက် တွေ့သမျှအရာတွေကို ခုန်ပျံ

www.burmeseclassic.com



ကျော်လွှားရှောင်ကွင်းကာ အားသွန်ခွန်စိုက်ပြေးကြတာဆိုတော့ ရွာလမ်းတစ်လျှောက် ဖုန်တွေတောင် တထောင်းထောင်းထသွားတယ်။ ဒါပေမယ့် သူကြီးတို့ခြံတံခါးဝကို အရောက်မှာတော့. . .

"ဘာလာလုပ်ကြတာလဲ. . . မင်းတို့က"

ခြံတံခါးဝမှာ လက်ကိုဆန့်တန်းပိတ်ကာထားရင်း ဆီးမေးလိုက်တဲ့ သူကြီးစကားကြောင့် နှစ်ယောက်သားက အရှိန်တွေကို မနည်းထိန်းလိုက်ရတယ်။

"ဟို. . . ချယ်. . . ချယ်ရီလေးဆီလာတာပါ. . ."

ကိုကြွက်ဖြူရဲ့ စကားအဆုံး ကိုကြွက်ညိုကလည်း သူ့ရင်ဘတ်ကိုသူ တဘုန်းဘုန်းထုကာ. . .

BURMESE CLASSIC .com

"ကျုပ်. . . ကျုပ်လည်း ချယ်ရီလေးဆီလာတာပဲ. . ."

သူကြီးက နှစ်ယောက်စလုံးကို တမင်မေးကျဉ်းထားတဲ့ မျက်လုံးတွေနဲ့ ကြည့်ပေးလိုက်ရင်း. . .

"ဘာကိစ္စရှိလို့လဲ. . . ဘာလို့ ငါ့သမီးဆီကိုလာရတာလဲ၊ ပြောစမ်းပါဦး. . ."

နှစ်ယောက်လုံး အခက်တွေ့သွားတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်ကလည်း နာမည်တစ်လုံးနဲ့ နေတဲ့သူတွေပဲဟာ၊ ဒီလောက်တော့ လျှပ်တပြက်ဉာဏ်နဲ့ ဖြေရှင်းနိုင်ပါတယ်။

"ဒီပန်းလေးလာပေးတာပါ. . ."

"ဒီပန်းလေးလာပေးတာပါ. . ."

နှစ်ယောက်စလုံးဆီက ထွက်လာတဲ့ စကားသံက တစ်ထပ်တည်း။ နှစ်ယောက်သားက ဘာလို့ငါပြောမယ့်စကားကို လိုက်ပြောရတာလဲဆိုတဲ့ အကြည့်မျိုးနဲ့ တစ်ယောက်ကိုတစ်ယောက်





ကြည့်လိုက်ကြတယ်။

သူကြီးကတော့ နှစ်ယောက်စလုံးကို ဝေ့ဝဲကြည့်လိုက်ရင်း. . .

"ဘာလဲ. . . မင်းတို့နှစ်ယောက်စလုံးက ပန်းရောင်းစားနေတာလား. . . ဟုတ်လား. . ."

သူကြီးစကားအဆုံး နှစ်ယောက်စလုံးရဲ့ မျက်နှာတွေက ရှုံ့မဲ့သွားကြကာ ကိုကြွက်ဖြူက. . .

"ဟာ. . . မဟုတ်ပါဘူး သူကြီးကလဲ၊ ဘာလို့ပန်းရောင်းစားရမှာလဲ. . . ချယ်ရီက နှင်းဆီပန်းလိုချင်တယ်ဆိုလို့ လာပို့ပေးတာပါ. . ."

လို့ လိမ်ပြောလိုက်တယ်။ ဒီတော့. . . ကိုကြွက်ညိုက လည်း. . .

"ဟုတ်တယ်. . . ကျုပ်ဆီကလည်း တောင်းထားလို့. . ."

လို့ဝင်ပြောတယ်။ ဒီတော့ ကိုကြွက်ဖြူက ကိုကြွက်ညိုကို တံတောင်နဲ့ တွတ်လိုက်ရင်းမှ. . .

"ဟေ့ကောင်. . . ချယ်ရီက နှင်းဆီပန်းကို ငါ့ဆီကပဲ တောင်းတာကွ. . ."

"ဘယ်ကလာ. . . ငါ့ဆီကတောင်းတာပါ. . ."

"ငါ့ဆီကကွ"

"ငါ့ဆီကပါဆို. . ."

"ကဲ. . . တော်ကြစမ်းပါ. . ."

နှစ်ယောက်သား ငြင်းခုန်နေရင်းကနေ သူကြီးဦးဘိုလေးက ကြားဖြတ်အော်လိုက်မှပဲ ရပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လာကြတာ. . . အဲဒီပန်းတွေ ပေးဖို့မဟုတ်လား၊ ပေး. . . ငါပေး ပေးမယ်. . ."

သူကြီးဦးဘိုလေးက ပြောလည်းပြော လက်ကလည်း သူတို့နှစ်ယောက်လက်ထဲက ကိုင်ထားတဲ့ ပန်းတွေကို ဆတ်ခနဲ ဆတ်ခနဲ ဆွဲယူလိုက်ကာ. . .

"ရပြီ. . . မင်းတို့ပြန်တော့"

"မ. . . မဟုတ်သေးဘူးလေ၊ ကျုပ်က. . . ချယ်ရီလေးနဲ့ တွေ့စရာရှိ. . ."

သူကြီးဦးဘိုလေးက ကိုကြွက်ညိုရဲ့စကားကို ရှေ့ဆက်မရအောင် လက်ကာပြလိုက်တယ်။ ပြီးတော့ နှစ်ယောက်စလုံးကို ခါးထောက်ကာ ခပ်တင်းတင်းကြည့်ပေးလိုက်ပြန်ရင်း. . .

"သမီးမအားဘူး၊ လူနာတစ်ယောက်ကို ဆေးချိတ်ပေးနေတယ်၊ အဲဒီတော့ မင်းတို့ပြန်လိုက်တော့၊ ပြီးတော့ တစ်ခါတည်းပါ မှာလိုက်ဦးမယ်၊ ငါ့သမီးရဲ့ဆေးခန်းကို အကြောင်းကိစ္စ ထွေထွေထူးထူးမရှိဘဲနဲ့ မလာပါနဲ့၊ ငါ့သမီးက အားနေတဲ့သူမဟုတ်ဘူး၊ တစ်နေကုန်တစ်နေခန်း လူနာတွေနဲ့ နပမ်းလုံးနေရတာ. . . လူဆိုရင် အလိုက်သိကြစမ်းပါ. . ကြားလား. . . သွားတော့. . ."

သွားတော့ဆိုပေမယ့် နှစ်ယောက်စလုံးက ဘယ်သူမှထွက်မသွားပဲ ပေရပ်နေကြကာ ခြံပေါက်ဝမှာရှေ့ကနေ ပိတ်ရပ်နေတဲ့ သူကြီးကိုကျော်ပြီး ချယ်ရီဘိုကို လှမ်းရှာကြတယ်။

"ဟေ့ကောင်တွေ သွားတော့လို့ ပြောနေတယ်လေ၊ ဘာရပ်လုပ်နေကြတာလဲ. . .၊ ဘာလဲ. . . ဘာခိုးဖို့ ချောင်းနေကြတာလဲ၊ ထိပ်တုံးစာမိချင်လို့လား. . ."





သူကြီးစကားအဆုံး နှစ်ယောက်စလုံးရဲ့ မျက်နှာတွေ ဝင်းပသွားကာ. . .

"ဟင်. . . တကယ်လား သူကြီး၊ သူကြီးက ကျုပ်ဒီမှာရပ်နေရင် ကျုပ်ကိုထိပ်တုံးခတ်မှာလား. . . ဟုတ်လား. . ."

"ဟုတ်လား. . . သူကြီး၊ တကယ်ခတ်မှာလား. . ."

သူတို့နှစ်ယောက်ပုံစံကိုကြည့်ကာ သူကြီးဦးဘိုလေးခင် ဗျာ မျက်လုံးတောင်ပြူးသွားရတယ်။ ပြီးတော့မှ အတွေးပေါက်သွားကာ. . .

"အေး. . . မင်းတို့ ဒီမှာပေရပ်နေရင် ထိပ်တုံးတော့ မခတ်ဘူး၊ မြို့က အချုပ်ထဲကိုပဲ ပို့ပစ်မယ်. . ."

ဆိုတော့ နှစ်ယောက်သား ဇတ်ကလေးတွေ ပုသွားကြတယ်။ ဒီအချိန်မှာပဲ သူကြီးတို့ခြံစည်းရိုးပေါ်ကို ကြောင်ကြီးတစ်ကောင်က တက်လာတယ်။ ဒီမှာကင်ပဲ သူကြီးက အကွက်ဝင်သွားကာ. . .

"ဟေ့. . . ဟိုကြောင်စုတ်. . . ဘယ်ကိုလာမှာလဲ. . . ရှိုး . . . သွား. . . ပြန်၊ မင်းအကြံ ငါမသိဘူးများမှတ်နေလား၊ သူ့ကြည့်တော့ဖြင့် ဖင်မွှေးတောင်ဖြူနေပြီ၊ မှန်းလိုက်တော့ ငါ့သမီးကြောင်မနုနုထွတ်ထွတ်လေးကိုတဲ့၊ ရာရာစစ. . . သွားပြန်. . . ရှိုး. . . ကြောင်တွေရော. . . ကြွက်တွေရော . . . အကုန်နာမယ် . . . ငါ့ကိုများဘာမှတ်နေလဲ. . . ဘိုလေးတဲ့ကွ. . . တစ်ဘိုတည်း ရှိတယ် . . . ဟွန်း. . . လာမလုပ် နဲ့. . . ဒါမျိုးတော့မရဘူး. . ."

ဦးဘိုလေးက ခြံစည်းရိုးပေါ်က ကြောင်ကိုပြောသလိုလိုနဲ့ ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူတို့ကို စောင်းပြောတယ်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မှ ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူတို့လည်း အခြေနေမကောင်းမှန်း ရိပ်မိသွားကြပြီး အသာလေးပြန်လစ်လာလိုက်ကြတယ်။ ဒါပေမယ့် လက်လျှော့ဖို့တော့ ဘယ်သူမှ စိတ်ကူးမရှိကြဘူး။

BURMESE CLASSIC .com





"အောင်မလေး. . . အမေရဲ့၊ သားအဖြစ်ကို မကယ်နိုင်တော့ဘူးလား၊ လူမှားကြီးကိုပေါင်းမိတဲ့ သားအဖြစ်ကို မကယ်နိုင်တော့ဘူးလား အမေရဲ့. . . ဟီး. . . ဟီး. . . . ဟီး. . . ရှုတ်. . ."

ရှာအပြင်က တောစပ်နားမှာ ပြေူးရဲ့ အော်ငိုလိုက်သံက စီခနဲထွက်လာတယ်။ ကိုကြွက်ဖြူကတော့ ပြေူးငိုနေတာကို အာရုံထဲမထားဘဲ ငှက်ကျည်းတောင်ဓါးတစ်လက်ကို ပခုံးပေါ်မှာ ထမ်းထားရင်း ဒူးတုပ်ထိုင်ကာ အော်ငိုနေတဲ့ ပြေူးရဲ့ ခန္ဓာကိုယ်ကို လှည့်ပတ်ကြည့်နေတယ်။

"အောင်မလေး. . . ကြားကြသမျှ လူနတ်အပေါင်းတို့ရေ၊ ကျုပ်ကိုမကယ်နိုင်တော့ဘူးလားဗျာ. . . ဟီး. . . ဟီး. . . ဟီး. . ."

ပြေူးရဲ့ငိုသံက တဖြည်းဖြည်းနဲ့ ပိုပိုကျယ်လာတယ်။ ဒီတော့ ကိုကြွက်ဖြူက ပြေူးကို မျက်မှောင်ကုတ် ကြည့်လိုက်ရင်း. . .

"ဟေ့ကောင်. . . အလကားနေရင်း ဘာလို့များပင်ပန်းအောင်အော်ငိုနေရတာလဲကွာ၊ မင်းဘယ်လောက်အော်အော် မင်းကို ကယ်မယ့်သူ တစ်ယောက်မှမရှိဘူး၊ အဲဒီတော့ အားအင်ကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



မသုံးနဲ့ တိတ်တိတ်နေ. . . "

လို့ ပြောပြီး ပြေုနဲ့မျက်နှာချင်းဆိုင်မှာ ငုတ်တုတ်ထိုင်ချလိုက်တယ်။ ပြီးတော့မှ ပြေုရဲ့ ခြေချောင်းလေးတွေကို အရောင်တောက်နေတဲ့ မျက်လုံးတွေနဲ့ကြည့်လိုက်ရင်း. . .

"ခြေချောင်းလေး. . . တစ်ချောင်းလောက်ပဲ ဖြတ်မယ်လေ၊ ဘယ်လိုလဲ. . . အဲဒီအကြံမကောင်းဘူးလား. . . "

"အောင်မလေး. . . အမေရဲ့ ကိုဖြူကြီးက အမေ့သားရဲ့ ခြေချောင်းလေးတွေကို ဖြတ်မလို့တဲ့ဗျာ. . . သားကိုမကယ်နိုင်တော့ဘူးလားအမေရဲ့. . . ဟီး. . . ဟီး. . . ဟီး. . . "

ပြေုက အသံကို စာစာကာထက် ပိုကျယ်အောင် ထပ်တင်ပြီးအော်ငိုတယ်။ ဒီအခိုက် ကိုကြွက်ဖြူက ခေါင်းကို အသာရမ်းလိုက်ရင်း. . .

"ခြေချောင်းကိုဖြတ်ရင် နည်းနည်းများ ဒဏ်ရာက သေးနေမလား မသိဘူးကွ၊ နော်. . . ငါက ချယ်ရီလေးရဲ့ဆေးခန်းကို ခဏခဏသွားချင်တာဆိုတော့ မင်းမှာဒဏ်ရာကြီးကြီးရှိနေမှ ဖြစ်မှာ၊ ဒါမှ ချယ်ရီလေးဆီကို ရက်ကြာကြာ ခဏခဏသွားလို့ရမှာ . . . ဒီတော့. . . "

ကိုကြွက်ဖြူက စကားစကိုဖြတ်ထားလိုက်ရင်းက ပြေုရဲ့ ခန္ဓာကိုယ်အနှံ့ကို စေ့စေ့စပ်စပ်ကြည့်လိုက်ပြန်ကာ. . .

"ဟား. . . ငါသိပြီ၊ မင်းကို ခြေချောင်းလေးတင်မဖြတ်ဘဲ ခြေထောက်တစ်ချောင်းလုံးကို ပေါင်အရင်းကနေ ဖြတ်ပစ်လိုက်မယ်လေ၊ အဲဒီအကြံမကောင်းဘူးလား. . .၊ ဒါဆိုမင်းလည်းတော်





တော်နဲ့ ဆေးကုလို့ပြီးမှာ မဟုတ်တော့ဘူး၊ အဲဒီတော့ မင်းရဲ့ ဆေးကုသစရိတ်တွေကိုတာဝန်ယူပေးမယ့် ငါလည်း ချယ်ရီလေးနဲ့ အချိန်ကြာကြာ ခဏခဏတွေ့ရမယ်. . . မမိုက်ဘူးလား. . . အဲဒီအကြံ. . . "

"အောင်မလေးလေး. . . မမိုက်ဘူး၊ မမိုက်ပါဘူးဗျာ. . . ကိုဖြူ့ဘာသာ နှာခေါင်းမီးတောက်တဲ့ကိစ္စကို ကျုပ်ကကြားထဲ ကနေ ခြေထောက်တစ်ချောင်း အဖြတ်ခံရမှာလားဗျာ. . . စဉ်းစဉ်းစားစား လည်းပြောပါဦးဗျာ. . . ဟီး. . . ဟီး. . . ရှုတ်. . . ဒီလောက်မှ ဆေးခန်းကိုသွားချင်နေရင်လည်း ကိုယ့်ခြေထောက်ကိုယ်ဖြတ်ပြီး တော့သွားပေါ့လို့. . . အခုတော့ဘာမဆိုင်ညာမဆိုင်ကျုပ်က ခြေထောက်တစ်ချောင်း အဖြတ်ခံရမယ်လို့ပဲ. . . ဟီး. . . ဟီး. . . ဟီး. . . တော်တော်ရက်စက်တဲ့ လူကြီး. . . ရှုတ်. . . ဟီး. . . ဟီး. . . "

"ဟာကွာ. . . မင်းကလဲ. . . ငါကမင်းကို ပြန်ပြီးတော့ ဆေးကုပေးမှာပဲဟာ. . . "

"ရမလားဗျာ. . . ကျုပ်က ဒုက္ခိတဖြစ်သွားမှာပေါ့လို့. . . ဟီး. . . ဟီး. . . ဟီး. . . "

"ဒုက္ခိတဖြစ်လည်း ဘာဖြစ်လဲကွာ. . .၊ မင်းကမိန်းမရပြီး သားပဲဟာ. . . လူ့လောကမှာ တန်နေပါပြီ၊ ငါကအခုမှ မိန်းမယူဖို့ကြိုးပမ်းနေတာကွ၊ ပြီးတော့မင်းနဲ့ငါဆိုတာကလည်း ညီအကိုလိုနေလာခဲ့ကြတာ. . . ကိုယ့်အစ်ကိုကြီးတစ်ယောက်ကို ပါရမီဖြည့်မပေးချင်ဘူးလားကွာ. . . မင်းတော်တော်ကိုယ်ချင်းမစာတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ. . . "

"ကိုယ်ချင်းမစာတတ်တာက ကျုပ်မဟုတ်ဘူးဗျာ့. . . ခင်ဗျား. . . ခင်ဗျား. . . ဘယ့်နှယ်ဗျာ. . . သူဖွန်ကြောင်ဖို့အရေးကိုဘာ မဆိုင်ညာမဆိုင် ကျုပ်ကခြေထောက်တစ်ချောင်းအဖြတ်ခံရမယ်လို့. . . တော်တော်တရားတဲ့လူကြီး. . . ဟီး. . . ဟီး. . . ဟီး. . . ရှုတ်. . . "

"မင်းက အခုတော့ ငါ့ကိုအဲဒီလိုပြောပြီပေါ့လေ. . . ငါ့မှာတော့ မိကောက်မသိအောင် မင်း. . . နှမ်းတွေ ခိုးရောင်းပြီး ဖဲဝိုင်းကအကြွေးတွေဆပ်လိုက်တဲ့ ကိစ္စကိုဖုံးထားပေးလိုက်ရတာ၊ မင်းကအဲဒီ ကျေးဇူးလေးကိုတောင် မထောက်တော့ဘူးပေါ့. . . ဟုတ်လား. . . ဟင်. . . "

"အောင်မလေးဗျာ. . . အဲဒီကျေးဇူးကလည်း ကုန်ကိုပဲမကုန်နိုင်တော့ဘူးလား. . . တစ်ခါလာလည်း ဒီကိစ္စ. . . တစ်ခါလာလည်း ဒီကိစ္စနဲ့ ချည်းပဲကိုင်ကိုင်ပေါက်နေတော့တာ. . . လူလည်းလုံးပါးပါးနေပြီ. . . ဟီး. . . ဟီး. . . အမလေး. . . သွားလေသူအမေရဲ့ အမေ့သားလေး ဒီလူမှားကြီးကို ပေါင်းမိနေတာကို မကယ်နိုင်တော့ ဘူးလားဗျာ့. . . ဟီး. . . ဟီး. . . ရှုတ်. . . ဟီး. . . "

"အဲ. . . အဲဒီလောက်ကြီးလည်း ဝမ်းနည်းပြမနေပါနဲ့ကွာ၊ မင်းမဖြတ်နဲ့ဆိုရင်လည်း မင်းခြေထောက်ကို ငါမဖြတ်တော့ပါဘူး၊ ဒါပေမယ့် လက်တစ်ဖက်တော့ ဖြတ်မယ်ကွာ. . . နော်. . . "

"အောင်မလေးလေး. . . ကြားရဲ့လားအမေရဲ့. . . ၊ ကြားရဲ့လား. . . လက်တစ်ဖက်တဲ့ဗျာ့. . . လက်တစ်ဖက်တဲ့. . . ဟီး. . .





ဟီး. . . "

"မ. . . မနာစေရပါဘူးကွာ၊ ဒီမှာကြည့်လိုက် ငှက်ကျည်းတောင်ဓါးကို၊ ငါ မနေ့က တစ်ညနေလုံး ထိုင်သွေးထားတာပါကွ၊ မင်းမနာစေရဘူး. . . ပူခနဲ ခံစားရရုံလောက်နဲ့ ကိစ္စပြီးသွားစေရမယ်၊ နော်. . . နော်လို့. . . "

"အောင်မျက်လေး (မပီတော့ခြင်း). . . အောင်မျက်လေး၊ ကြားကြပါရဲ့လား. . . အရက်ကတို့ရေ ပူခနဲဖြစ်သွားရုံနဲ့ ကိစ္စပြီးသွားစေရမယ်တဲ့ဗျာ့. . . အောင်မျက်လေး. . . အမေရှိတုန်းကတော့ဆုံးမသား. . . ငါ့သားလေး လူပေါင်းမှားဦးမယ်နော်တဲ့. . . အခုတော့ကျုပ်အဖြစ်က လူပေါင်းမှားတာမဟုတ်ဘူး အမေရဲ့. . . လူမှားပေါင်းတာ. . . လူမှားကြီးကိုမှ ပေါင်းမိတာအမေရဲ့. . . ဟီး. . . ဟီး. . . ဟီး. . . အဟင့်. . . "

ငပြူးက ဒီအတိုင်းရှိုးရှိုးငိုနေရာကနေ ရင်ဘတ်ကိုထုထုငိုတဲ့ အဆင့်ထိရောက်လာတယ်။ ဒီတော့ ကိုကြွက်ဖြူရဲ့ ဦးတည်ရာက ပြောင်းသွားပြန်တယ်။

"ကဲ. . . အဲဒီလောက်လဲ ခံစားပြမနေပါနဲ့ကွာ၊ မင်းသဘောမတူရင်လည်း ငါ. . . မင်းလက်ကိုမဖြတ်တော့ပါဘူး. . . ဟုတ်ပြီလား. . . "

"ကို. . . ကိုဖြူ တကယ်ပြောတာလား. . . ကျုပ်လက်ကို မဖြတ်ရလို့ဆိုပြီး မိကောက်ကိုတော့ ကျုပ်နှမ်းခိုးရောင်းတဲ့ကိစ္စ သွားမပြောပါဘူးနော်. . . မပြောဘူးမဟုတ်လား. . . "

ငပြူး စကားကြောင့် ကိုကြွက်ဖြူက ညစ်ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ရင်း. . .

"အေးပါကွာ. . . မပြောပါဘူး၊ ဒါပေမယ့် မင်းနားရွက်လေးတစ်ဖက်တော့ ဖြတ်မယ်နော်. . . ဖြစ်တယ်မလား. . ."

"ဗျာ. . . အောင်မလေး အဖေရဲ့၊ အဖေရောကြားရဲ့လား နားရွက်တစ်ဖက်တဲ့ဗျာ့၊ နားရွက်တစ်ဖက်တဲ့. . . ဟီး. . . ဟီး. . . ဟီး . . . ရှုတ်. . . အဟင့်. . ."

"ဟား. . . မငိုနဲ့တော့ကွာ၊ အချိန်တွေအရမ်းကြာနေပြီ၊ ဒီတစ်ခါတော့ ငါနောက်ထပ် နေရာပြောင်းမပေးနိုင်တော့ဘူး၊ နားရွက်တစ်ဖက်ပဲ အတည်ပြုလိုက်ပြီ၊ မနာစေရပါဘူးကွာ၊ ပူခနဲပဲ. . . ပူခနဲတစ်ချက်လောက်နဲ့ ကိစ္စပြီးသွားစေရမယ်. . . ငါ့လက်ဆကိုမင်းသိပါတယ်ကွာ. . . နော်. . . ဟုတ်ပြီလား. . . ဟာစ်ချက် ဆိုတစ်ချက်ပဲ. . ."

ပြောရင်း ကိုကြွက်ဖြူက ထိုင်ရာကထရပ်လိုက်ကာ ငှက်ကျည်းတောင်ဓါးကို လက်နှစ်ဖက်နဲ့စုံကိုင်ကာ လေပေါ်ကို မြှောက်လိုက်တယ်။ ဒီတော့ ပြေးကစ်ယောက် ဆောင့်ကြောင့်ထိုင်နေရာကနေ နတ်ဝင်ပူးသလို တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လာကာ ချေးပါချင်သလိုလို သေးပေါက်ချင်သလိုလို ဖြစ်သွားရရင်း. . .

"ကို. . . ကိုဖြူ. . . တ. . . တကယ်လုပ်တော့မှာလား . . . ရက် . . . ရက်စက်တော့မှာလားဗျာ့. . . ဟင်. . . ကျုပ်. . . ကျုပ်ကို မသနားတော့ဘူးလား. . . အမေရေ. . . အမေ. . . အဖေရေ. . . သားကိုဒီအတိုင်းပဲ ကြည့်နေကြတော့မှာလား ဗျာ့. . . ကျုပ်ကို ဘယ်သူမှ မကယ်နိုင်တော့ဘူးလား. . . ဟီး. . .





ဟီး. . . ဟင့်. . . ဟာစ်. . . ဟာစ်. . ."

"မရတော့ဘူးကွာ. . . မရတော့ဘူး. . . ချယ်ရီလေးကိုတွေ့ခွင့်ရဖို့က ဒီနည်းလမ်းတစ်ခုပဲ ငါစဉ်းစားမိလို့ပါ. . . နော်. . . နော်ကွာ. . .၊ တကယ်မနာစေရပါဘူးကွာ၊ တကယ်မနာစေရဘူး. . . ပူ ခနဲပဲ၊ ပူခနဲလေးပဲ ခံစားရမှာပါ. . ."

ပြောရင်း ကိုကြွက်ဖြူက ပြေးရဲ့ နားရွက်တစ်ဖက်ကို အားရပါးရ ခုတ်ဖြတ်ဖို့ အားယူတဲ့အနေနဲ့ သူ့ရဲ့ခြေထောက်နှစ်ချောင်းကို အနည်းငယ် ခပ်ကျဲကျဲ ခွာရပ်လိုက်တယ်။ ငှက်ကျည်းတောင်ဓါးက လေထဲမှာ. . .။

"ကိုဖြူ. . . မလုပ်နဲ့နော်. . . မလုပ်ပါနဲ့ဗျာ. . ."

"မနာစေရပါဘူးကွာ". . . တစ်ချက်တည်းပါ . . . တစ်ချက်တည်းနဲ့ ကိစ္စဖြတ်ပေးမှာပါ. . . ပူခနဲပဲ. . . ပူခနဲလောက်ပါပဲကွာ. . . နော်. . ."

ဓါးက ရိပ်ခနဲလှုပ်ရှားသွားတယ်။ ဒါပေမယ့် ဓါးက ပြေးရဲ့ နားရွက်နားကိုမရောက်ခင် လမ်းတစ်ဝက်လောက် အရောက်မှာတော့. . .

"ဟင်. . . ဟိုမှာ. . . ဟိုမှာ. . . ချယ်ရီဘို. . . ချယ်ရီဘိုလာနေ ပြီ. . ."

ကိုကြွက်ဖြူရဲ့နောက်ဘက်ဆီကို လက်ညှိုးထိုးကာ ရုတ်တရက်အော်လိုက်တဲ့ ပြေးကြောင့် ကိုကြွက်ဖြူရင်ထဲ ထိတ်ခနဲဆောင့်ခုန်သွားကာ နောက်ဘက်ဆီကို လှည့်ကြည့်လိုက်တယ်။ ဒါပေမယ့် နောက်ဘက်မှာက ဘယ်သူမှ ရှိမနေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ရှေ့ဘက်ကိုပြန်လှည့်လိုက်တဲ့ အခါမှာတော့. . .

"ဟင် ! "

ကိုကြွက်ဖြူ့ရှေ့မှာ ငပြူးမရှိတော့ဘူး။ ရွာထဲဘက်ကို ဦးတည်ပြီး ထွက်ပြေးသွားတာ အတော်ဝေးဝေးကိုတောင်ရောက် နေပြီ။ ကြောက်အားလန့်အားနဲ့ အရိုးထဲက ရှိသမျှအားတွေကို အကုန်ထုတ်ပြီးပြေးတာဆိုတော့ ငပြူးရဲ့အပြေးနှုန်းက ကမ္ဘာ့ချန်ပီယံ အပြေးသမား အူစိန်ဘော့ရဲ့ စံချိန်ကိုတောင် ရိုက်ချိုးပစ်နိုင်လောက် တဲ့နှုန်းမျိုးပါ။

"ဟေ့ကောင်. . . ငပြူး. . . ဘယ်ပြေးတာလဲ. . . မပြေးနဲ့ လေကွာ. . . နေဦးလေ. . . ဟေ့ကောင်. . . ပြန်လာခဲ့. . . ဟေ့ ကောင် ပြန်လာခဲ့လို့ပြောနေတယ်. . . ငပြူး. . . "

ငပြူးက နောက်ကိုတစ်ချက်မှ လှည့်မကြည့်ဘဲပြေး တယ်။ ဒီတော့ ကိုကြွက်ဖြူကလည်း နောက်ကနေ တကြော်ကြော် အော်ခေါ်ပြီးလိုက်တယ်။ ဒါပေမယ့် တစ်နေရာအရောက်မှာတော့ ကိုကြွက်ဖြူတစ်ယောက် ချိုင့်ခွက [illegible]စ်ခုထဲကို နင်းပြီး ခြေခေါက်ကာ လဲကျပြီး ကုန်းဆင်းတစ်ခုက[illegible] ဒလိမ့်ခေါက်ကွေးလိမ့်ဆင်းသွား တယ်။ ကုန်းဆင်းရဲ့အဆုံး[illegible]ရောက်တော့ အဆင်သင့်ဆီးကြိုနေတဲ့ ကျောက်တုံးတစ်ခုနဲ့ နဖူးနဲ့ မိတ်ဆက်ပြီး သွေးတွေက ဖြာခနဲ။

ဒီမှာတင်ပဲ ကိုကြွက်ဖြူက နဖူးကနေ မျက်နှာပေါ် အထိ စီးကျလာတဲ့ သွေးတွေကို လက်တစ်ဖက်နဲ့ ပွတ်သုတ်ပစ် လိုက်ကာ ဝမ်းသာအားရထအော်တယ်။

"ဟင်. . . သွေးတွေ. . . သွေးတွေ. . . သွေးထွက်ပြီ . . . သွေးတွေထွက်လာပြီ. . . အဟား. . . ဟား. . . ဟား. . . အောင် ပြီကွ. . . အောင်ပြီ. . . ကြွက်ဖြူအောင်ပြီကွ. . . အောင်ပြီ. . . ဟား. . . ဟား. . . ဟား. . . "






နောက်တော့ ကိုကြွက်ဖြူလည်း သူ့နဖူးကိုသူ လက် တစ်ဖက်နဲ့ အုပ်ကိုင်ပြီး ရွာထဲဘက်ကို ပြေးဝင်သွားတော့တယ်။ သူ ရဲ့ အပြေးနှုန်းကလည်း အူစိန်ဘော့ရဲ့ အပြေးနှုန်းစံချိန်ကို ရိုက်ချိုး မယ့် ပြေးနှုန်းမျိုးဖြစ်ပြီး သူ့ရဲ့ဦးတည်ရာကတော့ သူကြီးရဲ့ အိမ် ကိုပါ. . . ။



www.burmeseclassic.com

www.burmeseclassic.com







သူကြီးတို့ခြံဝန်းထဲကို ဝင်ကာနီးမှာပဲ ကိုကြွက်ဖြူကို သူကြီးဦးဘိုလေးက ခြံတံခါးဝကနေ လက်ကာပိတ်တားထားရင်းကနေ. . .

"ဘာလာလုပ်"

သူကြီးဦးဘိုလေး စကားတောင် မဆုံးလိုက်သေး၊ ကိုကြွက်ဖြူက သူ့နဖူးမှာ လဲကျလို့ရလာတဲ့ သွေးတရဲရဲနဲ့ ဒဏ်ရာကို လက်ညှိုးထိုးပြလိုက်ရင်း မျက်နှာကိုမော့ချီထားလိုက်ကာ. . .

"ဒဏ်ရာပါတယ်. . . ဒဏ်ရာပါတယ်. . ."

လို့ပြောပြီး ခပ်တည်တည်ပဲ ခြံထဲကိုဝင်သွားလိုက်ပြီး ချယ်ရီဘိုရှိနေတဲ့ ဆေးခန်းဆီကို လျှောက်သွားလိုက်တယ်။ သူကြီးဦးဘိုလေးခင်ဗျာ ဘာစကားမှ ဆက်မပြောလိုက်နိုင်ဘဲ ခြံဝမှာတင် ပါးစပ်အဟောင်းသားနဲ့ ရပ်ကျန်နေခဲ့ရတယ်။ ကိုကြွက်ဖြူကတော့ စိတ်ထဲကနေ "ငါကွ. . . ငါကွ. . ." လို့ ကြွေးကြော်လိုက်တယ်။

ဒီလိုနဲ့ ချယ်ရီဘိုရဲ့ ဆေးခန်းထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ. . .

"ဟယ်. . . ကိုဖြူ. . . ဘယ်လိုဖြစ်လာတာလဲ၊ နဖူးမှာသွေးတွေနဲ့ပါလား၊ လာလာ. . . မြန်မြန်လာ. . ."

ချယ်ရီဘိုက မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဖြစ်သွားသ



www.burmeseclassic.com

www.burmeseclassic.com



လောက် ကိုကြွက်ဖြူကတော့ စိတ်ထဲမှာ ကျိတ်ပြီးအူမြူးနေတော့ တယ်။ ဒါပေမယ့် အပြင်မှာတော့ မျက်နှာကို ရှုံ့မဲ့ထားလိုက် ရင်း. . .

"အား. . . နာလိုက်တာချယ်ရီရယ်. . . လုပ်ပါဦး. . . ကိုယ့် ဒဏ်ရာကို ကြည့်ပေးပါဦး. . . ယာထဲကနေ ချယ်ရီဆီကို အရောက် ပြေးလာတာ၊ သွေးထွက်လွန်သွားတာလားမသိဘူး၊ ခေါင်းတွေ တောင်မူးလာတယ်. . . အား. . ."

"ဟုတ်လား. . . လာလာ. . . ဒီခုံပေါ်မှာထိုင်လိုက်ကိုဖြူ၊ နှငယ်ရေ. . . အရက်ပြန်ပုလင်းနဲ့ ဂွမ်းနဲ့ပြင်ပေးပါဦး၊ မြန်မြန်လေး လုပ်. . ."

"ဟုတ်ကဲ့. . . မမချယ်ရီ. . . ဟုတ်. . ."

"ဘယ်လိုခိုက်မိတာလဲ ကိုဖြူ၊ ဒီဒဏ်ရာက. . ."

"ဟိုဟာ. . . နွား. . . နွားကန်တာ. . ."

ကိုကြွက်ဖြူက ပါးစပ်ထဲရှိတဲ့ ဆင်ခြေတစ်ခုကို ပြီးပြီး ရောဆိုပြီး လျှောက်ပြောလိုက်တယ်။

ချယ်ရီဘိုနဲ့ နှငယ်တို့နှစ်ယောက် အလုပ်တွေရှုပ်သွား ကြတယ်။ ချယ်ရီဘိုက အနာကို အရက်ပြန်နဲ့ဆေးပြီး ချုပ်ဖို့ ပြင် တယ်။ ကိုကြွက်ဖြူကတော့ ချယ်ရီဘို့မျက်နှာလေးကို အနီးကပ် ခိုးငေးရင်း ရင်တွေတအားကို ခုန်နေတော့တယ်။ ပြီးတော့ စိတ်ထဲ ကနေ ဘယ်လိုလုပ်ဖွင့်ပြောရမလဲလို့ တွေးနေမိတယ်။ ဒါပေမယ့် အနားမှာက မျက်စိဒေါက်ထောက်လာကြည့်နေတဲ့ သူကြီးရယ်၊ နှငယ်ရယ်ရှိနေတာဆိုတော့ မလှုပ်သာဘူး။

ဒီလိုနဲ့ ဒဏ်ရာကိုချုပ်လို့ပြီးသွားတယ်။ ရင်တွင်းဖြစ်





တွေဖွင့်ပြောဖို့တော့ အခွင့်အရေးမရလိုက်ဘူး။

"ချယ်ရီ. . . ကိုယ်. . . ဆေးခန်းတက်ရမလားဟင်. . ."

"ရှင်. . . ဘယ်လိုဘယ်လို. . . ဘာပြောလိုက်တယ်. . ."

"ဩော်. . . ဆေးရုံမှာနေရင် ဆေးရုံတက်တယ်လို့သုံးတယ် လေ၊ အခုလို ဆေးခန်းမှာ နေတာကျတော့ ဆေးခန်းတက်တယ်လို့ သုံးရမှာ မဟုတ်ဘူးလား. . ."

ကိုကြွက်ဖြူရဲ့စကားအဆုံး ချယ်ရီဘိုက ရယ်တယ်။ သူကြီးဦးဘိုလေးကတော့ မျက်တောင်တစ်ချက်မခတ်ပဲ ကိုကြွက် ဖြူကို ကြည့်နေတယ်။

"ဒဲဒီလို လုပ်ရလောက်အောင်မဟုတ်ပါဘူး ကိုဖြူရယ်၊ အခု ချုပ်ထားပြီးပြီဆိုတော့ ဘာမှမဖြစ်နိုင်တော့ပါဘူး၊ စိတ်ချ. . ."

"ဟုတ်ရဲ့လားချယ်ရီရယ်. . . တော်ကြာ ရုတ်တရက်ကြီး တ ဖောက်လာရင် ဘယ်လိုလုပ်မလဲ၊ ကိုယ်တို့အိမ်နဲ့ ချယ်ရီတို့အိမ် ကလည်း နည်းနည်းလှမ်းနေတော့ တစ်ခုခုဆိုရင် ချယ်ရီ့ဆီကို အချိန်မီမရောက်ရင် ဘယ်လိုလုပ်မလဲ၊ ဒီလိုလုပ်ပါချယ်ရီရယ်၊ ကိုယ့် ကို တစ်ရက်နှစ်ရက်လောက် ဒီဆေးခန်းမှာ ပေးနေပါလားဟင်. . . ဒါမှ အရေးအကြောင်းဆို ကိုယ့်ကိုချယ်ရီတန်းလာကြည့် လို့ရမှာ ပေါ့၊ ဟုတ်တယ်မလားဟင်. . ."

"ဩော်. . . အဲဒီလောက်စိုးရိမ်စရာမရှိပါဘူးဆို ကိုဖြူက လဲ. . ."

"လုပ်ပါချယ်ရီရယ်. . . တစ်ရက်နှစ်ရက်လောက်ပဲပေး နေ ပါချယ်ရီရယ်. . . နော်. . . နော်လို့. . ."

ကိုကြွက်ဖြူက သူ့အကြံနဲ့သူမို့ ဆေးခန်းမှာနေရဖို့



www.burmeseclassic.com

www.burmeseclassic.com



ကိုဖွတ်ပြောတယ်။ ချယ်ရီဘိုကလည်း အဲဒီလိုလုပ်စရာမလိုတော့ မလိုဘူးချည်းပဲပြောတယ်။ ကြာတော့ ဘေးနားမှာကြည့်နေတဲ့ သူကြီးဦးဘိုလေး မျက်စိနောက်လာတယ်။

"ဩော်. . . ဒီကောင်နဲ့တော့ခက်နေပါပြီ၊ ဒီလောက်မှ ကိုယ့်ဘာသာစိုးရိမ်နေရင်လည်း မြို့ပေါ်ကဆေးရုံမှာ သွားတက်မလား. . . ငါစီစဉ်ပေးမယ်. . ."

ဒီလိုကျပြန်တော့လည်း ကိုကြွက်ဖြူက မသွားချင်ဘူး။ သူက ချယ်ရီဘို့အနားမှာပဲ ခွေနေချင်တဲ့မြွေလေ။

"အဲ. . . အဲဒီလောက်ကြီးကျတော့လည်း မ. . . မလိုဘူး ထင်ပါတယ်သူကြီးရယ်. . . ချယ်ရီနဲ့ဆိုလုံလောက်ပါတယ်. . . နော် . . . ချယ်ရီ. . . နော်. . ."

"မလုံလောက်ပါဘူးကွာ. . . မင်းကြည့်ရတာ တော်တော် အခြေအနေဆိုးနေတဲ့ပုံပါ. . . ဟောကြည့်. . . ပြောနေရင်းကကို ဆံပင်တွေနက်လာပြီ. . . အဲဒါ မကောင်းတဲ့လက္ခဏာပဲ. . . လာ လာ . . . မြို့ပေါ်ဆေးရုံကို မြန်မြန်သွားရအောင်. . . လာ. . ."

သူကြီးက ပြောပြောဆိုဆို ကိုကြွက်ဖြူကို လက်ကနေ အတင်းဆွဲခေါ်တယ်။ ဒီတော့ ကိုကြွက်ဖြူက ကျန်လက်တစ်ဖက်နဲ့ ဘေးနားက စားပွဲခုံကို ပေသေအလဲဖမ်းကိုင်ထားလိုက်ရင်း. . .

"ဟင်. . . မ. . . မဟုတ်ဘူးလေ သူကြီးရဲ့. . . ကျုပ်. . . ကျုပ်ဆံပင်တွေက အစကတည်းက အနက်လေ၊ ပြီးတော့ ဆံပင် ဆိုတာ သူ့နဂိုကတည်းကအနက်ပဲလေ၊ အဲဒါမကောင်းတဲ့လက္ခဏာ မှ မဟုတ်တာသူကြီးရဲ့. . ."

"ဟင်. . . ဟုတ်လား၊ မသိပါဘူးကွာ. . . ငါက မင်းဆံပင်





တွေကို အစက အနီရောင်တွေမှတ်လို့၊ ဟော. . . အခုမှ သေချာ ကြည့်မိတယ်၊ ကြည့်စမ်း. . . မင်း. . . သွားတွေ ဖြူဖပ်ဖြူရော်ဖြစ် လာပြီ. . . မင့်သွားတွေ သွေးမလျှောက်တော့ဘူး. . . သေချာ တယ်. . . အဲဒါမကောင်းတဲ့ လက္ခဏာပဲ. . . ဟုတ်တယ်မလား သမီး. . ."

ဦးဘိုလေးစကားကြောင့် ချယ်ရီဘိုက တစ်ဖက်လှည့် ကာရယ်တယ်။

"ဟာဗျာ. . . သူကြီးကလည်း. . . သွားပါဆို ဖြူမှာပေါ့လို့ ဆို၊ ဘယ်လိုလုပ်သွေးလျှောက်မှာလဲ. . ."

"ဟော. . . ဟော. . . ပြောနေရင်းကကို မင်းရဲ့ဗိုက်ကြီးက ဖောင်းလိုက်ပိန်လိုက်ဖြစ်နေပြီ. . . သေချာပါပြီ. . . သေချာပါပြီ. . . အဲဒါလည်း မကောင်းတဲ့လက္ခဏာပဲ. . ."

"ဟာဗျာ. . . အသက်ရှူနေရင်တော့ ဗိုက်ဆိုတာဖောင်း လိုက်ပိန်လိုက်ဖြစ်နေမှာပဲဟာ. . . သူကြီးကလည်း ဘာတွေပြောနေ တာလဲဗျာ. . . စိတ်ညစ်ပါတယ်. . ."

"ဟာ! ဟာ! မင်း. . . မင်းလည်ပင်းမှာ အစေ့ကြီးတစ်စေ့ ထွက်လာပြန်ပြီ. . . ကြည့်စမ်း. . . အဲဒါလည်း မကောင်းတဲ့ လက္ခဏာပဲ. . . စိုးရိမ်ရတယ်. . . စိုးရိမ်ရတယ်. . ."

"ဟင်. . . အဲဒါကလည်း လည်စေ့လေသူကြီးရဲ့၊ ဘာလို့ စိုးရိမ်ရမှာလဲ. . . ယောကျ်ားလေးတိုင်း လည်စေ့ပါတာပဲဟာကို၊ အဟင့်. . . ကျုပ်ငိုချင်လာပြီနော်. . ."

"လာပါကွာ. . . လာလာ. . . မြို့ဆေးရုံကိုမြန်မြန်သွားရ အောင်၊ တော်ကြာ. . . အချိန်ကြာသွားရင် ဆေးမမီပဲဖြစ်နေဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ဟော. . . ဟော. . . ပြောနေရင်းက မင်းမျက်တောင်တွေ ခတ်လာပြီ. . . လာကွာ. . . မြန်မြန်သွားရအောင်. . . လာစမ်းပါ"

ဦးဘိုလေးက ကိုကြွက်ဖြူကို အတင်းဆွဲခေါ်တယ်။ ဒီတော့ ကိုကြွက်ဖြူကလည်း အနီးနားက စားပွဲခုံကို လက်ကစ်ဖက်နဲ့ အတင်းဖက်တွယ်ထားကာ တောင့်ခံတယ်။

"လာပါကွာ. . . ကြာရင် ဆေးမမီဘဲနေလိမ့်မယ်. . . "

"ဟင့်အင်း. . . သွားဘူး. . . "

"လာပါ. . . . လိုက်ခဲ့စမ်းပါဆို. . . "

"ဟင့်အင်း. . . လိုက်ပါဘူးဆို. . . "

"ဟား. . . ဒီအတိုင်းဆို မဖြစ်တော့ဘူး၊ သမီးတို့ သူ့ကို ခဏကြည့်ထားကြဦး၊ အဖေ. . . မောင်းတီးပြီး ရွာထဲကလူတွေကို စုလိုက်ဦးမယ်. . . ဒီကောင့်ကို ဝိုင်းချုပ်ပြီးတော့ မြို့ဆေးရုံကို ပို့ရအောင်လို့. . . သေချာကြည့်ထားနော်. . . ထွက်မပြေးစေနဲ့"

ပြောပြီး သူကြီးဦးဘိုလေးက အိမ်ဘက်ကို ခပ်သွက်သွက်ထွက်သွားတယ်။ ဒါပေမယ့် အိမ်ထဲရောက်လို့ ထရံပေါက်ကြားကနေ ဆေးခန်းဘက်ကို ပြန်ချောင်းကြည့်လိုက်မိတဲ့ အခါမှာတော့ ဆေးခန်းထဲကနေ အူလျားဖားလျားနဲ့ထွက်ပြေးသွားတဲ့ ကိုကြွက်ဖြူကို တွေ့လိုက်ရတယ်။ အရပ်စကားနဲ့ပြောရရင်တော့ ပြေးလိုက်တာမှ မှုန်နေတာပဲ။





၈

ကိုကြွက်ညိုက အိပ်ယာထဲမှာ လူးလှိမ့်ကာ အကြံထုတ်နေပြန်တယ်။ မနေ့က ကိုကြွက်ဖြူ တိုက်ကွက်ဆင်သွားတာကို သူကြားလိုက်ရပြီး နေမထိထိုင်မသာဖြစ်နေတာ။ ရန်သူကို တစ်ရက် အခွင့်အရေးပေးရင် တစ်သက်ပြန်လိုက်လို့ မမီဘူးတဲ့။ အဲဒီတော့ သူလည်း တိုက်စစ်ဆင်မှဖြစ်မယ်လို့ တွေးမိတယ်။

ဒါပေမယ့် ခက်နေတာက သူကြီးဦးဘိုလေးပင်။ သူကြီးက သူတို့ကို အကြောင်းကိစ္စအထွေအထူးမရှိရင် သူ့သမီးဆီကိုမလာရဘူးလို့ အမိန့်ထုတ်ထားတာ။ မနေ့က ကြွက်ဖြူက ဘယ်လိုကဘယ်လို ဒဏ်ရာရလာပြီး အခွင့်အရေးရသွားတယ်မသိဘူး။ တကယ်ပဲ မတော်တဆဒဏ်ရာရတာလား။ သူ့ကိုယ်သူပဲ ဒဏ်ရာရအောင် တမင်တကာ ကိုယ့်နဖူးကိုကိုယ် ရိုက်ခွဲပြီးသွားခဲ့တာလားဆိုတာတော့ ဒင်းသာလျှင် သိလိမ့်မယ်။ မိမိကတော့ ကိုယ့်နဖူးကိုကိုယ် ရိုက်ခွဲရဲလောက်တဲ့ သတ္တိမျိုးမရှိပါ။ ဒီတော့ အရေးကြီးလိုအပ်နေတာက လူနာပင်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အိပ်ယာထဲမှာ လူးလိမ့်ကာ အကြံအိုက်နေမိတုန်းမှာပဲ အိမ်ရှေ့ဆီက အော်သံတစ်ခုကို ကြားလိုက်ရတယ်။

"ပဲပြုတ်. . ."

ဒါ ပဲပြုတ်သည် ဒေါ်အာကျယ်ရဲ့ အသံ။

ဒီအသံကို ကြားလိုက်ရတယ်ဆိုရင်ပဲ သူ့ခေါင်းထဲမှာ အကြံတစ်ခုက လျှပ်တပြက်ဝင်ရောက်လာတော့တယ်။ ဒါနဲ့သူ က အိပ်ယာထဲကနေ ဝုန်းခနဲ ခုန်ဆင်းကာ အိမ်ရှေ့ဘက်ဆီပြေး ထွက်သွားလိုက်ပြီး. . .

"ပဲပြုတ်. . . ပဲပြုတ်လာဦးဗျို့. . ."

သူ့အသံကြားတော့ ဒေါ်အာကျယ်က နောက်ပြန်လှည့်လာတယ်။ ပြီးတော့ ပဲပြုတ်တောင်းကို သူ့ရှေ့က မြေကြီးမှာ ချလိုက်ကာ. . .

"ဟဲ. . . ကြွက်ညို. . . ကဲပြော. . . ဘယ်လောက်သား ယူမှာလဲ. . ."

တဲ့။ ဒီတော့ ကိုကြွက်ညိုက ဒေါ်အာကျယ်ရဲ့ရှေ့မှာ ထိုင်ချလိုက်ရင်းကနေ. . .

"ကျုပ်က ပဲပြုတ်ဝယ်မလို့ ခေါ်လိုက်တာမဟုတ်ပါ ဘူးဗျာ. . . မေးစရာလေးရှိလို့ပါ. . ."

"ဟဲ့. . . ငါက အချိန်မလင့်ခင် ဒီပဲပြုတ်တွေကို ကုန်အောင် ရောင်းရဦးမှာကြွက်ညိုရဲ့၊ နင်က ငါ့ကို တကူးတကပြန်ခေါ်ပြီး ဘာများမေးမလို့တုန်း. . ."

"ဪ. . . ပဲပြုတ်ရောင်းမယ့် ကိစ္စကို ခဏမေ့ထားလိုက်စမ်းပါဗျာ၊ ကျုပ်က ခင်ဗျားကို အချိုကြီးရမယ့်အလုပ်တစ်ခု ပေးမလို့





ဗျာ. . ."

လို့ဆိုတော့ ဒေါ်အာကျယ်က ကိုကြွက်ညိုကို မယုံသင်္ကာဟန်နဲ့ ကြည့်လိုက်ရင်း. . .

"ဘယ်လို. . . ဘယ်လို. . . နင်က ငါ့ကို အလုပ်ပေးမလို့ ဟုတ်လား. . . အမလေး. . . ဟုတ်မှလည်းလုပ်ပါကြွက်ညိုရယ်. . . နင့် ကိုယ်နင်တောင် ဘာအလုပ်မှမရှိလို့ မလေးရှားက ပြန်လာပြီး ကဟည်းက ထိုင်စားနေတာမဟုတ်ဘူးလား. . ."

"အောင်မာ. . . ခင်ဗျားက ကျုပ်ကို တော်တော်အထင် သေးတာပဲ၊ ကျုပ်ထိုင်စားနေတယ်ဆိုကတည်းက ထိုင်စားနိုင်လောက်တဲ့ အနေအထားမျိုးရှိလို့ထိုင်စားတာပေါ့ဗျာ. . . ခင်ဗျား ကျုပ်လို ထိုင်စားနိုင်လို့လား. . . ပြောစမ်းပါဦး. . ."

ဒီတော့မှ ဒေါ်အာကျယ်က ငြိမ်သွားတယ်။ ကိုကြွက်ညိုက စိတ်လေတယ်ဆိုတဲ့အထာနဲ့ ခေါင်းကို တညိတ်ညိတ် လုပ်လိုက်ရင်း. . .

"ကဲ. . . ပြောဗျာ. . . ခင်ဗျားလုပ်မှာလား. . ."

"ဟဲ့. . . နင်က ငါ့ကို မဟုတ်တရုတ်လုပ်ခိုင်းရင် ဘယ်လိုလုပ်မှာလဲဟဲ့၊ ငါက ပိုက်ဆံသာမရှိတာ အဲလိုတွေတော့ လုပ်မစားဘူးနော်. . ."

"အောင်မလေးလေးဗျာ. . . ကျုပ်က ခင်ဗျားလို အဖွားကြီးကို အဲလိုအလုပ်မျိုး ခိုင်းပါ့မလားဗျာ. . . ခင်ဗျားကို ဈေးပေါင်ကျိုးနဲ့ရောင်းရင်တောင် ဘယ်သူမှ မဝယ်တော့ဘူး. . ."

"အောင်မယ်. . . နင်ကများ ငါ့ကို အထင်သေးလို့၊ ငါတို့ ခေတ်တုန်းကများ ငါဘယ်လောက်နာမည်ကြီးတယ်ဆိုတာ နင့်ကို



www.burmeseclassic.com

မြင်စေချင်တယ်၊ ငါ့ကိုကြိုက်တဲ့ကောင်လေးတွေ အတန်းစီလိုက်တာ လူဘယ်လောက်များတယ်မများတယ် မပြောနဲ့၊ တို့ရွာထဲကို ဝင်လာတဲ့ ဖက်ဆစ်ဂျပန်တပ်ကြီးတောင် လန့်ပြီးပြန်ပြေးသွားရတယ်ဟဲ့. . . သိရဲ့လား. . . ”

“ကဲ. . . ထားပါတော့ဗျာ. . . ထားပါတော့၊ ကျုပ်စကားတောင် ဘယ်ရောက်သွားမှန်းမသိဘူး၊ ဘယ်လိုလဲ. . . ကျုပ်ပေးမယ့်အလုပ်ကို ခင်ဗျားလုပ်မှာလား. . . မလုပ်ဘူးလား. . . လုပ်ရင် ငါးထောင်ပေးမယ်. . . လုပ်ရမှာကလည်း နာရီပိုင်းလောက်လေးတင်ပဲ. . . ”

“ငါး. . . ငါးထောင် ! ”

ဒေါ်အာကျယ်ရဲ့ မျက်လုံးက အရောင်တွေ ဖလက်လက်တောက်လာလို့ ကိုကြွက်ညိုတစ်ယောက် မျက်စိတောင် ကျိန်းသွားတယ်။

❤ ❤ ❤





ဒေါ်အာကျယ်ကို တွဲပြီးရောက်လာတဲ့ ကိုကြွက်ညိုကို ဦးဘိုလေးက မကြည်သလိုကြည့်ကာ နောက်ကနေ မှုန်ကုပ်ကုပ်နဲ့ လိုက်လာတယ်။ ကိုကြွက်ညိုကတော့ သူကြီးဦးဘိုလေးကို ကျော်ဖြတ်လာနိုင်တဲ့အတွက် ရင်ထဲမှာ ကုလားဘုရားပွဲလှည့်သလို တဒုန်းဒုန်းမြည်နေတယ်။ ဒေါ်အာကျယ်ကတော့ လူမမာအယောင်ဆောင်နေရတာဆိုတော့ အလိမ်မပေါ်အောင် မနည်းကို ဟန်ဆောင်နေရရှာတယ်။

“ဟော. . . ကိုညို. . . ဘယ်လိုဖြစ်လာတာလဲ. . . ”

ချယ်ရီဘိုရဲ့ ဆီးကြိုအမေးကို ကိုကြွက်ညိုက ဘရက်ပစ်ရဲ့အပြုံးနဲ့တူတဲ့(သူ့ဘာသာသတ်မှတ်ထားတာပါ) သူ့ရဲ့အပြုံးကို ထုတ်သုံးပြုံးပြလိုက်ရင်း. . .

“ကိုညိုက ဘာမှမဖြစ်ပါဘူး ချယ်ရီရယ်၊ ဖြစ်တာက ဒီကဒေါ်အာကျယ်ပါ. . . ကိုယ်တို့အိမ်ကို ပဲပြုတ်လာရောင်းရင်းနဲ့ မူးလဲလို့လေ၊ အဲဒါနဲ့ ချယ်ရီဆီကို ခေါ်လာတာ. . .၊ ကိုယ်ကလည်း ဒီလိုပရဟိတ အလုပ်တွေဆိုရင် ဝါသနာကိုပါတာလေ. . . ဟဲဟဲဟဲ. . . ”

ကိုကြွက်ညိုက တန်းပြီးအမှတ်ယူပစ်လိုက်တယ်။ ပြီးမှ သူကြီးဦးဘိုလေးကို မသိမသာ မျက်လုံးစွေကြည့်ရသေးတယ်။ ငါး



www.burmeseclassic.com

www.burmeseclassic.com



စာကိုမြင်ရင် ငါးမျှားချိတ်ကိုလည်း သတိထားရသေးတယ်လေ။

"ဟုတ်မယ်. . . ဟုတ်မယ်. . . ကိုညို့ရဲ့ စေတနာထက်သန်ပုံ၊ သူများအကျိုးကို သယ်ပိုးပုံတွေကိုတော့ ချယ်ရီက ဆေးခန်းစဖွင့်တဲ့နေ့ကတည်းက သိထားပြီးသား. . . အဟင်း. . . ဟင်း. . ."

အဲလိုပြောရင်း ဒေါ်အာကျယ်ကို ချယ်ရီက အဖျားတိုင်းတာတွေ၊ သွေးပေါင်ချိန်တာတွေ ဆက်တိုက်လုပ်သွားတယ်။

"အဖျားလည်း မရှိပါဘူး အဒေါ်ရဲ့၊ သွေးပေါင်လည်း မကျဘူး. . . အားလုံးပုံမှန်ပဲ. . . မူးလဲတယ်ဆိုတော့ အဒေါ်အိပ်ရေးတွေ ဘာတွေများပျက်လို့လား. . ."

ချယ်ရီဘိုရဲ့ အမေးစကားအဆုံး ဒေါ်အာကျယ်က ကိုကြွက်ညိုကို လှမ်းကြည့်တယ်။ ဒီတော့ ကိုကြွက်ညိုက မသိမသာ ခေါင်းညိတ်ပြလိုက်တယ်။ ဒါကိုကြည့်ပြီး ဒေါ်အာကျယ်က. . .

"ဟုတ်. . . ဟုတ်တယ်. . . ဆရာမလေး. . ."

ဆိုတော့ ဘေးနားမှာရှိနေတဲ့ နုငယ်က မျက်မှောင်ကုတ်ကာ. . .

"အရီးအာကျယ်ကလည်း မူးလဲရလောက်တဲ့ အထိကြီးတောင် အိပ်ရေးပျက်ရတယ်ဆိုတော့ ဘာတွေများလုပ်နေလို့လဲ. . ."

"ဟို. . . ဟာ. . ."

ဒေါ်အာကျယ်က ကိုကြွက်ညိုကို လှမ်းကြည့်ပြန်တယ်။ ဒီတော့ ကိုကြွက်ညိုက သူ့ရင်ဘတ်ကိုသူ မသိမသာပုတ်ပြပြန်တယ်။ ကိုကြွက်ညိုဆိုလိုချင်တာက ရင်တွေကျပ်နေလို့ပါလို့ ပြောစေချင်





တာ။ ဒါပေမယ့် အဓိပ္ပာယ်ကောက်လွဲသွားတဲ့ ဒေါ်အာကျယ် ပြန်ပြောလိုက်တာက. . .

"ကြွက်. . . ကြွက်ညိုကြောင့်ပါ. . ."

"ရှင် ! "

"ဘယ်လို ! "

"အို ! "

ဒေါ်အာကျယ်ရဲ့ အဖြေစကားအဆုံး အာမေဋိတ်သံတွေ တစ်ပြိုင်နက်ထွက်လာသလို ကိုကြွက်ညိုတစ်ယောက်လည်း လန့်ဖျန့်ပြီး ဆံပင်မွှေးတွေတောင် ထောင်ကုန်တယ်။ ပြီးတော့ သူ့ဆီကို မယုံနိုင်သလိုကြည့်လာတဲ့ အကြည့်တွေကို လက်နှစ်ဖက်နဲ့ ပိတ်ကာရမ်းပစ်လိုက်ရင်း တစ်ခုခုပြောမယ်ပြင်တုန်းမှာပဲ. . .

"မင်းကွာ. . . ကိုယ့်အမေလောက်အရွယ်ကြီးကိုတောင်"

ဆိုပြီး သူကြီးဆီက ထွက်လာတဲ့ စကားကြောင့် ကိုကြွက်ညို ပိုပြီးတော့ ခေါင်းနပန်းကြီးသွားရတယ်။

"မ. . . မဟုတ်ပါဘူး သူကြီးရာ၊ ဘာတွေပြောနေတာလဲ၊ ဒေါ်အာကျယ် ပြောတာက. . . ဟိုဟာ. . . ဟို. . . ဩော်. . . ကျုပ်. . . ကျုပ် က ဒေါ်အာကျယ် ဇီးသီးကြိုက်တတ်မှန်းသိတယ်လေ၊ အဲဒါဟိုတစ်နေ့က ကျုပ်အဖေ မြို့ကအပြန် စလေဇီးသီးတွေ ပါလာတာနဲ့ ဒေါ်အာကျယ့်ကို ကျွေးမိတာ. . . အဲဒါတွေကိုစားပြီး သူရင်ကျပ်နေတာလေ. . .၊ အဲ. . . အဲဒီလို ရင်တွေကျပ်ပြီး အိပ်မရတော့ ညဘက်အိပ်ရေးပျက်တာပေါ့၊ အဲဒါကြောင့် သူက ကျုပ်ကြောင့်လို့ပြောတာပါ. . . အဟင်း. . . ဟင်း. . . အဟဲ. . ."

ဒီတော့မှ သူကြီးဦးဘိုလေးက ဘဝင်ကျသွားဟန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကြီးတစ်ခုကို ဟင်းခနဲ တမင်တကာ လုပ်ချကြီးချတယ်။ ချယ်ရီဘိုကတော့ တစ်ဖက်ကိုလှည့် ကျိတ်ပြုံးလိုက်ရင်းကနေ မျက်နှာပိုးကို အမြန်သတ်လိုက်ပြီးမှ. . .

"အဒေါ်. . . အခုရော ရင်ကျပ်နေသေးလား. . . ရင်ကျပ်တာက အခုမှလား. . . အရင်ကတည်းက အခံရှိတာလား. . ."

ဒီတစ်ခါတော့ ဒေါ်အာကျယ်က ကိုကြွက်ညိုကို မကြည့်တော့ဘူး။ သူ့ဘာသာသူပဲ ဖြေလိုက်တယ်။

"ကောင်းသွားပါပြီ၊ အရင်က အခံမရှိပါဘူး၊ ကြွက်ညိုနဲ့တွေ့မှ ခံရတာပါ. . ."

"ရှင် ! "

"ဘုရားရေ. . ."

"ဗုဒ္ဓေါ ! "

ဒေါ်အာကျယ့်စကားကြောင့် အကုန်လုံး မျက်လုံးပြူးသွားရပြန်တယ်။ ကိုကြွက်ဖြူကတော့ ဒေါ်အာကျယ်ပြောသမျှကို ပြန်ဖြေရှင်းနေရတာနဲ့ ချယ်ရီဘိုကို ကျူဖို့ကိစ္စကိုတောင် အမှတ်မရအားတော့။ "ကူဖော်ရှာ၊ လေ ာင်ဖက်နဲ့တွေ့" ဆိုတာ ဒါမျိုးကို ပြောတာနေမှာ။





ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုက လမ်းခုလတ်တစ်ခုမှာ ဆုံမိကြတယ်။ နှစ်ယောက်စလုံးက တစ်ယောက်ကိုတစ်ယောက် မြင်လိုက်တာနဲ့ ဘုကြည့်ကြည့်လိုက်ကြတာများ ဇာတ်တိုက်ထားသလား အောက်မေ့ရတယ်။

"နေစမ်းပါဦး. . . မင်းခေါင်းက ပတ်တီးက အခုထိကို မဖြုတ်သေးဘူးလား. . . ဘာလဲ. . . ခေါင်းပေါက်ရုံတင်မဟုတ်ဘဲ ခေါင်းပါ ချောင်သွားတာလား. . . ဟုတ်လား. . ."

ကိုကြွက်ဖြူရဲ့ခေါင်းက ပတ်တီးကို ကြည့်ရင်းပြောလာတဲ့ ကိုကြွက်ညို့စကားအဆုံး ကိုကြွက်ဖြူက ပြုံးလိုက်ရင်း. . .

"ငါ့ခေါင်းက ပတ်တီးကို ငါ့ဘာသာ ဖြုတ်ချင်ဖြုတ်မယ်၊ မဖြုတ်ချင်မဖြုတ်ဘူး. . . အဲဒါမင်းအပူပါလို့လား. . . မနာလိုမဖြစ်စမ်းပါနဲ့ကွာ၊ လူဆိုတာ ကိုယ့်ကုသိုလ်နဲ့ကိုယ်ဖြစ်လာတာ. . . ဒီဒဏ်ရာရတယ်ဆိုတာကလည်း ငါရဲ့အတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ထူးတွေကြောင့်လေကွာ. . . သူများတွေများ အကုသိုလ်တွေများနေလို့ ဒဏ်ရာရချင်တာတောင် မရရှာဘူး. . ."

ကိုကြွက်ဖြူ့စကားက မသိတဲ့သူကြားရင်တော့ပြောင်းပြန်ကြီးဖြစ်နေတဲ့အတွက် ရယ်ချင်စရာပါပဲ။ ဒါပေမယ့် သူတို့ချင်းကျတော့ သဘောပေါက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင်. . . ခေါင်းမှာပတ်တီးရှိတယ်ဆိုပြီး သိပ်မာန်တက်မနေနဲ့. . . နော်. . . ဒဏ်ရာလိုချင်တာများ လွယ်လွန်းလို့ ခက်နေတယ်ကွ. . . သိလား. . ."

"လုပ်လိုက်လေ. . . လုပ်လိုက်. . . လွယ်တယ်ထင်ရင် လုပ်လိုက်လေ. . . လွယ်တယ်ဆိုရင်တောင် သွေးရှိဦးမှကွ၊ သွေးဆိုတာ ရိုးရိုးသွေးကိုပြောတာမဟုတ်ဘူးနော်. . . သတ္တိသွေးကိုပြောတာ၊ ဟဲ. . . ဟဲ. . . ငါလိုသတ္တိရှိပြီး ဘုရားသခင်ပေးတဲ့ ဒဏ်ရာလေးကို လက်ဆောင်ရထားတဲ့သူကတော့ ချယ်ရီလေးဆီကိုသွားဖို့ တံခါးမရှိ ဓါးမရှိပေါ့ကွာ. . . ဟင်း. . . ဟင်း. . . သွေးမရှိတဲ့ကောင်ကျတော့လည်း. . . ဟင်း. . . ဟင်း. . . တော်ပါပြီကွာ၊ မင်းနဲ့ စကားပြောရတာ လေကုန်တယ်. . . ချယ်ရီလေးဆီကိုသွားတာပဲကောင်းတယ်၊ သွားလိုက်ဦးမယ်နော်. . ."

ပြောပြီး ကိုကြွက်ဖြူက ကိုကြွက်ညိုကိုရှောင်ကွင်းကာ ကျော်တက်သွားတယ်။ ပြီးတော့ ပါးစပ်ကလည်း တမင်တကာ လုပ်သံကြီးနဲ့ ပြောသွားလိုက်သေးတယ်။

"အား. . . ခေါင်းတွေက မူးလိုက်တာချယ်ရီရယ်. . ."

တဲ့။

"တောက် ! "

ကိုကြွက်ညိုက မခံမရပ်နိုင်နဲ့ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ကာ ခြေလှမ်းကျဲကြီးတွေနဲ့ ဒေါ်အာကျယ့်အိမ်ဘက်ကို ထွက်လာခဲ့လိုက်တယ်။ ဒီတစ်ခါတော့ မင်းနဲ့ငါ ထိပ်တိုက်တွေ့ကြပြီပေါ့ကွာ. . . ဟွန်း။

ဒေါ်အာကျယ့်အိမ်ရောက်တော့ ဒေါ်အာကျယ့်ကို





တံလင်းဝိုင်းထဲမှာ အမှိုက်လှည်းနေတာ တွေ့ရတယ်။ သူက ဒေါ်အာကျယ့်ဆီကို အမောတကောပြေးသွားလိုက်ရင်း. . .

"ဒေါ်အာကျယ်. . . ဒေါ်အာကျယ်. . . လာပါဦးဗျာ၊ ကျုပ်နဲ့လိုက်ခဲ့၊ ကျုပ် ငါးထောင်ပေးမယ်. . . ငါးထောင်"

"ဟဲ့. . . သူများကြားရင် ငါ့ကို တစ်မျိုးထင်နေကြပါဦးမယ်၊ တိုးတိုးသက်သာလုပ်စမ်းပါ ကြွက်ညိုရယ်. . ."

"အရေး. . . အရေးကြီးလို့ပါဗျာ၊ လာလာ. . . ဆေးခန်းကို သွားရအောင်၊ တစ်နေ့ကလိုပဲ ငါးထောင်ပေးမယ်. . . လာလာ. . ."

"ဟဲ့. . . ငါမအားဘူးဟဲ့. . . ဟိုဘက်ရွာကိုသွားစရာရှိတယ်၊ ဟိုဘက်ရွာက ငါ့တူမိန်းမခိုးသွားလို့တဲ့. . . ခိုးသွားတဲ့ကောင်မလေးက အသက်မပြည့်သေးလို့ဆိုလားပဲ၊ ပြဿနာတက်နေလို့. . .၊ အဲဒါ သာဂွရဲ့လှည်းကို စောင့်နေတာ၊ သူနဲ့လှည်းကြုံလိုက်မလို့၊ သာဂွကလည်း အခုထိကိုမလာသေးဘူး. . ."

"ဟာဗျာ. . . ဟိုဘက်ရွာကို နောက်ပြီးမှ သွားစမ်းပါဒေါ်အာကျယ်ရယ်၊ ကျုပ်နဲ့အရင်လိုက်ခဲ့စမ်းပါ. . ."

"မရလို့ပါဟယ်. . . တကယ် မသွားလို့ကို မဖြစ်လို့ပါ"

"ဟာ. . . လိုက်ခဲ့စမ်းပါဆိုဗျာ. . . ခဏလေးပါ. . ."

"ည. . . ညနေပြန်လာမှ သွားရအောင်ဟယ်. . . အဲဒီအခါကျမှ ငါလိုက်ခဲ့မယ်. . . နော်. . ."

"ဟာ. . . ညနေမှ ဘာလုပ်ရမှာလဲ၊ အခုသွားမှ ဖြစ်မှာပါဆို. . . လာပါဗျာ. . ."

"ဩော်. . . ခက်တာပဲ၊ မအားပါဘူးဆိုဟယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုကြွက်ညို စိတ်မရှည်တော့ဘူး။ ဒါနဲ့ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ သုံးနှစ်သစ်သားတိုတစ်ချောင်းကို တွေ့တယ်။ ကိုကြွက်ညိုက အဲဒီသစ်သားတိုကို ပြေးကောက်လာခဲ့လိုက်ကာ. . .

"ဒေါ်အာကျယ်. . . ခင်ဗျားကျုပ်နဲ့ ခုလိုက်မှာလား၊ မလိုက်ဘူးလား. . . ပြော. . . တစ်ခွန်းပဲပြော၊ ကျုပ်စိတ်မရှည်တော့ဘူး၊ အချိန်မရှိဘူး. . . ပြော. . . တစ်ခွန်းပဲ"

ဆိုတော့ ဒေါ်အာကျယ်က နည်းနည်းလန့်သွားရပြီး ကိုကြွက်ညို့လက်ထဲက သစ်သားတိုကို မဝံ့မရဲကြည့်လိုက်ရင်း မှ. . .

"ကြွက်ညို. . . နင်. . . နင်လွန်မယ်နော်. . ."

"ဟား. . . အပိုစကားတွေ မပြောနဲ့ဗျာ၊ ကျုပ်မေးတာကိုပဲဖြေစမ်းပါ၊ ခင်ဗျား. . . ကျုပ်နဲ့လိုက်မှာလား. . . မလိုက်ဘူးလား၊ အဲဒီနှစ်ခွန်းထဲက တစ်ခွန်းပဲဖြေ. . ."

"ငါ. . . ငါတကယ် မအားလို့ပါဆို ကြွက်ညိုရယ်၊ နင်ကလဲ. . . ဒေါသကိုရှေ့ထားရင် မှားတတ်တယ်ဟဲ့. . . အေးအေးဆေးဆေးပါးစပ်ကပဲ ပြောပါ. . . နော်. . . နော်. . . ."

ဒေါ်အာကျယ်က ကိုကြွက်ညိုရဲ့ လက်ထဲက သစ်သားတိုကို မျက်စိစွေကြည့်လိုက်ရင်းကနေ ဖျောင့်ဖျတယ်။ ဒါပေမယ့် ကိုကြွက်ညိုကတော့ လုံးဝကို စိတ်မရှည်တော့ဘူး။ ဒီတော့ ခေါင်းကိုမော့ကာ တအားအော်တော့တယ်။

"ဒေါ်အာကျယ်. . . ကျုပ်စိတ်တွေ ထိန်းလို့မရတော့ဘူးနော်၊ ခင်ဗျား. . . ကျုပ်နဲ့ လိုက်မှာလား. . . မလိုက်ဘူး လား. ."

"ငါ. . . ငါတကယ်မအားလို့ပါဟယ်. . . ငါတောင်းပန်ပါ





တယ်ကြွက်ညိုရယ်. . . နော်. . . နော်. . .၊ လက်ထဲက တုတ်ကြီး ပို့ ချလိုက်. . . နော်. . . နော်. . ."

"ဟာဗျာ. . . ဟာဗျာ. . . ကျုပ်ကြားချင်တာ အဲဒီစကားမဟုတ်ဘူးဗျာ၊ ခင်ဗျား. . . ကျုပ်နဲ့ လိုက်မှာလား. . . မလိုက်ဘူးလားလို့မေးနေတာ. . . . အဲဒါပဲဖြေ. . . ပြော"

"ကြွက်ညို. . . နင် တစ်ရွာတည်းသားချင်းကို လွန်မယ်နော်ငါတကယ်ကို မအားလို့ပါပြောနေတယ်. . ."

ကိုကြွက်ညို မျက်နှာကြီးက စိတ်ရှုပ်ဒေါသထွက်လာတော့ နီမြန်းလာတယ်။ ပြီးတော့ စောစောကလို မိုးပေါ်ကိုမော့ကာ "အား. . . "ခနဲ အော်လိုက်ရင်း သူ့ရဲ့လက်ထဲက တုတ်က လေထဲကိုမြောက်တက်သွားတယ်။

ဒီတော့ ဒေါ်အာကျယ်က အလန့်တကြားနဲ့ မျက်လုံးတွေကို မှိတ်ချပစ်လိုက်ရင်း. . .

"အောင်မလေး. . . သေပါပြီတော့"

လို့အော်တယ်။ ဒါပေမယ့် တော်တော်ကြာတဲ့အထိ တုတ်က သူ့ခေါင်းပေါ်ကို ကျမလာဘူး။ ဒီတော့မှ ဒေါ်အာကျယ်က မျက်မိတစ်ဖက်ကို မဖွင့်ရဲဖွင့်ရဲနဲ့ ဖြေးဖြေးလေးဖွင့်ကြည့်တယ်။ ဒါပေမယ့် ဒေါ်အာကျယ်တွေ့လိုက်ရတာက သူ့ရှေ့မှာ ဒူးထောက်ရက်ထိုင်နေတဲ့ ကိုကြွက်ညိုကိုပါ. . .။

"ဟဲ့. . . ကြွက်ညိုက အဲဒါက ဘာလုပ်နေတာတုန်း. . ."

ဒေါ်အာကျယ်ရဲ့ နားမလည်နိုင်သလိုအမေးစကား အဆုံး ကိုကြွက်ညိုက ဒူးထောက်ထိုင်နေရင်းကနေ သုံးနှစ်တုတ်ကို ဒေါ်အာကျယ့်လက်ထဲ ထိုးထည့်ပေးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်. . . ကျုပ်ခေါင်းကို အဲဒီတုတ်နဲ့ ကွဲအောင်ရိုက် ပေးစမ်းပါ. . .၊ ကျုပ် ခင်ဗျားကို ငါးထောင်ပေးမယ်. . ."

"ဟင်!. . . ကြွက်ညို. . . နင်ရူးနေလား. . . ဟမ်. . ."

"အပိုတွေ မမေးစမ်းပါနဲ့ဗျာ. . . ရိုက်မှာသာ ရိုက်စမ်းပါ၊ လုပ်ပါမြန်မြန်. . . ကျုပ်မှာ အချိန်မရှိဘူးဗျာ. . . လုပ်. . . ကွဲအောင်တော့ ရိုက်နော်. . ."

"နင်. . . နင်တကယ်ပြောနေတာလား. . . ငါ့ကို သူကြီးထိပ်တုံးစာမိအောင်လုပ်နေတာတော့မဟုတ်ပါဘူးနော်. . ."

"မဟုတ်ပါဘူးဗျာ. . . ခင်ဗျားက တော်တော်ကိုစကားများတာပဲ. . .၊ အချိန်မရှိပါဘူးဆို. . . ရိုက်စမ်းပါဗျာ. . . မြန်မြန်လေး"

"ငါ. . . ငါတကယ်ရိုက်ရမှာလား. . . ဟင်. . . နောက်နေတာများလား. . ."

"တကယ်ပြောတာဗျာ. . . ရိုက်. . . ကွဲအောင်သာရိုက် . . . ငါးထောင်ပေးမယ်. . ."

ဒေါ်အာကျယ်က ကတုန်ကယင်နဲ့ တုတ်ကိုမြှောက်လိုက်တယ်။ သိပ်တော့ မယုံနိုင်သေးဘူး။

"နင်. . . ငါးထောင်ပေးမှာ သေချာတယ်နော်. . ."

"ဪ. . . ပေးပါ့မယ်ဗျာ. . . ရိုက်စမ်းပါဆို"

"ငါ. . . တကယ်ရိုက်မှာနော်. . ."

"ရိုက်ပါဆိုဗျာ. . ."

"ငါ. . . ရိုက်တော့မှာနော်. . ."

"ရိုက်စမ်းပါဆိုဗျာ. . . မြန်မြန်လေးလုပ်. . ."





"တကယ်ရိုက်ပြီနော်. . ."

"ဟား. . . ရိုက်ပါလို့ပြောနေတယ်. . ."

"ငါ. . . လုပ်တော့မယ်နော်. . ."

"ဟာ. . . လုပ်ပစ်လိုက်. . . လုပ်ပစ်လိုက်. . . အချိန်မရှိဘူး၊ မြန်မြန်ဆော်တည့်လိုက်ပါဆို. . ."

"ငါတကယ်ရိုက်တော့မယ်နော်. . . ကြွက်ညို"

"ဟာ. . . ရိုက်ပါလို့ပြော"

ကိုကြွက်ညိုရဲ့ စကားတောင်မဆုံးလိုက်သေး။ ဒေါ်အာကျယ်က မျက်စိကိုစုံမှိတ်ကာ လက်ထဲကသုံးနှစ်တုတ်နဲ့ အရှိုးထဲကအားတွေ ထုတ်သုံးပြီး အားကုန်လွှဲရိုက်ချလိုက်တယ်။

"ကဲဟယ်. . . လာလေရော့"

ကိုကြွက်ညို့ ခေါင်းဆီက ပူခနဲ။ ပြီးတော့ တစ်ကိုယ်လုံးဆီကလည်း ပူရှိန်းရှိန်းနဲ့ အီးပါချင်သလိုလို သေးပေါက်ချင်သလိုလိုဖြစ်သွားရတယ်။ လက်ဆက ပြင်းမှပြင်း။

"အောင်မလေးဗျာ"

သွေးတွေကလည်း ဖြာခနဲစီးကျလာတယ်။ ဒေါ်အာကျယ်က ရိုက်သာရိုက်ပြီးသွားတာ မျက်လုံးတွေကို တော်တော်နဲ့မဖွင့်ရဲသေးဘူး။ ခဏကြာမှ မျက်လုံးတွေကို အားယူပြီးဖွင့်ကြည့်လိုက်တယ်ဆိုရင်ပဲ. . .

"ဟင် ! သွေး. . . သွေး. . ."

ဆိုပြီး မြေကြီးပေါ်ကို ဘုန်းခနဲလဲကျပြီး သတိလစ်သွားတော့တယ်။ ကိုကြွက်ညိုကတော့ ခေါင်းပေါ်ကနေ ရှေ့ဘက်မျက်နှာပေါ်အထိ စီးဆင်းလာတဲ့ သွေးတွေကို လက်နဲ့ အသာတို့



www.burmeseclassic.com

www.burmeseclassic.com



သုတ်ကြည့်လိုက်ပြီးနောက် ထိုင်နေရာကနေ ခုန်ထလိုက်ကာ ဝမ်းသာအားရ လက်သီးလက်မောင်းတန်းပြီး အော်တော့တယ်။

"အောင်ပြီကွ. . . အောင်ပြီကွ. . . အောင်ပြီကွ. . ."





သူကြီးတို့ခြံပေါက်ဝမှာတော့ ကိုကြွက်ဖြူနဲ့ သူကြီး ဦးဘိုလေးက အချေအတင် စကားများနေကြတုန်းပဲ ရှိသေးတယ်။ ကိုကြွက်ဖြူ အခုထိ အထဲကို မဝင်ရသေးဘူး။

"မပျောက်သေးဘူး. . . သူကြီးရ၊ ကျုပ်ဒဏ်ရာက အခုထိ နာနေတုန်းရှိသေးတာ၊ ဆေးထည့်ဖို့လိုသေးတယ်. . . ကျုပ်ဝင်ပါရစေသူကြီးရာ. . . ဟော. . . ဟော. . . ပြောရင်းနဲ့ ခေါင်းတွေ တောင်မူးလာပြီ. . . အား. . ."

ကိုကြွက်ဖြူရဲ့ အကဲပိုပိုအပြောကို သူကြီးက မင်းနုပါ သေးတယ်ဆိုတဲ့ အထာနဲ့ ပြုံးလိုက်ရင်း. . .

"နိုး. . . နိုး. . . နိုး. . . ဒီဒဏ်ရာက အကင်းတောင်သေ နေပြီ၊ လာမလုပ်နဲ့. . . မင်း. . . လာရာလမ်းအတိုင်းပြန်တော့၊ ငါ့ သမီး ဆေးခန်းထဲမှာ လူနာတွေများနေလို့ အရေးမကြီးတဲ့ လူနာတွေ ကို ဒီအနားကနေ ငါရှင်းထုတ်နေတာ. . . လစ်တော့. . ."

"ကျုပ်ဝင်ပါရစေသူကြီးရာ. . ."

"မဝင်ရဘူးလို့ပြောနေတယ်ကွာ. . ."

"ဝင်ခွင့်ပေးပါဗျာ. . ."

"မဝင်ရဘူး. . ."

အဲဒီလို ရှုန်းရင်းဆံခတ်ဖြစ်နေတုန်းမှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘေးဖယ်. . . ဘေးဖယ်. . . လူနာလာတယ်. . . လူနာ လာ တယ်. . . အရေးကြီးလူနာလာတယ်"

ဆိုတဲ့ အသံနဲ့အတူ ကိုကြွက်ညိုက အနားကို တာတို အပြေးသမားတစ်ယောက်ရဲ့ ပန်းဝင်ကာနီး ပြေးနှုန်းမျိုးနဲ့ ရောက်လာတယ်။ မျက်နှာတစ်ခုလုံးလည်း သွေးတွေရွှဲလို့။

ပြီးတော့ သူကြီးနဲ့ ကိုကြွက်ဖြူတို့ကို ဖုတ်လေတဲ့ငါး ပိ ရှိတယ်လို့တောင် မထင်ဘူးဆိုတဲ့ ဒီဇိုင်းမျိုးနဲ့ ရင်ကော့ကာ အသာ ဖြတ်ကျော်တက်ပြီး ဆေးခန်းထဲကို ဝင်သွားတော့တယ်။

သူကြီးဦးဘိုလေးနဲ့ ကိုကြွက်ဖြူတို့နှစ်ယောက်မှာတော့ ပါးစပ်အဟောင်းသားနဲ့ ခြံပေါက်ဝမှာ ငုတ်တုတ်မေ့လို့. . .။ ဒါ ပေမယ့် ချက်ချင်းဆိုသလိုပဲ ကိုကြွက်ညိုက ဆေးခန်းထဲကနေ ပြန် ထွက်လာကာ သူကြီးနဲ့ ကိုကြွက်ဖြူတို့အနားကို ရောက်လာတယ်။ ပြီးတော့ ကိုကြွက်ဖြူနဲ့ သူကြီးတို့ရဲ့ ခြေထောက်တွေကို အတင်း တွန်းဖယ်ရင်း. . .

"ဟိုဘက်တိုးစမ်းပါ. . ."

ဆိုပြီး တစ်ခုခုကို လိုက်ရှာလိုက်. . .

"သူကြီး ခြေထောက်လေး နည်းနည်းကြွစမ်းပါ. . ."

ဆိုပြီး ဘာကိုရှာမှန်းမသိ လိုက်ရှာလိုက်. . .

"ငဖြူ. . . မင်း. . . ဘေးခဏဖယ်စမ်းပါ. . ."

ဆိုပြီး ကုန်းကုန်းကွကွနဲ့ တစ်ခုခုပျောက်သလိုနဲ့ သည်း ကြီးမည်းကြီးရှာတယ်။ ပြီးတော့ ဘာမှမပြောဘဲ ခပ်တည်တည်နဲ့ ထွက်သွားကာ ဆေးခန်းထဲ ဝင်သွားပြန်တယ်။ သူကြီးနဲ့ ကိုကြွက် ဖြူကတော့ အူကြောင်ကြောင်တွေကိုဖြစ်လို့။





ဒါပေမယ့် သိပ်မကြာပါဘူး။ ဆေးခန်းထဲကနေ ကို ကြွက်ညိုက ပြန်ထွက်လာပြန်ကာ စောစောကလိုပဲ သူကြီးနဲ့ ကို ကြွက်ဖြူတို့နှစ်ယောက်နားမှာ သူကြီးကို ဟိုဘက်ရွှေ့ခိုင်းလိုက်၊ ကိုကြွက်ဖြူကို ဟိုဘက်တိုးခိုင်းလိုက်လုပ်ကာ တစ်ခုခုကို ရှာပြန်တယ်။

ဒီတော့သူကြီးဦးဘိုလေးက မျက်စိနောက်လာပြီး. . .

"ဟေ့ကောင်. . . ကြွက်ညို. . . မင်းဘာပျောက်နေတာ လဲ. . ."

လို့မေးလိုက်တယ်။ ဒါပေမယ့် ကိုကြွက်ညိုက ဘာမှ ပြန်မဖြေဘဲ နှုတ်ခမ်းမှာ လက်ညိုးတစ်ချောင်းကိုကပ်ပြီး. . .

"ရှူး ! "

တိတ်တိတ်နေဆိုတဲ့ အထာနဲ့ ပြောတယ်။ ဒီတော့ သူကြီးလည်း နှုတ်ပိတ်သွားရတယ်။ ခဏလည်းနေရော ကိုကြွက် ညိုက စောစောကလိုပဲ ဘာမပြောညာမပြောနဲ့ ထွက်သွားပြန်ကာ ဆေးခန်းထဲကို ဝင်သွားပြန်တယ်။

သူကြီးဦးဘိုလေးက ကိုကြွက်ဖြူကို မေးငေါ့ပြလိုက် ရင်း. . .

"ဟိုကောင် ဘာပျောက်နေတာလဲ. . . မင်းသိလား. . ."

လို့မေးတယ်။ ဒီတော့ ကိုကြွက်ဖြူက ခေါင်းကိုရမ်း ပြလိုက်ရင်း. . .

"မသိဘူးလေ. . . ဗျာ၊ သူ့ပါတဲ့ဟာ ပြုတ်ကျနေလို့ဖြစ် မှာပေါ့. . ."

ဒီအခိုက်မှာပဲ ကိုကြွက်ညိုက အနားရောက်လာပြန်ကာ စောစောကလို ဟိုဘက်တိုးပါဦး၊ ဒီဘက်ဖယ်ပါဦးနဲ့ ရှာပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက မေးမယ်လုပ်တော့ စောစောကလိုပဲ နှုတ်ခမ်းပေါ်မှာ လက်ညှိုးတစ်ချောင်းကို ဖိကပ်ပြလိုက်ကာ တိတ်တိတ် နေဖို့ပြောပြန်တယ်။

နောက်တော့ စောစောကလိုပဲ ဘာမပြောညာမပြောနဲ့ ထွက်သွားဖို့ပြင်ပြန်တယ်။ ဒီတစ်ခါတော့ မရတော့ဘူး။ သူကြီးဦးဘိုလေးက ကိုကြွက်ညိုကို ဂုတ်ကနေ ဖမ်းဆွဲထားလိုက်ရင်း. . .

"ဟေ့ကောင်. . . ပြောစမ်း. . . မင်း ဘာပျောက်နေတာလဲဆိုတာ၊ အခုပြော. . ."

ဆိုတော့ ကိုကြွက်ညိုက ခေါင်းကို တစ်ချက်ရမ်းလိုက်ရင်းက. . .

"ဘာ. . . ဘာမှ မပျောက်ပါဘူး. . ."

"ဒါဆိုမင်းက ဘာကို လာလာပြီးရှာနေတာလဲ. . ."

"ဟို. . . ဟိုဟာ. . ."

"ပြော. . . ဘာလဲ. . ."

"အဟီး. . . တစ်ယောက်ယောက်များ ပိုက်ဆံလေးဘာလေး ထွက်ကျမလားလို့ ရှာကြည့်တာပါ. . . အဟီးဟီးဟီး. . ."

"ဘာကွ. . ."

ပြောပြီး ကိုကြွက်ညိုက သူကြီးလက်ကနေ ဆတ်ခနဲ ရုန်းထွက်ကာ ဆေးခန်းထဲကို ဝင်ပြေးတော့တယ်။ သူကြီးနဲ့ ကိုကြွက်ဖြူကတော့ တစ်ပတ်ရိုက်ခံလိုက်ရတဲ့အတွက် ဒေါသတွေ တလိပ်လိပ်ထွက်ရင်း နေရာမှာတင် ကျန်နေခဲ့တယ်။

ကိုကြွက်ညိုကတော့ အပြင်မှာ အောင်ပွဲဆင်နိုင်ခဲ့





သလို ဆေးခန်းထဲမှာလည်း ချယ်ရီဘိုရဲ့ အပြုံစု အယုယလေးတွေကို ခံယူရင်း မိန့်မိန့်ကြီးပြုံးလို့. . .။



www.burmeseclassic.com

www.burmeseclassic.com







"ဟား. . . ဟား. . . . ဟား. . . . . ဟား . . . . "

ကိုကြွက်ညိုရဲ့ ရယ်သံက ပတ်ဝန်းကျင်ကို ပဲ့တင်ထပ်သွားတယ်။ ကိုကြွက်ဖြူကတော့ ကိုကြွက်ညို ဖြစ်နေပုံကို မျက်မှန်းကျိုးကျိုးနဲ့ ကြည့်လို့။

"အခုတော့ မင်း. . . ဆေးခန်းဝင်ခွင့် ပါပစ်ပိတ်သွားပြီ မဟုတ်လား ဖြူရ၊ မင်းဒဏ်ရာက ကျက်သွားပြီလေကွာ၊ ငါ့ဒဏ်ရာကတော့ အခုမှ အသစ်ဆိုတော့. . . ဟဲ. . . ဟဲ. . . ဟဲ. . . ချယ်ရီလေးနဲ့ တွေ့ဖို့ တံခါးမရှိခါးမရှိပဲ. . . မနေ့ကများ ချယ်ရီ့လက်ကလေးနဲ့ ငါ့ကိုပြုစုပေးလိုက်တာများ အားပါးပါး အိပ်လို့တောင်မပျော်ဘူး. . . ဟီး. . . ဟီး. . . "

"ဟွန်း. . . ဒဏ်ရာများကွာ၊ အခုလိုချင်အခုရတယ်၊ သိပ်ပြီး မာန်တက်မနေစမ်းပါနဲ့. . . "

ပြောပြီး ကိုကြွက်ဖြူက အနာကျက်နေပေမယ့် တမင်တကာ မဖြုတ်ဘဲထားထားတဲ့ ပတ်တီးကို ဆွဲဖြုတ်လိုက်တယ်။ ကိုကြွက်ညိုကတော့ မနေ့ကမှ ဒေါ်အာကျယ့်ကောင်းမှုနဲ့ရထားတဲ့ သူ့ခေါင်းက ပတ်တီးအသစ်လေးကို တယုတယပွတ် သပ်ရင်းကနေ. . .

"လုပ်လိုက်လေ. . . လုပ်လိုက်. . . လွယ်တယ်ထင်ရင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်စမ်းပါ. . . ဟားဟား. . ."

ကိုကြွက်ညိုက ပါးစပ်ကလည်းပြော လူကလည်း မတ်တပ်ရပ်နေတဲ့ ကိုကြွက်ဖြူကို ပတ်နေတယ်။

"ဒီလိုခေါင်းမှာ ပတ်တီးလေးတစ်ခုရဖို့ဆိုတာ လွယ်တယ်မှတ်လို့လား၊ ရိုက်ပေးမယ့်သူကိုလည်း စည်းရုံးတတ်ဦးမှ ရိုက်ပြီဆိုရင်လည်း အရိုက်ခံတတ်ဦးမှ. . ."

ပြောရင်း ကိုကြွက်ညိုက စကားစကို ခဏဖြတ်ထားလိုက်ကာ ကောင်းကင်ကိုမော့ကာ လူမိုက်အထာနဲ့ တဟားဟားအော်ရယ်တယ်။ ပြီးမှ ကိုကြွက်ဖြူကို ခပ်တည်တည်ကြည့်ပေးလိုက်ရင်း. . .

ဓှစ်ခနဲ ကျလာတဲ့ တုတ်ရဲ့အောက်ကို ဟောဒီလိုမျိုးခေါင်းကလေးကို ထိုးခံပေးဖို့ဆိုတာ လွယ်တယ်များထင်နေလား၊ ငါ့လို ဒီလိုမျိုး ခေါင်းကလေးထိုးခံတတ်ချင်ရင်တော့. . . မင်း. . . ဆယ်နှစ်. . . ဆယ်နှစ်. . . သွားပြီးလေ့ကျင့်လိုက်ဦး. . . ပြီးမှ ပြန်လာခဲ့. . . ဟုတ်ပြီလား. . . ဟား. . . ဟား. . . ဟား. . ."

ပြောပြီးကိုကြွက်ညိုက ခေါင်းမော့ကာ တဟားဟားအော်ရယ်ရင်း ရွာထဲဘက်ကို လျှောက်သွားတော့တယ်။ ကိုကြွက်ဖြူကတော့ နေရာမှာတင် အံ့ဩြးကျိတ်၊ လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မခံမရပ်နိုင်နဲ့ ကျန်နေခဲ့တော့တယ်။





၉

"ဒူ. . . ဒူ. . . . ဒူ. . . ."

"ဒူ. . . ဒူ. . . ဒူ. . ;"

မနက်ခင်းအစော အုံ့မောင်းခေါက်ချိန်လောက်ကြီးမှာ ထွက်ပေါ်လာတဲ့ သူကြီးအိမ်က မောင်းတီးသံကြီးကြောင့် အိပ်ပျော်နေရာကနေ တစ်ရွာလုံးနိုးလာကာ လှုပ်လှုပ်ရှားရှားနဲ့ ပွက်လောရိုက်သွားတော့တယ်။

"ဟား. . . စောစောစီးစီးကွာ. . . ဒီသူကြီးဦးနှောက်မှ. . . ကောင်းသေးရဲ့လားမသိဘူး. . ."

"အော်. . . အီး. . . အီး. . . အွတ်. . ."

အိပ်ယာထဲကနေ ကိုကြွက်ညိုရဲ့ ပွစိပွစိအပြောကို သူတို့အိမ်ခေါင်မိုးပေါ်က ကြက်ဖကြီးကလည်း တစ်ချက်တွန်ကာ ထောက်ခံရှာတယ်။ ဒါပေမယ့် သူကမထသေး။ သူ့မိဘတွေ ထလာတဲ့ အသံကြားတော့မှ အိပ်ယာက ကုန်းရုန်းထလိုက်ကာ ပြေလျော့နေတဲ့ ပုဆိုးကို ပြင်ဝတ်လိုက်ရင်း. . .



www.burmeseclassic.com

"နေ့. . နေ့. . . အမေတို့နေ၊ ကျုပ်ပဲသွားလိုက်မယ်. . . "

ဆိုပြီး အိမ်ရှေ့စဥ့်အိုးထဲက ရေနဲ့ မျက်နှာကို တစ်ချက်နှစ်ချက် ခပ်ကြမ်းကြမ်းသစ်ပစ်လိုက်ပြီး ပုဆိုးအပေါ်အနားစနဲ့ ပင်မျက်နှာကိုသုတ်ရင်း သူကြီးအိမ်ဘက်ကို ထွက်လာခဲ့လိုက်တယ်။

သူကြီးအိမ်ကိုရောက်တော့ အိမ်ရှေ့မြေကွက်လပ်မှာ ရွာသူရွာသားတွေ အတော်လေးကို စုံစုံလင်လင်ရောက်နေကြပြီ။ ဒါပေမယ့် အားလုံးလိုလိုကတော့ အိပ်မှုန်စုံမွှားမျက်နှာတွေနဲ့ပါ။ သူက တစ်ချက်သမ်းဝေလိုက်ပြီး နောက်နားမှာပဲ ဖိနပ်တစ်ဖက်ကို ဖင်ခုထိုင်လိုက်တယ်။ ဘေးနားကို တစ်ချက်ဝေ့ဝဲကြည့်လိုက်မိတော့ သူ့ရဲ့ရန်သူတော်ကြီး ကိုကြွက်ညို။ ဒါပေမယ့် ကိုကြွက်ညိုကတော့ သူ့ကိုသတိမထားမိရှာဘူး။ ဘယ်သတိထားမိပါ့မလဲ။ ငုတ်တုတ်ကြီး အိပ်ပျော်နေတာကိုး။

ကိုကြွက်ဖြူက ကိုကြွက်ညို့ နောက်စေ့ကို ခပ်ဆဆလေးတစ်ချက်ပိတ်ရိုက်ချလိုက်ပြီး မသိချင်ယောင်ဆောင်နေလိုက်တယ်။ ဒီတော့မှ ကိုကြွက်ညိုက လန့်ဖျန့်ပြီး အိပ်ပျော်နေရာကနေ နိုးလာတယ်။ ဒါပေမယ့် သူ့ကိုယ်သူတော့ ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိရှာဘူး။ ဘေးဘီဝဲယာကို ဝေ့ဝဲကြည့်လိုက်ပြီး ကိုကြွက်ဖြူကိုမြင်တော့ နှာခေါင်းတစ်ချက်ရှုံ့ပြီး အကြည့်ကို လွှဲသွားတယ်။

ဒီအခိုက်မှာပဲ သူကြီးနဲ့ သူကြီးကတော်လည်း အိမ်ထဲကနေ ထွက်လာတယ်။ သူကြီးက သာမန်ပဲဖြစ်ပေမယ့် သူကြီးကတော် ဒေါ်ချယ်ရီကတော့ ဘယ်အချိန်ကတည်းကများ ထလိမ်းထားတယ်မသိဘူး။ သနပ်ခါးတွေ အဖွေးသားနဲ့ ရှိုးစမိုးအပြည့်။ ခေါင်းမှာ လသာပန်းပွင့်ကြီး နှစ်ပွင့်တောင်ပန်ထား လိုက်သေးတယ်။





"အဟမ်း. . . "

သူကြီးဦးဘိုလေးက ချောင်းတစ်ချက်ကို ဟန်ပါပါဟန့်လိုက်တယ်။ ဒါပေမယ့် ဘယ်သူ့ဆီကမှ ဘာသံမှ ထွက်မလာဘူး။ ရွာသူရွာသားတွေ အားလုံးက တိတ်တိတ်ဆိတ်ဆိတ်နဲ့ ငုတ်တုတ်ကြီးတွေ အိပ်ပျော်နေကြတယ်။ နိုးနေတာဆိုလို့ ကိုကြွက်ဖြူတစ်ယောက်တည်းရယ်။ သူ့ဘေးနားက ကိုကြွက်ညိုလည်း စောစောက နိုးလာပေမယ့် အခုတော့ ပြန်ငိုက်နေရှာပြီ။ ဒီတော့ ကိုကြွက်ဖြူကလည်း တင်ပျဉ်ခွေထိုင်နေရာကနေ ဆောင့်ကြောင့်ပြောင်းထိုင်ကာ ဒူးနှစ်လုံးပေါ် လက်နှစ်ဖက်ကို ယှက်တင်ပြီး ပြန် အိပ်နေလိုက်တော့တယ်။

"အဟမ်း. . . အဟမ်း. . . "

သူကြီးက နောက်တစ်ခါချောင်းဟန့်ပြန်တယ်။ ဒါပေမယ့် ပရိသတ်ကတော့ တုပ်တုပ်မျှမလှုပ်။ ဒါပေမယ့် သူကြီးတို့လင်မယားက ရွာသူရွာသားတွေ ငုတ်တုတ်ကြီးတွေနဲ့ အိပ်ပျော်နေကြတာကို မသိဘူး။ အချိန်ကလည်း အုန်းမောင်းခေါက်ချိန် နံနက် သုံးနာရီလေးနာရီ လောက်ကြီးဆိုတော့ အမှောင်ကမပျယ်သေးဘူး။ ရွာသူရွာသားတွေကလည်း တစ်အိမ်တစ်ယောက်မလာရင် အလှူငွေထည့်ရမှာကြောက်လို့သာ လာကြရတာ အားလုံးက အိပ်ချင်နေကြတာဆိုတော့ သူကြီးခြံဝိုင်းထဲရောက်ရင် ပြီးရောဆိုပြီး ထွက်လာကြကာ ရောက်တော့ နေရာယူပြီး ငုတ်တုတ်ကြီးတွေ ပြန်အိပ်ပျော်ကုန်ကြတော့တာလေ။

မှောင်ကလည်း မှောင်နေသေးတာဆိုတော့ သူကြီးတို့လင်မယားကလည်း ရွာသူရွာသားတွေကို မည်းမည်းမည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငုတ်တုတ်ကြီးတွေ ထိုင်နေတာပဲသိတယ်။ အိပ်ပျော်နေကြတာကိုတော့ မသိရှာဘူး။

"အဟမ်း. . . ကျုပ်သူကြီး. . . သူကြီးကျုပ်. . . အခုလို ခင်ဗျားတို့ကို မောင်းတီးပြီးစောစောစီးစီးခေါ်လိုက်ရတာကတော့ ဒီလိုပါ. . ."

သူကြီးက စကားစကိုဖြတ်ပြီး ရွာသူရွာသားတွေကို တစ်ချက်ဝေ့ဝဲကြည့်လိုက်တယ်။ အားလုံးက ငြိမ်လို့။ ဒီတော့ သူကြီးက ရွာသူရွာသားတွေအားလုံး သူ့စကားကို စိတ်ပါဝင်စားစွာနဲ့ နားထောင်နေကြတယ်အထင်နဲ့ အားပါးတရ ပြုံးလိုက်တယ်။

"အဟမ်း. . . အစကတော့ ကျုပ်လည်း မနက်ရှစ်နာရီ ပတ်ဝန်းကျင်လောက်မှ မောင်းတီးပြီး လူစုမလို့ပါပဲခင်ဗျာ၊ ဒါပေမယ့် ခင်ဗျားတို့မှာက မနက်လင်းတာနဲ့ လယ်ထဲဆင်းကြရတာဆိုတော့ မအားကြဘူးလေ၊ အဲဒါကြောင့် အခုလို အုန်းမောင်းခေါက်ချိန်မှာ စောစောလေးခေါ်လိုက်ရတာပါ. . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . ."

ရွာသားတစ်ယောက်ဆီက ထောက်ခံသံတစ်ခုထွက်လာတယ်။ ဒါပေမယ့် တကယ်တမ်းကတော့ အဲဒီရွာသားက အိပ်မက်မက်ပြီး ထယောင်လိုက်တာပါ။

"အဟမ်း. . . အဟမ်း. . . ကျုပ်သူကြီး. . . သူကြီး ကျုပ် . . . . အခုလိုမောင်းတီးပြီး ခေါ်လိုက်ရတာကတော့ အကြောင်းက ဒီလို ရှိပါတယ်. . . အဟမ်း. . . အဟမ်း. . ."

ရွာသူရွာသားတွေရဲ့ ခေါင်းတွေက ရှေ့ဘက်ကို စိုက်စိုက်စိုက်စိုက်နဲ့ ငိုက်ငိုက်ပြီး ကျသွားကြတယ်။ ဒါကို သူကြီးဦးဘိုလေး





အထင်က သူ့စကားကို ခေါင်းညိတ်ပြကြတယ်ပေါ့လေ။

"အဟမ်း. . . အဟမ်း. . ."

သူကြီး ဦးဘိုလေးက ဘယ်နှကြိမ်မြောက်မှန်း မသိတဲ့ ချောင်းကို ဟန့်ပြန်တယ်။ ဒီတော့ သူကြီးကတော် ဒေါ်ချယ်ရီက စိတ်မရှည်တော့ဘူး။ ဒါနဲ့ တန်းလျားပေါ်မှာ ထိုင်နေရင်းကနေ ဆတ်ခနဲမတ်တပ်ထရပ်လိုက်ကာ. . .

"တော်ပါတော့ ဟာကလည်း ချောင်းဟန့်နေတာနဲ့တင် မိုးကလင်းတော့မယ်၊ ဖယ်. . . ဖယ်. . . ကျွန်မပဲပြောတော့မယ်. . ."

ဆိုပြီး သူကြီးကို တန်းလျားပေါ်မှာ ဆွဲချထိုင်စေကာ သူကြီးကတော်ဒေါ်ချယ်ရီက မည်းမည်းမည်းမည်းနဲ့ ငုတ်တုတ်ထိုင်ရင်း အိပ်ပျော်နေကြတဲ့ ရွာသူရွာသားတွေကို ဝေ့ဝဲကြည့်လိုက်ရင်း. . .

"အဟင်း. . . အဟင်း. . . (ရယ်တာမဟုတ်၊ သူကြီးကတော် ဒေါ်ချယ်ရီလည်း သူကြီးလို ချောင်းဟန့်ကြည့်လိုက်တာပါ). . . အခုလို ရွာသူရွာသားတွေကို ခေါ်ယူလိုက်ရတာကတော့ ကျွန်မတို့သမီးလေး ချယ်ရီဘို. . . ဒေါက်တာချယ်ရီဘိုပေါ့ရှင်၊ အဲ . . . အဲဒီသူ့ရဲ့ ကိစ္စကိုပြောချင်လို့ပါ. . ."

"ခရော. . . ခရော. . . ခူး. . ."

ဘယ်နားဆီကလည်း မသိဘူး။ ဟောက်သံသဲ့သဲ့ထွက်လာတယ်။ ဒါပေမယ့် သူကြီးတို့လင်မယားကတော့ မကြားကြရှာဘူး။

"ကျွန်မတို့သမီးလေး. . . ဒေါက်တာချယ်ရီဘိုက အရွယ်ရောက်လို့ အခုဆိုရင် ဆရာဝန်မကြီးတစ်ယောက်တောင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတာကို အားလုံးပဲ သိထားကြပြီးသားဖြစ်မှာပါ။ အဲဒါကြောင့် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုသလိုပဲ သူအခုသီးတော့ ပွင့်တော့ ပါတော့မယ်၊ ကျွန်မတို့ကလည်း မိဘတွေဆိုတော့ ကျွန်မတို့သမီး လေးကို မတော်တရော်တွေနဲ့ တိုးသွားမှာကို စိုးပါတယ်ရှင် . . . ဒါကိုလည်း အားလုံးပဲ နားလည်ကြမယ်လို့ထင်ပါတယ်ရှင်. . . "

တော်တော်များများရဲ့ ခေါင်းတွေက ရှေ့ဘက်ကို ငိုက်ကျသွားကြတယ်။

"အဲဒါကြောင့် ကျွန်မတို့က သမီးလေးကို အိမ်ထောင်ချပေးဖို့ စဉ်းစားကြတဲ့အခါ. . ."

သူကြီးကတော်ဒေါ်ချယ်ရီရဲ့ စကားက မဆုံးလိုက်။ သူကြီးဦးဘိုလေးက ဒေါ်ချယ်ရီကို တန်းလျားပေါ် ဆွဲချထိုင်စေကာ သူက မတ်တပ်ထရပ်လိုက်ရင်း. . .

"မင်း. . . မင်းများနေပြီ၊ ငါပြောဦးမယ်. . ."

လို့ဆိုတယ်။ ပြီးမှ ချောင်းဟန့်လိုက်ပြန်ရင်း. . .

"ဟုတ်ကဲ့. . . အဲဒီအခါမှာ ကျွန်တော်တို့ သမီးလေးက သူ့မှာ ချစ်သူရှိတဲ့အကြောင်းကို ဖွင့်ပြောလာပါတယ်၊ သူ့ချစ်သူ ကလည်း သူ့လိုပဲ မြို့မှာဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်တစ်ယောက် ပါပဲ၊ နာမည်ကတော့. . . နာမည်ကတော့. . . ဘယ်သူ. . ."

သူကြီးက ဒေါ်ချယ်ရီကို လှည့်မေးတယ်။ ဒီတော့ ဒေါ်ချယ်ရီက မေ့တတ်ရန်ကောဆိုတဲ့ လေသံမျိုးနဲ့ . . .

"ရဲရင့်မင်းအောင်သူ. . . ရဲရင့်မင်းအောင်သူ. . ."

လို့ ခပ်ကျိတ်ကျိတ်ပြန်ဖြေတယ်။

"သြော်. . . ဟုတ်ကဲ့. . . အဟမ်း. . . ရဲရင့်မင်းအောင်သူ





. . . ပါတဲ့ခင်ဗျာ၊ အဟွင်း. . . ဟွင်း. . . ဟွင်း. . . နာမည်က နည်းနည်းတော့ရှည်တယ်ခင်ဗျာ. . . အဟွင်း. . . ဟွင်း. . . ဟွင်း. . ."

ရွာသူရွာသားတွေက တုတ်တုတ်မျှမလှုပ်ကြ။ သူကြီးကတော့ သူ့ဖိုးလ်နဲ့သူ ဆက်ပြောတယ်။

"အဲဒါကြောင့်. . . အင်း. . . တိုတိုတုတ်တုတ်နဲ့ လိုရင်းကို ပြောရရင်တော့ဗျာ. . . နောက်နှစ်ရက်လောက်နေရင် ကျွန်တော်တို့ရဲ့ သမက်လောင်းလေးတို့မိသားစုက ဒီကိုလာပြီးတော့ ကျွန်တော်တို့ သမီးလေးကို လာရောက် တောင်းရမ်းကြတော့မှာပါ။ ကျွန်တော်တို့သမက်လောင်းလေးကတော့ အရင်ဆုံးကြိုလာတဲ့ အနေနဲ့ မနက်ဖြန်ရောက်လာမှာပါခင်ဗျာ. . . သူ့မှာက မိဘတွေ တော့ မရှိကြတော့ပါဘူး၊ မောင်နှမနှစ်ယောက်ပဲရှိပြီး သူ့ဦးလေး တစ်ယောက်နဲ့ အတူနေတယ်လို့သိရပါတယ်၊ သူ့ဦးလေးနဲ့ သူ့ ညီမကတော့ သဘက်ခါလောက်မှ နောက်ကလိုက်လာကြမှာ ပါခင်ဗျာ. . ."

သူကြီးစကားအဆုံး သူကြီးကတော်က သူကြီးကို ပြန် ထိုင်စေကာ သူက မတ်တပ်ရပ်လိုက်ရင်း. . .

"အဲဒါကြောင့်မို့လို့ အခုလိုရွာသူရွာသားတွေကိုခေါ်ပြီး အသိပေးရတာပါ၊ မင်္ဂလာဆောင်ကိစ္စတွေက စီစဉ်စရာတွေ အများ ကြီးမဟုတ်လား၊ အဲဒါကြောင့် ဝိုင်းဝန်းလုပ်ကိုင်ပေးကြဖို့ ပါရှင်. . . အဲဒါလေးပြောချင်လို့ပါ. . ."

ရွာသူရွာသားတွေက ငြိမ်မြဲငြိမ်လို့။ ဒီတော့ သူကြီး ကတော်က ဇဝေဇဝါဖြစ်သွားတယ်။ ပြီးမှ တစ်ခုခုကို တွေးမိပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ကာ. . .

"အော် . . . အဟော် . . . ဟော် . . . ဟော် . . . ရွာသူရွာသားတွေက ကျွန်မတို့သမီးလေး အိမ်ထောင်ပြုတော့မယ်ဆိုတော့ အိမ်ထောင်ပြုပြီးရင် ဒီကဆေးခန်းကိုပိတ်ပြီး မြို့ကိုလိုက်သွားတော့မှာပဲဆိုပြီး ဝမ်းနည်းနေကြတာထင်တယ်. . ."

အားလုံးရဲ့ ခေါင်းတွေက ရှေ့ဘက်ကို ငိုက်စိုက် ငိုက်စိုက်နဲ့ဆိုတော့ သူကြီးကတော် ဒေါ်ချယ်ရီရဲ့စကားကို တညီတညွတ်တည်း ခေါင်းညိတ်ထောက်ခံနေတဲ့အလား။

"အဟင်း. . . ဟင်း. . . ကျွန်မထင်တာမှန်နေသားပဲ၊ ဝမ်းမနည်းကြပါနဲ့ရှင်၊ အဲဒီကိစ္စကိုတော့ လုံးဝမပူကြပါနဲ့၊ ကျွန်မတို့သမီးလေးက မြို့ကိုလိုက်မသွားတဲ့အပြင် ကျွန်မတို့ရဲ့သမက်ဆရာဝန်လေးကပါ ဒီမှာပဲအတူလာနေမှာဆိုတော့ ကျွန်မတို့ ရွာမှာဆရာဝန်နောက်တစ်ယောက်တောင် ထပ်ပြီးတိုးလာတော့မှာရှင့်. . . ဝမ်းသာစရာမကောင်းဘူးလားနော်. . ."

ဘာသံမှ ထွက်မလာ။ အားလုံးက ငိုက်စိုက်ငိုက်စိုက်နဲ့။ ဒီတော့ သူကြီးကတော်ဒေါ်ချယ်ရီက ကြောင်တောင်တောင်ဇဝေဇဝါဟန်နဲ့ အသာပြန်ထိုင်သွားတယ်။ သူကြီးကတော့စိတ်ထဲမှာလည်း တစ်ခုခုတော့လွဲနေပြီဆိုတာကို တွေးမိသွားတယ်။ ဒါပေမယ့် သူကြီးဦးဘိုလေးကတော့ ဘာကိုမှ မတွေးမိဘူး။ သူကြီးကတော် ပြန်ထိုင်သွားတာနဲ့ သူကမတ်တပ်ထရပ်လိုက်ပြီး မရေတွက်နိုင်တော့တဲ့ ချောင်းကိုဟန့်လိုက်ပြန်ကာ. . .

"ဟုတ်ကဲ့. . . အားလုံးပဲ. . . အခုလို စောစောစီးစီးအချိန်ကြီးမှာ လာပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်. . .





အားလုံးပဲ မိုးလင်းရင် လယ်ထဲယာထဲဆင်းကြရဦးမှာဆိုတော့ ပြန်နိုင်ကြပါပြီခင်ဗျာ. . . ပြန်နိုင်ကြပါပြီ. . ."

ပြောပြီးသူကြီးက သူကြီးကတော်ဒေါ်ချယ်ရီဘေး တန်းလျားပေါ်မှာ ဝင်ထိုင်ချလိုက်တယ်။ ဒါပေမယ့် ရွာသူရွာသား တွေက တစ်ယောက်မှ ထမပြန်ကြ။ ထမပြန်တဲ့အပြင် တုတ်တုတ်မှတောင် မလှုပ်။

"အားလုံးပဲ ပြန်နိုင်ပါပြီခင်ဗျာ. . . ပြန်နိုင်ပါပြီ. . ."

သူကြီးက ထပ်အော်ပြောပြန်တယ်။ ဒါပေမယ့် တစ်ယောက်မှ မလှုပ်။

"ပြန်လို့ရပြီခင်ဗျာ. . . ပြန်လို့ရပြီ. . ."

"ခရော. . . ခရော. . . ခရော. . ."

"ဟာ. . . ပြန်လို့ရပါပြီဆို. . . ပြန်ကြတော့လေ. . ."

"ခလူး. . . ခလူး. . ."

"ပြန်လို့ရပြီဗျို့. . . ပြန်လို့ရပြီ. . ."

သူကြီးအသံက တော်တော်ကို ကျယ်လာတယ်။ ဒါပေမယ့် ဘယ်သူကမှမလှုပ်ကြတော့ ဒေါ်ချယ်ရီက ယောကျ်ား ဖြစ်သူကို အသာလက်ကုတ်ရင်း. . .

"တစ်ခုခုတော့လွဲနေပြီတော့်. . . ဘာလဲတော့မသိဘူး၊ ငြိမ်နေလိုက်ကြတာ၊ တရားထိုင်နေကြသလားအောက်မေ့ရတယ်. . ."

"ပြန်ကြတော့လေဗျာ. . . ပြန်ကြတော့လို့ ပြောနေတယ်. . ."

သူကြီးက ငယ်သံပါတဲ့အထိအော်ပြောတယ်။ ဒါပေမယ့် တစ်ယောက်မှမလှုပ်ကြ။ ဒါနဲ့ သူကြီးနဲ့ သူကြီးကတော်က



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားတွေအနားကို အသာတိုးကပ်သွားပြီး ကြည့်လိုက်မိတဲ့အခါမှာတော့. . .

"ကိုဘိုလေး. . အကုန်လုံးက အိပ်ပျော်နေကြတာတော်၊ ဟောက်တောင်ဟောက်နေကြသေးတယ်. . ."

"အောင်မလေးဗျာ. . . ငါတို့မှာတော့ နားထောင်နေတယ်အမှတ်နဲ့ ပြောလိုက်ရတာ အမြုပ်တောင်ထွက်ကယ်၊ ဒင်းတို့ကတော့ အကုန်အိပ်လို့၊ တွေ့မယ်. . . တွေ့မယ်. . . ဟွန်း. . ."

ပြောပြီးသူကြီးက သူ့ရဲ့မောင်းကြီးကို သွားယူကာ ရွာသူရွာသားတွေရဲ့ အနားပြန်ရောက်တာနဲ့ အားကုန်ထုတ်ပြီး မောင်းကွဲမတတ်တီးတော့တယ်။

"ဒူ. . . ဒူ. . . ဒူ. . ."

"ဒူ. . . ဒူ. . . ဒူ. . ."

"အောင်မလေး . . ."

"ဟဲ့. . . ပလုတ်တုတ်. . ."

"ဟာ. . . ဘာလဲ. . . ဘာလဲ. . ."

"ဟဲ့. . . အဖေ. . . အဖေ. . ."

စသဖြင့် တစ်ယောက်တစ်မျိုးယောင်ကာ လန့်ဖျန့်ပြီး နိုးလာကြတယ်။ သူကြီးကလည်း မောင်းကြီးကို အဆက်မပြတ် နားကွဲမတတ်တီးတယ်။

ငပြူးရဲ့မိန်းမ မိကောက်က ရုတ်တရက်လန့်ဖျန့်ပြီး ထရပ်လိုက်လို့ လျှောကျသွားတဲ့ ထမီကို အချိန်မီဆွဲဖမ်းထား လိုက်ရင်း အနားမှာရပ်နေတဲ့ သူကြီးကတော်ဒေါ်ချယ်ရီကို. . .





"ဟင်. . . သူကြီးကတော်. . . အစည်းဝေးက ပြီးသွားပြီပေါ့၊ ဟုတ်လား. . . အဟင်း. . . ဟင်း. . . အိပ်ပျော်သွားတာနဲ့ ဘာမှတောင် မသိလိုက်ဘူး၊ သူကြီးဘာတွေပြောသွားတာလဲ ဟင်. . ."

လို့မေးတယ်။ ဒါကိုကြားသွားတဲ့ သူကြီးက ဒေါသပိုထွက်သွားကာ. . .

"ဘာပြောတာလဲဆိုတော့ ငါ့သမီးကိုလင်ပေးစားမလို့ ဟေ့ . . . သိပြီလား. . ."

ဆိုပြီး လက်ထဲမှာတီးနေတဲ့မောင်းကြီးကို မြေကြီးပေါ် "ဒေါင်"ခနဲပစ်ချလိုက်ကာ အနီးအနားမှာတွေ့တဲ့ ဝါးရင်းတုတ်တစ်ချောင်းကို ကောက်ပြီး မည်းမည်းမြင်သမျှ အကုန်လိုက်ပြီး သိမ်းကျုံးရိုက်တော့တာပဲ။

"ဖြောင်း. . ."

"အောင်မလေး. . . ဆော်တယ်တော့. . ."

"ဖြောင်း. . ဖြောင်း. . ."

"ဟ. . . ဟ. . . ရိုက်တယ်ဟ. . . ရိုက်တယ်ဟ. . . ပြေးကြ. . . ပြေးကြ. . ."

"ဖြောင်း. . ."

"အီး. . ."

"ဖြောင်း. . ."

"အိုး. . ."

အကုန်လုံး အော်ကြဟစ်ကြ၊ ပြေးကြလွှားကြ၊ တိုးကြကြိတ်ကြနဲ့ လဲတဲ့သူလဲ၊ ကွဲတဲ့သူကွဲပြီး ဆူညံပွက်လောရိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ သူကြီးကတော်ကိုတောင် သူကြီးဦးဘိုလေးက လူလွဲပြီး တစ်ချက်ဆော်ပစ်လို့ သူကြီးကတော်ခင်ဗျာ အိမ်ထဲဝင်ပြေးရတယ်။

နောက်ဆုံးတော့ သူကြီးဦးဘိုလေးတစ်ယောက်ပဲ မြေကြီးပေါ်မှာ လျှာထွက်ပြီး ပက်လက်လန်ကျန်ခဲ့တယ်။ ခြံဝန်းထဲမှာတော့ ဖုန်တွေ တထောင်းထောင်းထလို့. . . ။





"သူကြီးရက်စက်တယ်ဗျာ. . . သူကြီးရက်စက်တယ်. . . သူကြီးကတော်လည်း ရက်စက်တယ်. . . အကုန်လုံးရက်စက်တယ်"

အိမ်ရှေ့ဆီကနေ လော်စပီကာနဲ့ အော်လိုက်တဲ့ အသံကြီးကြောင့် သူကြီးဦးဘိုလေးနဲ့ သူကြီးကတော် ဒေါ်ချယ်ရီတို့ နှစ်ယောက် လန့်ဖျန့်သွားကြတယ်။ ဒါနဲ့ သူကြီးတို့လင်မယားက အိမ်အပေါ်ထပ်ပြတင်းပေါက်ကိုဖွင့်ကာ အိမ်ရှေ့လမ်းမဘက်ကို လှမ်းကြည့်လိုက်မိတဲ့အခါမှာတော့. . .

"သူကြီးရက်စက်တယ်. . . ကျုပ်ကိုခံစားရအောင်လုပ်တယ်. . .၊ သူကြီးကတော်လည်း ရက်စက်တယ်၊ ချယ်ရီလေးလည်း ရက်စက်တယ်. . . အကုန်ရက်စက်တယ်ဗျာ. . ."

ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူတို့နှစ်ယောက်က စက်ဘီးတစ်စီးပေါ်မှာ အသံချဲ့စက်နဲ့ လော်စပီကာကိုတင်ပြီး သူကြီးတို့အိမ်ဘက်ကိုလှည့်ကာ အော်နေကြတာ။

"သူကြီးရယ်. . . ချယ်ရီလေးကို ဘာလို့များ မြို့သားနဲ့ သဘောတူလိုက်ရတာလဲ၊ တကယ်ဆို ကျုပ်လိုတစ်ရွာတည်းသားလည်းဖြစ်၊ အတွင်းသိအဆင်းသိလည်းဖြစ်၊ ချယ်ရီလေးကိုလည်း သိပ်ချစ်ပြနိုင်မယ့်လူမျိုးနဲ့ ပေးစားသင့်တာဗျာ. . . အခုတော့ အခုတော့. . . ဟား. . . ကျုပ်ရင်တွေနာလိုက်တာဗျာ. . . ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေ နာလိုက်တာ. . . ”

ကိုကြွက်ညို့ရဲ့ ဆို့ဆို့နင့်နင့်အော်သံကြီးအဆုံးမှာ ကိုကြွက်ဖြူက. . .

“ဟေ့ကောင်. . . ငါလည်းပြောဦးမယ်. . . ဒီမိုက်နဲ့ အသံခဲ့စက်ကို ငှားလာတာ ငါလည်းတစ်ဝက်ပါတယ်. . . ”

ဆိုပြီး ကိုကြွက်ညို့လက်ထဲက မိုက်ကို လုယူလိုက်တယ်။ ပြီးတော့ အိမ်အပေါ်ထပ်ပြတင်းပေါက်မှာ ရပ်ကာကြည့်နေတဲ့ သူကြီးတို့လင်မယားကို လှမ်းမော့ကြည့်လိုက်ကာ. . .

“သူကြီး. . . သူကြီးကတော်. . . ဒီမှာကြည့်ပါဦး. . . ဒီကို သေချာကြည့်လိုက်ကြစမ်းပါဦး၊ ဒီမှာ ကျုပ်ကြွက်ဖြူအသည်းကွဲနေပြီဗျာ့၊ ဟောဒီက ကျုပ်ကြွက်ဖြူရဲ့ အသည်းနှလုံး နုနုထွတ်ထွတ်လေး ကွဲနေပြီဗျာ့သိရဲ့လား၊ အဲဒါ. . . သူကြီးတို့လင်မယားကြောင့် သူကြီးတို့လင်မယားကြောင့်ဗျာ့. . . အဟင့်. . . ဟင့်. . . ”

ကိုကြွက်ဖြူပြောရင်းနဲ့ စိတ်မထိန်းနိုင်တော့သလိုဟန်နဲ့ တစ်ချက်နှစ်ချက်ရှိုက်လိုက်ကာ နှပ်ချေးကို ရှိုးခနဲညှစ်လိုက်တယ်။ ဒီအခိုက်မှာပဲ ကိုကြွက်ညိုက ကိုကြွက်ဖြူ့လက်ထဲက မိုက်ကို လုယူလိုက်ပြန်ကာ. . .

“ချယ်ရီရေ. . . ချယ်ရီလေးရေ. . . ကိုညို့ကို မသနားတော့ဘူးလားဟင်. . . ကိုညို့ကို မသနားတော့ဘူးလား. . . ချယ်ရီလေးသာ အခြားတစ်ယောက်နဲ့ အိမ်ထောင်ပြုသွားရင် ကိုညို့ဘဝကြီးက ဘာအဓိပ္ပာယ်ရှိတော့မှာလဲချယ်ရီရဲ့. . . မြို့သားကို မယူပါနဲ့ကွာ၊ ဟောဒီက ကိုညိုရဲ့ ရင်ခွင်ထဲကိုပဲ ခြေစုံပစ်ပြီး ဝင်ခဲ့စမ်းပါ ချယ်ရီရယ်. . . ချယ်ရီတစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာပါ





ချယ်ရီရဲ့. . . ချယ်ရီလေးရေ. . . ချယ်ရီလေး. . . ”

ချယ်ရီဘိုလည်း ဆေးခန်းထဲမှာပဲ ထိုင်မနေနိုင်တော့ဘူး။ ဆေးခန်းထဲကထွက်ကာ အိမ်အပေါ်ထပ်ကိုပြေးတက်ပြီး သူ့မိဘတွေနဲ့အတူ ပြတင်းပေါက်ကနေ လမ်းမဘက်ကိုလှမ်း ကြည့်လိုက်ရင်း. . .

“အဖေ. . . ကိုကြွက်တို့ကို မတားတော့ဘူးလား၊ ဟိုမှာ တစ်ရွာလုံးလိုလို ထွက်ကြည့်နေကြပြီ. . . ရှက်ဖို့ကောင်းလိုက်တာ၊ တားစမ်းပါဦးအဖေရဲ့. . . ”

လို့ပြောတယ်။ အောက်ကတော့ အရှိန်ကောင်းတုန်းပဲ။ ကိုကြွက်ဖြူက မိုက်ကို လုယူလိုက်ပြန်ရင်း. . .

“ကိုဖြူ့ဘဝထဲကိုပဲ ဝင်ခဲ့ပါချယ်ရီလေးရယ်. . . တစ်ရွာသားကို မယုံစမ်းပါနဲ့ကွာ၊ သီချင်းတောင်ရှိသေးတာပဲ ချယ်ရီလေးရဲ့. . . တစ်ရွာသားကိုရည်းစားလုပ်ရင် လွမ်းရတတ်တယ်ဆိုတာလေ၊ ကိုဖြူက ချယ်ရီလေးကို သိပ်ချစ်တာချယ်ရီရဲ့၊ ကိုဖြူ့ကိုလက်ထပ်ရင် ချယ်ရီကို ကိုဖြူက ခြေမွေးမီးမလောင် လက်မွေးမီးမလောင်. . . အို. . . ဘယ်အမွေးမှ မီးမလောင်အောင် ထားမှာပါချယ်ရီလေးရယ်. . . သူကြီး. . . သူကြီးကတော်. . . ခင်ဗျားတို့ ရက်စက်လိုက်တာဗျာ၊ ဘာလို့ချယ်ရီလေးကို တစ်ပြည်တစ်ရွာသားရဲ့ လက်ထဲကို ထည့်ရတာလဲဗျာ၊ တကယ်ဆို ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တဲ့အနေနဲ့ ကျုပ်လိုလူနဲ့ပဲပေးစားသင့်တာ မဟုတ်ဘူးလားဗျာ့. . . အခုတော့ဗျာ. . . အခုတော့. . . ခင်ဗျားတို့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလားဗျာ့. . . ”

ကိုကြွက်ဖြူရဲ့စကားအဆုံး သူကြီးဦးဘိုလေးက အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကနေ လက်သီးလက်မောင်းတန်းပြီး. . .

"ဟေ့ကောင်တွေ. . . မင်းတို့ရှူးနေကြလား. . . ဟမ်. . . ထိပ်တုံးစာမိချင်လို့လား. . . ပြန်ကြ. . အခုပြန်စမ်း. . ."

လို့ လှမ်းအော်တယ်။ ဒါပေမယ့် ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့နှစ်ယောက်ကတော့ သူကြီးအော်တာကို အရေးမစိုက်ဘူး။ သူတို့ပြောချင်တာကိုပဲ ဆက်အော်တယ်။ ဒီတစ်ခါ အော်ဖို့အလှည့်ကျတာက ကိုကြွက်ညိုအလှည့်။ သူတို့က ပြေးဆီကနေ လော်စပီကာနဲ့ အသံချဲ့စက်ကို တစ်ယောက်တစ်ဝက်စိုက်ပြီး ငှားလာကြတာလေ။ အစကတော့ သူတို့နှစ်ယောက်စလုံးက တစ်ယောက်တည်းစီငှားဖို့ ပြေးဆီသွားကြတာပါ။ ဒါပေမယ့် နှစ်ယောက်စလုံးက အကြုံတူပြီး ဟိုမှာသွားဆုံနေတော့ သူငှားမယ်၊ ငါငှားမယ်နဲ့ လုကြယက်ကြရင်း နောက်ဆုံးတော့ ငှားခကို တစ်ယောက်တစ်ဝက်ပေးပြီး မိုက်ကို တစ်ယောက်တစ် လှည့်ပြောမယ်ဆိုကာ အခုလို သူကြီးတို့အိမ်ရှေ့ကို ရောက်လာခဲ့ကြတာ။

"ချယ်ရီလေးရေ. . . ကိုညို့ကို ဒီအတိုင်းပဲပစ်ထားတော့မှာလား ချယ်ရီလေးရဲ့၊ ချယ်ရီလေးနဲ့သာဝေးရရင် ကိုညိုသေလိမ့်မယ်ချယ်ရီလေးရဲ့၊ ကိုညို့ရင်ဘတ်ထဲက ရောဂါက ချယ်ရီလေးကုပေးမှ ပျောက်မှာချယ်ရီလေးရဲ့၊ ကိုညို့ကို သနားပါ ချယ်ရီလေးရယ်. . .၊ ကိုညို့အချစ်ကိုပဲ လက်ခံလိုက်ပါနော်. . . နော်. . ."

ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူက အောက်ဘက်ကအော်လေလေ၊ အိမ်ပေါ်က ချယ်ရီဘိုက နေမထိထိုင်မသာဖြစ်လေလေပင်။ တစ်ရွာလုံးလိုလိုက ပွဲတော်ကြီးလိုလာကြည့်နေကြတာဆိုတော့





ရှက်လွန်းလို့ ချယ်ရီဘို့မျက်နှာက နီရဲနေတယ်။

"ဟေ့ကောင်တွေ. . . မင်းတို့ကို ပြန်တော့လို့ပြောနေ တာနားမပါဘူးလား. . . ဟမ်. . . ငါဆင်းလာရင် မင်းတို့နှစ်ယောက်စလုံး နာမယ်နော်. . ."

သူကြီးဦးဘိုလေးခင်ဗျာ မနက်အစောပိုင်းကလည်း ရွာသူရွာသားတွေကို ဒေါသထွက်ပြီးလိုက်ရိုက်ရင်းက အမောဆို့ကာ လျှာထွက် ပက်လက်လန်ရပြီးပြီ။ အခုနေ့လည်ပိုင်းရောက်တော့လည်း လျှာထွက်ကိန်းဆိုက်လောက်အောင် အော်နေရပြန်ပြီ။

အောက်ကနှစ်ယောက်ကတော့ မိုက်ခဲလို့ကောင်းနေကြတုန်းပင်။

"သူကြီးလည်း ရက်စက်တယ်. . . သူကြီးကတော်လည်း လုပ်ရက်တယ်. . . ချယ်ရီလေးလည်း အကြင်နာတရားကင်းမဲ့တယ်၊ ကျုပ်ကို ခံစားရအောင်လုပ်ကြတယ်၊ ကျုပ်မှာတော့ ချယ်ရီလေးနဲ့ပတ်သက်ပြီး အိပ်မက်တွေအကြီးကြီးမက်လိုက်ရတာ၊ အခုများကျတော့ ခဲလေသမျှ သဲရေကျဖြစ်ရပြီ၊ ရက်စက်လိုက်ကြတာဗျာ. . . ရက်စက်လိုက်ကြတာဗျာ. . ."

သူကြီးဦးဘိုလေး သည်းမခံနိုင်တော့ဘူး။ သူ့ပြောစကားကို အရေးမလုပ်ဘဲ ဆက်အော်နေတဲ့ ကြွက်နှစ်ကောင်ကို အမုန်းကြိတ်ချင်စိတ်တွေပေါက်လာတယ်။ ဒါနဲ့ အခန်းထဲက ခေါင်းရင်းမှာချိတ်ထားတဲ့ လေးခွ(ဂွ)ကိုသွားဖြုတ်လာခဲ့လိုက်ကာ လေးဂွနဲ့ ဆော်ဖို့လုပ်တယ်။

"ကိုဘိုလေး. . . တော်လျှောက်မလုပ်နဲ့နော်၊ သူတို့ရဲ့ ဘေးမှာက လူတွေအများကြီးနဲ့တော့. . . တော်ကြာတစ်ခြားသူ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုမှန်ကုန်လိမ့်မယ်. . ."

"အိုကွာ. . . ငါ့လက်ဆကိုမင်း သိရဲ့သားနဲ့. . ."

"သိတယ်တော်ရေ. . . သိတယ်. . . သိလို့ပဲ တခြားသူတွေကိုမှန်ကုန်မှာ သေချာသလောက်ဖြစ်နေလို့ တားနေရတာ. . ."

"အိုကွာ. . . မင်းကလဲ. . . ငါ့ကိုများအထင်သေးလိုက်တာ. . ကြည့်နေ. . . အဲဒီကောင်တွေရဲ့ နဖူးတည့်တည့်ကို မှန်အောင် ငါပစ်ပြမယ်. . ."

ပြောပြီး သူကြီးဦးဘိုလေးက အသင့်ယူလာတဲ့ လောက်စာလုံးခွက်ထဲကနေ ကြီးပေ့ဆိုတဲ့ လောက်စလုံးတစ်လုံးကို ရွေးယူလိုက်တယ်။ အောက်မှာ အော်ဖို့အလှည့်ကျနေတာက ကိုကြွက်ဖြူ။

"ချယ်ရီလေးရယ်. . . ချယ်ရီလေးရဲ့ မြို့ကြီးသားက ချယ်ရီလေးကို ဘယ်လောက်များ ချစ်ပြနိုင်မှာမို့လို့လဲ၊ ချယ်ရီလေးအပေါ်ကို ကိုယ့်လောက်ချစ်ပြနိုင်မယ့်သူ ဒီကမ္ဘာမှာ နောက်တစ်ယောက်မရှိနိုင်"

ကိုကြွက်ဖြူရဲ့ စကားတောင်မဆုံးလိုက်သေး။ သူကြီးဦးဘိုလေး ပစ်လွှတ်လိုက်တဲ့ လောက်စာလုံးက လော်စပီကာကြီးကို လာမှန်တယ်။

"ဒေါင်. . ."

"ဟား. . . ဆော်ပြီဟ. . . သူကြီးဆော်ပြန်ပြီဟ. . ."

"ဝေးဝေးမှာ ရှောင်ကြဟေ့. . . သူကြီးဆော်ပြီ. . . သူကြီးလေးဂွနဲ့ ဆော်နေပြီ. . ."

စောစောက ကြွက်နှစ်ကောင်နဲ့ နီးနီးကပ်ကပ်နေနေ





ကာ စပ်စုနေကြတဲ့ လူအုပ်ကြီးက သူကြီးလည်းလေးဂွနဲ့ လှမ်းဆော်ရော အလျှိုအလျှိုနဲ့ ခပ်လှမ်းလှမ်းကိုရောက်သွားကြတယ်။

ဒါပေမယ့် ကြွက်နှစ်ကောင်ကတော့ မိုက်ကရိုဖုန်းကို တစ်ယောက်တစ်လှည့်ကိုင်ရင်း အတွင်းကြေဝေဒနာတွေကို လှစ်ဟပြနေကြတုန်းပင်။

"သူကြီး. . . သူကြီးဆုံးဖြတ်ချက်ကို ပြင်လိုက်ပါသူကြီးရာ၊ တစ်ရွာတည်းသား ကျုပ်နဲ့ပဲ ချယ်ရီလေးကို ပေးစားလိုက်စမ်းပါ. . . ချယ်ရီရေ. . . ချယ်ရီ. . ."

သူကြီးဦးဘိုလေး လုံးဝကိုသည်းမခံနိုင်တော့ဘူး။ အော်ပြောလို့လဲမရ။ လေးဂွနဲ့ခြောက်တော့လည်း မကြောက်ဆိုတော့ တော်တော်ကို အတင့်ရဲနေကြဖြီ။

ပြီးတော့ ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူတို့အော်နေတာက "ချယ်ရီ"၊ "ချယ်ရီ"နဲ့ပဲ အော်နေတာဆိုတော့ သမီးတင်မကပဲ မအေကိုပါ ထိနေတော့တာလေ။ ဒါကိုတွေးမိတော့ သူကြီးဦးဘိုလေး ဒေါသက အထိန်းအထိပ်ကို ရောက်သွားတော့တယ်။

"ဒီကောင်တွေတော့. . . နာပြီသာမှတ်တော့. . ."

ဆိုပြီး ထရံမှာချိတ်ထားတဲ့ ငှက်ကြီးတောင်ဓါးကို ဆွဲဖြုတ်ကာ အောက်ကို တဒုန်းဒုန်းပြေးဆင်းသွားတော့တယ်။ ပြီးတော့ အောက်ရောက်ပြီဆိုတာနဲ့ ငှက်ကြီးတောင်ဓါးကို မြှောက်ကာ ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူတို့ဆီကို တပဟုန်ထိုးပြေးဝင်သွား တော့တယ်။

ဒီတော့မှ ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုလည်း အသံချဲ့စက် တို့၊ မိုက်တို့၊ လော်စပီကာတို့ကို ပစ်ချကာ ခွေးပြေးဝက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ပြေးကြတော့တယ်။ သူကြီးဦးဘိုလေးကလည်း ပုဆိုးကျွတ်နေတာတောင် ပြန်မဝတ်ဘဲ လက်တစ်ဖက်က စုကိုင်ထားလိုက်ကာ ကြွက်နှစ်ကောင်နောက်ကို သည်းကြီးမည်းကြီးလိုက်တယ်။

ရွာလမ်းတလျှောက်ကတော့ ထုံးစံအတိုင်း ဖုန်တထောင်းထောင်းထလို့. . . ။






စကားတစ်ခွန်းရှိတယ် ...

ကိုယ်ရှန်သူရဲ့ ရှန်သူတာ ...


ကိုယ့်အတွက်တော့ မိတ်ဆွေတဲ့





www.burmeseclassic.com

www.burmeseclassic.com







ရဲရင့်မင်းအောင်သူဆိုတဲ့ မမြင်ဖူးသေးတဲ့ မြို့သားကို ဘုံရန်သူအဖြစ် သတ်မှတ်လိုက်တဲ့ ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုဟာ အခုတော့လည်း ယာယီမိတ်ဆွေဖြစ်သွားကြတယ်။ လောကရဲ့ သဘာဝကိုကလည်း အသည်းကွဲသမားအချင်းချင်းဆို တည့်တယ်လေ။

ထန်းရည်တစ်မြူလုံးကို တဂွတ်ဂွတ်မော့သောက်နေရင်းကနေ မောလာမှ ဝါးကပ်ပေါ် ဆောင့်ချလိုက်ကာ ကိုကြွက် ဖြူက ဝမ်းနည်းသံကြီးနဲ့ဆိုတယ်။

"မင်းပဲစဉ်းစားကြည့်စမ်းပါ. . . သယ်ချင်းရာ၊ ဒီပန်းသွင်းကြီးရွာမှာ ငါတစ်ယောက်လုံးရှိနေရဲ့သားနဲ့ သူကြီးတို့က သူတို့လည်း တစ်ခါမှ မမြင်ဖူးတဲ့ မြို့ကကောင်ကို သမက်အဖြစ်လက် ခံတယ်တဲ့၊ ဒါဖြစ်သင့်လို့လားကွာ. . . မင်းပြောကြည့်စမ်းပါ. . . "

ဆိုတော့ ကိုကြွက်ညိုကလည်း လယ်ကြွက်ကြော် (အင်း. . . . ကြွက်တွေတော့ ရှုပ်ကုန်ပြီ) တစ်ဖတ်ကို ကောက်ဝါးလိုက်ရင်းကနေ. . .

"မဖြစ်သင့်ဘူး၊ မဖြစ်သင့်ဘူး၊ လုံးဝကိုမဖြစ်သင့်ဘူး၊ ဒီရွာမှာငါတစ်ယောက်လုံးရှိနေတာကို သူကြီးတို့က မအေကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လွှင်မိုးတော်ကိုလွှမ်းချင်နေတာ. . . "

"ဟေ့ကောင်. . . ခွေးတော်ပါကွ၊ ဘယ်က လွှင်မိုး တော်လဲ. . . "

"ဩော်. . . အေး၊ မင်းသားချင်း မှားသွားလို့၊ အဲဒီ ကောင်ကို အမှတ်ပိုပေးပြီး သဘောကျနေတာ၊ ငါခံစားလို့ကို မရဘူးသယ်ချင်းရာ. . . ငါ့ရင်ဘတ်ထဲမှာ စုတ်ပြတ်သတ်နေပြီကွ၊ သိလား. . . "

"ငါလည်း အဲဒီလိုပါပဲကွာ၊ ဟိုကောင်မလေး ချယ်ရီကလည်း တော်တော်ကိုနန့်တယ်၊ မြို့ကိုပညာသွားသင်တာ ပညာပဲသင်ခဲ့ပါလား၊ ဘာလို့ရည်းစားပါထားလာရတာလဲ. . . တော်တော်နန့်ကြောဆွဲတဲ့ဟာမလေး. . . အခုတော့ သူ့ကိုချစ်မိတာ ငါ့ရင်ဘတ်ကြီး ပြုန်းပြုန်းကွဲရပြီ. . . အေ့. . . "

နှစ်ယောက်သား ထန်းရည်လေးသောက်လိုက် ကြွက်ကြော်လေးဝါးလိုက်နဲ့ ရင်ကွဲနာကျနေကြတာလေ။ လေပေးတွေကလည်း ဖြောင့်လို့။

"ဟုတ်ပါ့. . . တော်တော့်ကို ကမြင်းကြောထတဲ့ ဟာမလေး၊ ငါ့မှာတော့ သူနဲ့ပတ်သက်ပြီး အိပ်မက်တွေ အကြီးကြီးပဲမက်ထားလိုက်ရတာ၊ အခုတော့ ငါ့မှာ အိပ်မက်ကောင်းတုန်းသေးပေါက်ထရသလိုပဲ. . . အဲဒီအိပ်မက်လေးကို ပြန်မက်လို့မရတော့ဘူးကွ. . . အေ့. . . အစ်. . . အစ်. . . "

ကိုကြွက်ညိုရဲ့ စကားအဆုံး ကိုကြွက်ဖြူက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ကာ. . .

"မကျေနပ်ဘူးကွာ၊ လုံးဝကို မကျေနပ်ဘူး ဒင်းတို့ ပွဲကိုဖျက်ရမှကို ကျေနပ်မယ်. . . "





"ဟုတ်တယ်. . . ငါလည်းဖျက်မယ်. . . အဲဒီတော့ မင်းအကြံထုတ်. . . မင်းက မကောင်းတာလုပ်နေကျကောင်ဆိုတော့ ဒီလိုမကောင်းတဲ့ အကြံအစည်မျိုးဆို မင်းခေါင်းကထွက်တတ်တယ်. . . "

"အောင်မာမာ. . . ကြွက်ညို၊ မင်းဘာစကားပြောတာလဲ၊ မဟာမိတ် အချင်းချင်းမိတ်ပျက်သွားချင်လို့လား၊ မင်းလည်း ဒီလိုယုတ်ပက်တဲ့ အကြံအစည်မျိုးဆို ထွက်ပါတယ်ကွာ. . . "

"အေးပါ. . . ကြွက်ဖြူရာ. . . ငါစကားပြောလောသွားလို့ပါ. . . မင်းကလည်း စိတ်ချည်းပဲ၊ အခုငါ့ခေါင်းတွေက ထူပူပြီးတော့ဘာမှ စဉ်းစားလို့မရဘူးကွ၊ အဲဒါကြောင့် မင်းကို စဉ်းစားခိုင်းတာ. . . "

ကိုကြွက်ညိုက လေးတေးလေးတေးနဲ့ ခေါင်းကိုညိတ်လိုက်ရင်း. . .

"အေး. . . အဲဒီလိုပြေရာပြေကြောင်းပြောစမ်းပါ. . . မင်းကလဲ၊ ဒီလိုဆိုရင် ငါက ဇွဲမယူပါဘူးကွ၊ ဒါဆို ငါကဇာတ်ညွှန်းခွဲမယ်၊ မင်းကငါနဲ့အတူလိုက်က. . . ဟုတ်ပြီလား. . . "

"အေး. . . ဟုတ်ပြီ၊ ငါကဘာလုပ်ရမှာလဲ. . . ပြော. . . "

ဆိုတော့ ကိုကြွက်ဖြူက ငိုက်စိုက်ငိုက်စိုက်နဲ့ စဉ်းစားတယ်။ ခဏကြာတော့. . .

"ငါအကြံရပြီ. . . ငါအကြံရပြီကွ၊ မနက်ဖြန်ဆို. . . အေ့. . . ဟိုကောင် မြို့သားလာတော့မှာလေ၊ ကားလမ်းဘေးကိုသွားကြိုရမှာက ပြေူးရဲ့လှည်းလို့ ငါကြားတယ်. . . "

ကိုကြွက်ဖြူရဲ့စကားအဆုံး ကိုကြွက်ညိုက ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခါတာခါတာနဲ့. . .

"ဟုတ်တယ်လေ. . . အဲဒါငါလည်း သိပြီးသားပဲဟာ. . . အဲဒါကိုကျော်လိုက်. . . ကျန်တာကိုဆက်ပြော. . ."

လို့ဆိုတယ်။ ဒီတော့ ကိုကြွက်ဖြူက သဘောတကျ ပြုံးလိုက်ရင်း. . .

"ငါတို့လုပ်ရမှာက အဲဒီကောင်ကို ပြန်ပေးဆွဲဖို့ပဲ. . . ပြီးမှ ချယ်ရီလေးနဲ့ အလဲအထပ်လုပ်ရမယ်. . ."

လို့ပြောကာ စိတ်ထဲကနေ "ငါ့အတွက်ပေါ့ကွာ. . ." လို့ ထပ်ပြောလိုက်တယ်။ ဒီလိုပဲ ကိုကြွက်ညိုကလည်း "ပြီးရင် ချယ်ရီလေးကို ငါယူလိုက်မှာပေါ့ကွာ. . ." လို့ စိတ်ထဲကနေ ကြိတ် ပြီးကြံတယ်။

နောက်တော့ နှစ်ယောက်စလုံး မှောက်သွားကြတော့ တယ်။





## ၁၀

"ဟိုးတား. . . ဟိုးတား. . . ဟိုးတား. . ."

သစ်ပင်အကွယ်တစ်ခုကနေ ရုတ်တရက်ထွက်လာပြီး တားလိုက်တဲ့ ကိုကြွက်ညိုနဲ့ ကိုကြွက်ဖြူတို့နှစ်ယောက်ကြောင့် ငပြူးက လှည်းကို ရပ်ပေးလိုက်တယ်။

"ဟား. . . ကိုညိုနဲ့ ကိုဖြူ. . . လှည်းကြုံလိုက်မလို့လား တက်လေ. . ."

ငပြူးက ကြွက်နှစ်ကောင်ကို လှည်းကြုံလိုက်မယ် အထင်နဲ့ ခေါ်တယ်။ ဒါပေမယ့် ကြွက်နှစ်ကောင်လုံးက ငပြူးကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင်မထင်ဘူး။ ကြွက်နှစ်ကောင် စလုံးရဲ့အာရုံက လှည်းပေါ်မှာပါလာတဲ့ လူတစ်ယောက်ဆီမှာ သာ စုပြုံကျနေတယ်။

ကြွက်နှစ်ကောင်စလုံးက လှည်းပေါ်မှာပါလာတဲ့သူကို ကြည့်ကာ သူတို့မျက်လုံးကိုတောင် သူတို့မယုံနိုင်လောက်အောင် ဖြစ်နေကြတယ်။ ဖြစ်ချင်လည်း ဖြစ်လောက်စရာပဲလေ။ လှည်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါလာတဲ့ မြို့သားရဲ့ပုံကလည်း သူတို့နှစ်ယောက် လုံးဝကို တွေးထင်မထားတဲ့ ပုံမျိုးကြီးလေ။

ဗိုက်က အများပြောပြောနေကြတဲ့ ဘီယာဗိုက်ဆိုတာမျိုး ရှေ့ဘက်ကို ဆူထွက်နေသလို သွားကလည်း ခေါနေလိုက်တာများ သူ့သွားအဖီအောက်မှာ စစ်ပြေးဒုက္ခသည်ပေါင်း တစ်ရာလောက်တော့ အသာလေး မိုးခိုလို့ရတယ်။ ပြီးတော့ နှာခေါင်း၊ အဲဒီနှာခေါင်းဟာ ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့ မြင်ဖူးသမျှ နှာခေါင်းတွေထဲမှာတော့ တော်တော့်ကို ကြီးပြီးပွနေတဲ့နှာခေါင်းပါ၊ ဟာသသရုပ်ဆောင်ကျော်ထူးနဲ့ ရုပ်ရှင်မင်းသား စိုးသူတို့ရဲ့ နှာခေါင်းတွေကတောင် အဖေခေါ်ရလောက်တဲ့ နှာခေါင်းမျိုး။ ပြီးတော့ နဖူး။ နဖူးကလည်း ပြောင်လိုက်တာမှ မနက်ခင်းအစောနေရောင်နဲ့ထိပြီး အရောင်တွေပြန်နေတာ မျက်စိတောင် ကျိန်းလောက်တယ်။ နောက်ပြီး အသက်ကလည်း လျှော့လျှော့ပေါ့ပေါ့ မှန်းပေးရင်တောင် အနည်းဆုံး လေးဆယ်အောက်ကို မဆင်းဘူး။ မက်စရာဆိုလို့ အသားလေးဖြူနေတာ တစ်ခုသာ။

ကိုကြွက်ဖြူက ခံစားပေးလို့မရတဲ့ ပုံကြီးနဲ့. . .

"ညို. . . ကြည့်စမ်းပါဦးကွ၊ ကြည့်လိုက်စမ်းပါဦး၊ ချယ်ရီလေးယူမယ့်သူက ဒီဟာကြီးတဲ့. . . အောင်မလေး. . ဘုရား. . . ဘုရား. . . ဘုရား. . . ဘယ်လိုမျက်လုံးမျိုးနဲ့များကြည့်ပြီး ဒီလိုဟာကြီးကိုကြိုက်ရတာလဲ ချယ်ရီလေးရယ်. . . ဟင်. . . "

"အေးလေကွာ. . . တစ်ခါမြင်တာနဲ့ တစ်လလောက် ထမင်းစားပျက်မယ့် ရုပ်ကြီးကိုများ. . ."

ကိုကြွက်ညို့စကားကြောင့် လှည်းပေါ်မှာပါလာတဲ့ လူ





ရဲ့မျက်နှာက မအီမလည်ကြီးဖြစ်သွားတယ်။ အဲဒီလူက တစ်ခုခုပြောဖို့ပြင်လိုက်ပေမယ့် ကိုကြွက်ဖြူ့ဆီက စကားထပ်ထွက်လာတော့ အထမမြောက်လိုက်ဘူး။

"အသက်ကလည်း ကြည့်ဦးလေကွာ၊ ဖအေလောက်အရွယ်ကြီး၊ သူကြီးနဲ့တောင် မီးဝင်မီးထွက်လောက်ပဲကွာမှာ. . ."

"အေးလေကွာ. . . သချိုင်းကုန်းကို မျက်စောင်းထိုးနေတဲ့ အရွယ်ကြီးကိုတောင်ကွာ၊ ဒီလူကြီးအလွန်ဆုံးနေရလှ လေးငါးနှစ်ပေါ့၊ အဲဒါပြီးရင် သေဖို့ပဲကျန်တော့တယ်၊ ချယ်ရီ. . . ချယ်ရီ . . . ဒင်းလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ချင်နေတာလား မသိဘူး. . . ဟင်း. . . "

မြို့သားကြီး ငြိမ်မနေနိုင်တော့ဘူး။ ဒါနဲ့ ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့နှစ်ယောက်ကို ဝေ့ဝဲကြည့်လိုက်ကာ. . .

"ကျွန်တော်ပြော"

"မပြောနဲ့. . ."

စကားစရုံ ရှိသေးတယ်။ ကိုကြွက်ညိုက ဖြတ်အော်လိုက်တော့ မြို့သားကြီးဇာတ်ပုသွားတယ်။

"ခင်ဗျားတစ်ခွန်းမှ မပြောနဲ့၊ ခင်ဗျားကို ခင်ဗျာလည်း မှန်နဲ့ ပြန်ကြည့်စမ်းပါဦး၊ ကျုပ်တို့ချယ်ရီလေးနဲ့ ခင်ဗျားနဲ့တန်ရဲ့လား ဆိုတာကို"

"ကျွန်တော်လည်း အဲဒါကိုပဲပြော"

"မပြောနဲ့လို့ ပြောနေတယ်လေ၊ ခင်ဗျားဘာစကားမှ မပြောနဲ့၊ ခင်ဗျားအသံကို မကြားချင်ဘူး၊ ခင်ဗျားရုပ်ကိုမြင်ရတာတောင် တော်တော်လေး ကျက်သရေယုတ်နေပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



မြို့သားကြီးက ခေါင်းရမ်းတယ်။

"မဟုတ်သေးဘူးဗျာ. . . ကျွန်တော်ပြောတာကို နားထောင်ကြပါဦး၊ ကျွန်တော်ပြော"

"မပြောနဲ့လို့ဆိုနေတယ်၊ ခင်ဗျား ပါးစပ်ပိတ်ထားစမ်းပါ၊ အသာတကြည်ပြောနေတုန်းကို ငြိမ်နေလိုက်နော်၊ လက်တွေ မပါချင်ဘူး. . ."

"ဟား. . . ကျွန်တော်ပြော"

"မပြောနဲ့လို့ပြောနေတာမကြားဘူးလား. . ."

ကိုကြွက်ဖြူက ဒေါသတကြီး ဖြတ်အော်ကာ လှည်းပေါ်ကို လှွားခနဲ ခုန်တက်လာတယ်။ ဒီမှာတင်ပဲ ငပြူးကလည်း တစ်ခုခု ဝင်ပြောဖို့ပြင်တယ်။

"ကိုဖြူ. . . ခင်ဗျားတို့မှား"

"ဟေ့ကောင်. . . မင်းလည်းဘာမှမပြောနဲ့၊ မင်းပါ နာချင်လို့လား. . . ငါကျွေးလိုက်လို့သေဦးမယ်. . ."

ကိုကြွက်ညိုက ငပြူးကို လက်နဲ့ နားရင်းဆီရွယ်ကာ ကျိန်းတော့ ငပြူးတစ်ယောက် ကုတ်သွားတယ်။ ဒါပေမယ့် အသံကတော့ ထပ်ထွက်လာသေးတာပါပဲ။

"မဟုတ်ဘူး. . . ကိုညိုရ. . . ကိုညိုတို့မှား"

"ဟေ့ကောင်ငပြူး. . . မင်းက ငါတို့ကို ဆရာလုပ်တာလား၊ ငါတို့လုပ်ရပ်ကို မှားတယ်လို့မင်းက ပြောချင်တာလား၊ ငါတို့က အသည်းကွဲပြီး သွေးဆာနေတာနော်. . .၊ မင်းပါရောပြီး နာချင်လို့လား. . ."

ငပြူးတစ်ယောက်ဘာမှ မပြောရဲတော့ဘူး။ သူ့ပါးစပ်





ကိုသူ လက်တစ်ဖက်နဲ့ပိတ်ကာ ကျန်လက်တစ်ဖက်ကို ဝှေ့ရမ်းခါပြတယ်။ ဆိုလိုတာက ဘာမှမပြောတော့ဘူးဆိုတဲ့သဘော။

ဒီတော့ ကိုကြွက်ဖြူက ငပြူးကို လှည်းအောက်ဘက်မေးငေါ့ပြလိုက်ကာ. . .

"မင်း. . . ဆင်းတော့. . ."

"ဗျာ ! "

ငပြူးပုံစံက ဇဝေဇဝါ။

"မင်းကို ဆင်းတော့လို့ပြောနေတာ. . ."

"မဟုတ်ဘူးလေ. . . ကျုပ်က လှည်းမောင်း"

"မလိုတော့ဘူး. . . မလိုဘူး. . . မင်းဆင်းတော့. . . ပြီးရင် ရွာကိုပြန်၊ ပြန်ရောက်တာနဲ့ သူကြီးအိမ်ကိုသွားပြီး ပြောလိုက် သူကြီးရဲ့သမက် ဒီလူ. . . နာမည်ကဘာ ညို့. . ."

"ရဲရင့်ဘာဆိုလားပဲ. . . တွံ့တေးရဲရင့်လား. . . ရဲရင့်သိန်းတန်ဆိုလားပဲ. . . မသိဘူးကွာ. . ."

ဒီနေရာမှာ မြို့သားကြီးက ဝင်ပြောဖို့ပြင်ပြန်တယ်။ ဒါပေမယ့် ကိုကြွက်ညိုက အပြောမခံဘူး။ လက်ညိုးငေါက်ခနဲ ထိုးလိုက်ရင်း. . .

"မဟနဲ့ ၊ ခင်ဗျားပါးစပ်ကို ပိတ်ထားလို့ ပြောထားတယ်မဟုတ်လား. . . အံသားနာချင်ပြီထင်တယ်. . ."

ဆိုတော့ မြို့သားကြီး ကုပ်သွားပြန်တယ်။ ဒီတော့မှ ကိုကြွက်ဖြူက ငပြူးဘက်ကို ပြန်လှည့်လိုက်ရင်း. . .

"မသိဘူးကွာ၊ ဒီလူကြီးကို ငါတို့ပြန်ပေးဆွဲသွားပြီလို့ သူကြီးကိုပြောလိုက်၊ အပေးအယူကိစ္စကိုတော့ ငါတို့နောက်မှ ပြန်ဆက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်မယ်လို့. . . ကြားလား. . . ငါပြောတာ. . .”

“ဟုတ်. . . ကြား. . . ကြားပါတယ်. . .”

“အေး. . . ကြားရင်သွားတော့. . .”

ငပြူးက မြို့သားကြီးကို သံယောဇဉ်မပြတ်သလို ကြည့်တယ်။ ဒီတော့ ကိုကြွက်ညိုက ငပြူးကို နားရင်းတစ်ချက် အုပ်လိုက်ရင်း. . .

“ဟကောင်. . . သွားတော့လို့ ပြောနေတယ်လေ၊ ငါက ဒီလိုလက်တွေပါမိမှာစိုးလို့ အသာတကြည်ပြောနေတာကို အခုတော့ လက်ပါရပြီ. . . ငါလှည်းပေါ်ကနေ ကန်ချပေးရဦးမလား. . . ပြော. . .”

“ဟား. . . ဆင်းပြီ. . . ဆင်းပြီ. . .”

ဒီတော့မှ ငပြူးက လှည်းပေါ်ကနေဆင်းကာ ရွာထဲဘက်ကို အူယားဖားယားနဲ့ ပြေးသွားတော့တယ်။ ကိုကြွက်ညိုက ကိုကြွက်ဖြူကို တစ်ချက်ကြည့်လိုက်ရင်း. . .

“ဒီလူကြီးကို မပြေးနိုင်အောင် လက်နဲ့ခြေထောက်တွေကို ကြိုးနဲ့တုပ်ကွာ၊ ပါးစပ်ထဲကိုလည်း အဝတ်ထိုးထည့်. . . ဒါမှ မအော်နိုင်မှာ. . .”





ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုတို့က မြို့သားကြီးကို တောထဲက သစ်ပင်တစ်ပင်မှာ ကြိုးနဲ့ပူးချည်ထားကြပြီးတော့ သူတို့နှစ်ယောက်က ထန်းရည်ဝိုင်းဖွဲ့ကာ အောင်ပွဲခံနေကြတယ်။ မြို့သားကြီးက ပါးစပ်ထဲမှာ အဝတ်နဲ့ဆို့ထားခံရတာဆိုတော့ ဝူးဝူးဝါးဝါးနဲ့ အော်တယ်။ ဒါပေမယ့် ကြွက်နှစ်ကောင်ကတော့ ဂရုမစိုက်ဘူး။ အော်ချင်သလောက်အော်ဆိုပြီး ပစ်ထားလိုက်တယ်။

ဒီလိုနဲ့ ညရှစ်နာရီလောက်ရောက်တော့မှ ဘာမှမကျွေးရင်တောင် ရေလေးတော့တိုက်ဦးမှပါလေလို့ သနားစိတ်ဝင်ပြီး ရေတိုက်ဖို့အတွက် ပါးစပ်ထဲမှာ ဆို့ထားတဲ့ အဝတ်ကို ဖယ်ပေးလိုက်တဲ့ အခါမှာတော့ မြို့သားကြီးက အသံကုန်ဟစ်ကာ အော်တော့တယ်။

“ငါက. . . ရဲရင့်မင်းအောင်သူမဟုတ်ဘူးကွ. . .”

မြို့သားကြီးရဲ့ အော်သံအဆုံး ကြွက်နှစ်ကောင်ခင်ဗျာ ထန်းရေမူးနေတာတွေတောင် လန့်ဖျန့်ပြီး ပြေသွားကြတယ်။

“ဘယ်. . . ဘယ်လို. . .”

ကိုကြွက်ဖြူရဲ့ ဇဝေဇဝါအမေးကို မြို့သားကြီးက ဒေါသတကြီးအော်ဖြေတယ်။

“ဟုတ်တယ်. . . ငါ့နာမည် မြင့်လွင်၊ ရဲရင့်မင်းအောင် သူရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပဲ. . . "

"ဗျာ. . . ခင်ဗျားက သူ့ဦးလေး. . . ဟုတ်လား. . . ဟား. . . အဲဒါကို ဘာလို့ အခုမှပြောတာလဲဗျာ့. . . စောစောကတည်းက ပြောပါလား. . . "

"ငါ ပြောမလို့ လုပ်သားပဲကွ၊ မင်းတို့ကမှ အပြောမခံတာ. . . "

"ဟာ. . . ကျုပ်တို့သိထားတာက ဒီနေ့ အဲဒီရဲရင့်ဘာဖြစ်တယ်ဆိုလား၊ အဲဒီကောင်လာမယ်လို့ပဲ သိထားတာကိုးဗျာ့၊ ပြီးတော့ ခင်ဗျားက ငပြူးလှည်းပေါ်မှာ ပါလာတော့ ခင်ဗျားလို့ပဲ ထင်တာပေါ့. . . "

ကြွက်နှစ်ကောင် အမူးတွေပြေပြီး ပျာယာခတ်ကုန်ကြတယ်။ တောင်ပြေးရမလို မြောက်ပြေးရမလိုနဲ့ မျောက်မီးခဲဖင်ခုထိုင်မိထားသလို ဖြစ်ကုန်ကြတယ်။

"ပြောတော့ ဟိုကောင်လာမှာဆို. . . ခင်ဗျားက နောက်နေ့မှ သူ့ညီမနဲ့လာမှာလို့ ကျုပ်တို့သိထားတာပါ။ ဘယ်လိုဖြစ်ပြီးတော့ ခင်ဗျားက အရင်ဆုံး ရောက်လာရတာလဲဗျာ့. . . စိတ်ညစ်လိုက်တာ. . . "

"အစီစဉ်ပြောင်းလိုက်လို့ကွ. . . ငါ့တူ ရဲရင့်က ဒီကိုလာကာနီးမှ အရေးကြီးကိစ္စတစ်ခုပေါ်လာလို့ သူသွားမယ့် မနက်ပိုင်းကားနဲ့ ငါ့ကို အရင်ထည့်ပေးလိုက်တာ၊ သူကတော့ ဒီနေ့ ညနေကားနဲ့မှ သူ့ညီမကို ခေါ်ပြီးလိုက်လာမှာ. . . "

ဦးမြင့်လွင်ရဲ့ စကားအဆုံး ကြွက်နှစ်ကောင် မျက်လုံးပြူးသွားကြတယ်။





"ဟင်. . . ဒါ. . . ဒါဆို. . . အဲဒီကောင်. . . အခု"

"အခုလောက်ဆို သူ့ယောက္ခမလောင်း သူကြီးအိမ်မှာ ရောက်နေလောက်ပြီပေါ့ကွ. . . "

"ဗျာ ! "

"ဗျာ ! "

ကြွက်နှစ်ကောင်စလုံးဆီက ထွက်လာတဲ့ "ဗျာ"သံကြီးက ဝမ်းနည်းပက်လက်ကြီး။



www.burmeseclassic.com

www.burmeseclassic.com







# ၁၁

သူကြီးအိမ်မှာ ထိပ်တုံးစာမိနေတဲ့ ကြွက်နှစ်ကောင်က မလှမ်းမကမ်းက ကွပ်ပျစ်ပေါ်မှာထိုင်ကာ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစားဖတ်နေတဲ့ ရဲရင့်မင်းအောင်သူရဲ့ညီမ နွေးနွေးမင်းအောင်သူဆိုတဲ့ မြို့သူလေးကိုကြည့်ကာ သရေကျနေကြတယ်။

"လှလိုက်တာကွာ. . . ကြွေရုပ်ကလေးကျနေတာပဲ"

ကိုကြွက်ညိုရဲ့ ကတုန်ကယင်သံကြီးနဲ့ ပြောစကားအဆုံး ကိုကြွက်ဖြူကလည်း. . .

"နတ်သမီးလေးတစ်ပါး နတ်သက်မျှားကြွေလာတာလား မသိဘူးကွာ၊ လှချက်က စက်စက်ယိုဆိုတာ ဒါမျိုးကို ပြောတာနေမှာ. . ."

လို့ဆိုတယ်။

အခုတော့ သူတို့နှစ်ယောက်ရဲ့အာရုံက မရနိုင်တာသေချာသွားတဲ့ ချယ်ရီဘိုဆီမှာ မရှိကြတော့ဘူး။ ရနိုင်ဦးမယ်ဆိုရင်လည်း သူတို့နှစ်ယောက်က ချယ်ရီဘိုကိုစိတ်မဝင်စားတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်က ချယ်ရီဘိုထက်လှတဲ့ နွေးနွေးမင်းအောင်သူလေးကို တွေ့သွားကြပြီ။

"ဟေ့ကောင်. . . ဖြူ. . . အဲဒါ ငါ့အတွက်နော်. . ."

"လာမလုပ်နဲ့ ညို. . . လာမလုပ်နဲ့. . . အဲဒါငါ့ပစ္စည်း"

"ဟေ့ကောင်. . . မင်းနည်းနည်းတော့လွန်လာပြီနော်၊ ဘာလို့ ငါကြိုက်တဲ့ကောင်မလေးတိုင်းကို လိုက်လိုက်ပြီး ပြိုင်ကြိုက်နေရတာလဲ. . . ဒီတစ်ခါတော့ မင်းဘေးဖယ်နေကွာ. . ."

"ဘယ်ကလာ. . . မင်းကသာ ငါချိန်သမျှကို လိုက်လိုက်ပြီးတော့ ချိန်နေတာ. . . မင်းလက်ရှောင်နေလိုက်. . ."

"ဟေ့ကောင်. . . မင်း. . . ငါ့ဒေါသကို မဆွနဲ့နော်. . ."

"အဟွန်း. . . မင်းလည်း ငါ့လက်ဆကိုသိပါတယ်. . ."

"မင်း. . . ဘယ်လောက်မိုက်လို့လဲ. . ."

"သိချင်ရင် စမ်းကြည့်လိုက်လေ. . ."

နှစ်ယောက်သားက စကားနိုင်လုရင်းကနေ သတ်ကြပြန်တယ်။ ဒါပေမယ့် နှစ်ယောက်သားက ပူးပူးကပ်ကပ်ရှိနေတာဆိုတော့ ထိုးဖို့ကြိတ်ဖို့အတွက် လက်တွေကို အရှိန်ယူလို့မရဘူး။ ဒီတော့ သူတို့နှစ်ယောက် အတူတူထိပ်တုံးခတ်ခံရတိုင်း လုပ်လေ့ရှိသလိုပဲ တစ်ယောက်ကိုတစ်ယောက် မှီတဲ့နေရာကို ဖမ်းဆွဲဖျစ်ညှစ်ထားလိုက်ကြပြန်တယ်။ (လည်ပင်းတို့. . . ဗိုက်ကြောတို့. . .)





ရဲရင့်မင်းအောင်သူနဲ့ ချယ်ရီဘိုတို့နှစ်ယောက်က ရွာထိပ်ကစေတီမှာ ဘုရားဖူးပြီးတော့ စောင်းတန်းက လှေကားထစ်တွေပေါ်မှာ ဘေးချင်းကပ်ကာ ထိုင်နေကြတယ်။ ရဲရင့်မင်းအောင်သူက တစ်နေ့က သူ့ဦးလေး ပြန်ပေးဆွဲခံရတဲ့ကိစ္စကို ပြန်တွေးမိပြီးပြုံးလိုက်ရင်း. . .

"တစ်နေ့က ကိုယ့်ဦးလေး ကံကောင်းလို့ ဘာမှမဖြစ်တာနော်. . . ပြန်ပေးဆွဲခံရတယ်လည်းကြားရော ကိုယ် တော်တော်ရင်ထိတ်သွားတာ. . ."

လို့ဆိုတော့ ချယ်ရီဘိုက အသံထွက်အောင်ရယ်လိုက်ကာ. . .

"ကိုကြွက်ဖြူနဲ့ ကိုကြွက်ညိုက အဲလိုပဲကိုမင်းရဲ့. . . နည်းနည်းတော့ ဟာသမြောက်တယ်. . . ဘယ်သူမှ မလုပ်တာမှန်သမျှကို သူတို့က လုပ်တတ်တယ်. . . လုပ်လိုက်ရင်လည်း အဲလို တလွဲချည်းပဲ. . ."

လို့ဆိုတယ်။ ဒီတော့ ရဲရင့်မင်းအောင်သူက ချယ်ရီဘို့လက်ကလေးတစ်ဖက်ကို အသာဆုပ်ကိုင်လိုက်ရင်း. . .

"မောင့်ချယ်ရီကလည်း လူတိုင်းလိုချင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လှနေတာကိုးဗျာ. . . "

"ကိုယ့်ကိုကိုယ် သိပြီးသားပါနော်. . . ဗေဒင်ဆရာက လည်း ပြောတယ်. . . ငါ့သမီးရဲ့ကံဇာတာက ဒီနှစ်ထဲမှာ အရမ်းကို စန်းပွင့်နေတယ်တဲ့. . . အဟင်း. . . ပြီးတော့ ဒီနှစ်က ရာသီဥတုလည်း ကောင်းတယ်လေ ကိုမင်းရဲ့. . . ဟဲ. . . ဟဲ. . . "

ချယ်ရီဘို့စကားကြောင့် ရဲရင့်မင်းအောင်သူက မျက်မှောင်ကုတ်လိုက်ကာ. . .

"ဘာဆိုင်လို့လဲ. . . ချယ်ရီရဲ့ အခုပြောနေတာနဲ့ ရာသီဥတုကောင်းတာနဲ့ ဘာဆိုင်လို့လဲ. . . "

လို့မေးတယ်။ ချယ်ရီဘိုက တန်းမဖြေသေးဘူး။ သူမအတွေးနဲ့သူမ တသောသာရယ်နေလိုက်ပြီးမှ. . .

"ဆိုင်တာပေါ့ ကိုမင်းရဲ့၊ ရာသီဥတုကောင်းမွန်ရင် သီးနှံတွေအထွက်နှုန်းတိုးတယ်လေ. . . "

"အင်းလေ. . . အဲဒါဘာဖြစ်လဲ. . . "

"ကြည့်. . . ကိုမင်းဟာလေ. . . အခုထိကို သဘောမပေါက်သေးဘူး. . . ဝေးလိုက်တာလွန်ပါရော၊ ချယ်ရီရဲ့ နှလုံးသားနယ်ပယ်မှာလည်း ရာသီဥတုကောင်းမွန်နေတော့ အချစ်တွေက အထွက်နှုန်းတိုးလာတာပေါ့လို့. . . အဲဒါကိုပြောတာ. . . ကဲ. . . နားလည်ပြီလား. . . "

"သြော်. . . အဲလိုလား. . . "

"ဟုတ်တယ်. . . အဲလိုအဲလို. . . "

ချစ်သူနှစ်ယောက်ရဲ့ ရယ်သံတွေက ဘုရားဝိုင်းပတ်ဝန်းကျင်





မှာ လွင့်ပျံ့သွားတယ်။ ငှက်ကလေးတွေကလည်း သူတို့နှစ်ယောက်ရဲ့ ဇာတ်ဝင်ခန်းအတွက် အချစ်တေးသီချင်းတစ်ပုဒ်ကို သံပြိုင် သီဆိုလို့. . . ။

BURMESE CLASSIC .com

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ. . .
ကြိုးစားလျက်. . .

ရာဇဝင်ကို
**6 : 25 (PM)**
**27-11-2012 (Tuesday)**

gmail-yarzawinko@gmail.com
facebook - ရာဇဝင်ကို



www.burmeseclassic.com